
# စစ်နှင့် ဘုံဝါဒ



ရေးသူ ▼ သခင်လှဖေ
▼ ဦးဘခိုင်

# စစ်နှင့်ဘုံဝါဒ

ရေးသူ

သခင်လှဖေ

နှင့်

ဗိုလ်ဘညိုင်း

မြန်မာပြည်စာတတ်ဖြန့်ချိရေးဌာန၊
၂၅၇—၂၆၁—ဗန်းဆိုးတန်း—ရန်ကုန်မြို့။

ထုတ်ဝေသူ
ဆွေနိုးဥ

မြန်မာပြည်တွင်ပုံနှိပ်သည်။
မြန်မာ့ဗုဒ္ဓရှင်စာပုံနှိပ်တိုက်၊ ဘားလမ်း၊ ရန်ကုန်မြို့။

# ပဥ္စမပိုင်း။

ရေးသူ—သခင်လှဖေ။

# စာရေးသူ၏ အမှာ

တစေသ ဆီက၊ သခင် ကိုယ်တော်မှိုင်း နေ့အိမ်သို့ အစည်းအရုံးကိစ္စတခုနှင့် ပတ်သက်၍ရောက်သွား၏။ဆရာကြီးအား ကိစ္စများကို ပြောဆိုပြီးနောက်၊ ပြန်တို့ရာခွင့်တောင်းသောအခါ၊ ဆရာကြီးက "နေအုံးကွ၊ မင်းနဲ့ ငါ သရက်တော ကျောင်းတိုက်ကိုသွားမီး၊ အိတ်က ရောက်နေတဲ့ ဦးပဍ္ဍိစ္စဆိုတဲ့ ကိုယ်တော် ကလေးကို သွားရှာရအောင်"ဟု အမိန့်ရှိသဖြင့်၊ ဆရာကြီးအား၊ သရက်တော ကျောင်းတိုက်သို့ ပင့်ဆောင် သွားခဲ့၏။

ဦးပဍ္ဍိစ္စ ကိုယ်တော်အားလည်း ကျောင်းတိုက် တ တိုက်တွင် အခန့်သင့်တွေ့ရ၏၊ ဆရာကြီးနှင့် ကျွန်တော် လည်း ဝတ်ဖြည့်ပြီးနေလိုက်ကြ၏။ ထိုအခါ ဦးပဍ္ဍင်းက ထွက်ရပ်ဂိုဏ်းနှင့်ပတ်သက်၍ မကြေနပ်သည့် အချက်များ ကိုမေး၏၊ဆရာကြီးလည်း ဖြေကြား၏၊ ဦးပဍ္ဍင်းမှာ အံ့- တော် ကြေနပ်ပုံရသည်ဟု ထင်ရ၏။ တဖန်-ဦးပဍ္ဍင်းက ကျွန်တော့ဘက်သို့ ရှည့်၍ အခု ဖြစ်နေတဲ့စစ်နဲ့ ပါတ် သက်ပြီး ကျွန်တော့ သဘောကို မေးပြန်၏၊ ကျွန်တော် လည်း အဖြေပေးခဲ့၏။

ဤသို့ တဦးကောင်း နှစ်ဦး ကောင်းအား ပြောဖြစ်ရုံနှင့် ခရီးမရောက်ကြောင်း ကျွန်တော်သိ၏၊ သို့ကြောင့်လည်း၊

အချိန်ရလျှင်၊ ဗမာတိုင်း၊ ဗမာတိုင်း ယခုစစ်အတွင်း၌ ဘယ်သို့သောဘေးတွေ့ရမည်ကို သိရှိအောင်၊ ကြိုးစားပြီး ဖော ဆောင်တဖွဲ့ရေးမည်ဟု ပိုင်းဖြတ်ထား၏။ ပိုင်းဖြတ်ထားသည့်အတိုင်း ယခုစာအုပ်ကို ရေးပါ၏။ စာအုပ်တွင် ပါရှိသည့်အချက်များမှာ-ရုရှားပြည်၊ ဇာဘုရင်လက်အောက်တွင်ရှိစဉ်က- ရေးသားခဲ့သော အချက်များကို မှီး၍ ရေးလိုက်ခြင်းဖြစ်ပါ၏။

မူရင်း စာတန်းတို့၊ ဂျာမန်ဘာသာ၊ ပြင်သစ် ဘာသာများဖြင့် ရိုက်နှိပ်ခဲ့လေသည်။ ၎င်းဖြင့် နော်ဝေဆိုရှယ်ဒီမိုကရက်တစ်လူငယ်များအသင်း၏ သတင်းစာတွင်လည်း၊ နော်ဝေးဘာသာဖြင့် ရိုက်နှိပ်ဖော်ပြလေသည်။

ဂျာမန်ဘာသာဖြင့် ရိုက်နှိပ်သော ၎င်းစာတန်းကို ဂျာမန် အစိုးရ တို့က ပိတ်ပင် ထားသော်လည်း၊ ဘာလင်၊ လိ(ပ)ဇစ်၊ ဘရီမင်နှင့် အခြားမြို့ကြီးများသို့ တိတ်တဆိတ် ခိုးဝှက်သွင်းယူကြပြီး၊ လက်ဝဲဂိုဏ်းသားတို့က တိတ်တိတ်ပုန်း ဝေငှကမ်းလှမ်းခဲ့ရသည်။

ပြင်သစ် ဘာသာဖြင့် ရိုက်နှိပ်သော စာတမ်းများကိုလည်း၊ ပြင်သစ်လက်ဝဲဂိုဏ်းသားတစုတို့ကက ခိုးကြောင်ခိုးဝှက် ကမ်းလှမ်း ခဲ့ရသည်။ ရုရှားဘာသာဖြင့် ရိုက်နှိပ်သော စာတမ်းများကိုလည်း ရုရှားသို့၊ လုံလုံလောက်လောက် မရောက်ရှိသဖြင့်၊ မော်စကိုမြို့ အလုပ်သမား များက၊ နှ ရေးညှပ်ပါ၊ လက်ရေးဖြင့် ကူးယူပြီးလျှင်၊ အလုပ်သမားချင်

ကွက်တိုင်း၊ ဆင်းရဲသား ရပ်ကွက်တိုင်း၊ လယ်သမား၊ ယာသမားရှိသော နေရာတိုင်းသို့ လိုက်လံဝေငှကြဖြန့်သည်။

ဤမျှအရေးကြီးသော စာတမ်းတစောင်ကို နှိုး၍ ရေးလိုက်သော ယခု စာတမ်းမှာလည်း၊ တို့ဗမာ တောသူ တောင်သား၊ လယ်သမား၊ အလုပ်သမား၊ ပခုံးထမ်းကူလီ၊ ဖြတ်ထိုးခေါင်းရွက်၊ နှင်းပြား၊ စသည့်ဆင်းရဲသား အပေါင်းတို့၏လက်တွင်၊ အလဟဿ မဖြစ်စေဘဲ ဗမာ့လွတ်လပ်ရေးတိုက်ပွဲတွင် တနည်းတလမ်းအားဖြင့်၊ အသုံးချနိုင်ပါစေဟူ၍သာ ဆုတောင်းလိုက်ရပါကြောင်း။

သခင်လှဖေ။

၆–၂–၄၀။
ဌာနချုပ်တို့ဗမာအစည်းအရုံး။

# ဘုံဝါဒနှင့် ၁၉၁၄-၁၈- ကမ္ဘာ့စစ်။

ငါတို့သည်၊ စစ်များ ဖြစ်ပေါ်ခြင်းကြောင့် လူအချင်းချင်း၊သတ်ရ၊ဖြတ်ရ၊ တိုက်ရ၊ ခိုက်ရသည်ကို စရိုက်ကြမ်းသည်၊ရိုင်းရိုင်းသည်ဟု ယူဆထားသည့် အလျောက်၊ထိုကဲ့သို့သောစစ်များ ဖြစ်ပေါ်လာလျှင်၊အလွန်စက်ဆုပ်၏၊ အလွန်ရှုန်းတည်း၏၊ သို့သော်- ဓနရှင်များ အတွက်မှာမူ စစ်ကိုလိုလားကြ၏၊စစ်ဖြစ်ပေါ်တိုင်း ၎င်းတို့မြတ်ကြ၏၊ဆင်းရဲသားများသာလျှင် သေစရာရှိက သေရ၏၊ငတ်စရာရှိက ငတ်ရ၏၊သို့ကြောင့်ပင်၊စစ်နှင့် ပတ်သက်သော ငါတို့ဘုံသမားများ၏ သဘောထားမှာ၊ဓနရှင်တို့နှင့်၎င်း၊ အခြားအဖွဲ့အသင်းသီးတို့နှင့်၎င်း၊ မူလအခြေခံကစ၍၊ တောင်နှင့်မြောက်ပမာ ကွာခြားကြပေသည်။

ငါတို့၏အမြင်မှာ၊ လူအချင်းချင်း ဖြစ်ပွားရသော စစ်များကို ရပ်စဲလိုလျှင်၊တိုင်းပြည်တွင်း၌ လူတတန်းစားနှင့် တတန်းစား(ဥပမာ၊အလုပ်သမားနှင့် ဓနရှင်၊ လယ်သမားနှင့်လယ်ပိုင်ရှင်)အတိုက်အခံဖြစ်နေခြင်းများကို ပပျောက်အောင်လုပ်ကာ၊ဘုံဝါဒ(ဝါ)ဆင်းရဲသားလူများ၏ လက်ဝယ် တိုင်းပြည် အုပ်ချုပ်ရေးအာဏာ ရယူမှုတို့ကို ဖန်တည်းနိုင်မှပင်၊ဖြစ်မြောက်နိုင်မည်ဟု ယူဆကြ၏။

ထို့ကြောင့်၊ ကမ္ဘာတွင် လူ့အတန်း အစားများ ပ

ပျောက်သွားရန် နည်းလမ်းကို ရှာရပေမည်။ထိုနည်းလမ်းမှာ-တိုင်းပြည်တွင်း၌၊ ဖိနှိပ်သော သူအား၊ ဖိနှိပ်ခြင်းခံရသောသူများက- တညီတညွတ်တည်း အခွင့်အရေး ရရှိအောင် ဆောင်ရွက်ခြင်း၊ လယ်သမားများက၊ လယ်ပိုင်ရှင်ကြီးများ၏ သွေးစုပ်မှုကို ဖြိုဖျက်ခြင်း၊ အလုပ်သမားများက၊စက်ပိုင်ရှင်၊နေ့ရှင်များ၏ မတရားမှုကိုသုတ်သင်ခြင်းတို့ပင် ဖြစ်သည်။ဤသို့ပေါ် ပြသည့်အတိုင်း၊ ဖိနှိပ်ခံရသူတိုင်းက-ဖိနှိပ်သူအားလုံးကို တော်လှန်ဖြစ်လျှင်၊ တရားသည်ဟု ငါတို့ယူဆ၏။ သို့သော်-လူအတန်းစား ခွဲခြားမှုကို ပယ်ဖျက်ရန် ယခုကား အခါမဟုတ်သေး။

*ရာဇဝင်အဆောင်တောင်ကိုလှန်လှောရှာဖွေကြည့်ကြမည်ဆိုလျှင်၊ စစ်များဖြစ်ကြသဖြင့်၊ ပြည်သူ ပြည်သား အပြောက်အများ သေကြေပျက်စီးခြင်း၊ အဆောက် အဦးများ ပျက်ပြားဆုံးရှုံးခြင်းတို့ကို သတိရှုရမည်ဖြစ်သည်။ သို့သော်-ဤသို့ဖြစ်ပွါးခြင်းကို ကျူးနိုင်တို့အပြင်အားဖြင့်တိုးတက်ပြောင်းလဲမှုဟုယူဆသည်။ အကြောင်း သော်ကား ဆိုးသွမ်းသိမ်ဖျဉ်းသည့်ရှင်ချင်ရေးစနစ်ဟောင်းများ ဖြစ်သော၊ ပဒေသရာဇ်- ဧကရာဇ်- အာဏာရှင် ခေတ်များ ပျောက်ကွယ်သွားပြီးငင်းတို့ထက်သာသောအုပ်ချုပ်ရေးသစ်များ တည်တွင်လာနိုင်ခြင်းကြောင့်ဖြစ်သည်။

---

**..* (အခင်ဗိုးရေး- ဆိုရှယ်လစ် ဝါဒနှင့် ကိုအတိန်းရေး- နေရှင်လော့တစ္စာအုပ်များကို အထောက်အထားပြု၍ဘတ်ကြစေလိုသည်။)**

ဥပမာ-ရာဇဝင်အရ၊ တူရကီပြည်- ရုရှားပြည်များတွင် အာဏာပိုင်အုပ်စိုးခြင်းစနစ်များပျောက်ကွယ် သွားပြီး၊ လူနည်းစုအုပ်စိုးခြင်းခြင်းမှ ဆင်းရဲသားများ အုပ်စိုးခြင်းစနစ်များအဖြစ်သို့ပြောင်းလဲလာရသည်။ ဤကား-အခ အတိုက်အခံလုပ်၍ တိုးတက်လာခြင်းဖြစ်သည်။ ဥပမာ- ကြက်ဥတလုံးကို ကြည့်ပါဦး။ ကြက်ကောင်ကလေး မပေါက်မှီ၊ ကြက်ဥအတွင်း၌ သဘာဝအရ ခေါက်ခြင်း အတိုက်အခံလုပ်နေရ၏။ သို့နှင့် တဖြည်းဖြည်း ရင့်သန်လာရပြီး၊ နောက်ဆုံး ကြက်ဥကွဲ၍ ကြက်ကောင် ပေါက်စ အဖြစ်သို့ရောက်လာရသည်။

အထက်တွင်ဆိုခဲ့သည့်အတိုင်း၊ စစ်နှင့်ပတ်သက်၍ ငါတို့ ဒုံသမားများ၏ အမြင်နှင့်အခြားနိုင်ငံရေးဂိုဏ်း အမျိုးမျိုးတို့၏ အမြင်မှာ တသက်တလမ်း ဆန့်ကျင်နေလေသည်။

စနစ်ကျသောဒုံဝါဒကိုတည်ထွင်ခဲ့သူ ဒုံဝါဒဆရာကြီး ကာလ်မက်စ်ရေးသားခဲ့သည်အတိုင်း၊ လူ့လောက လူတို့နေမှုထိုင်မှု၊ လူ့အတွေးခေါ်တို့မှာ ပြင်ပရုပ်ဝတ္ထု၏ အချင်းချင်း တွန်းကန် ပေါက်ဖွားမှုတို့တွင် အခြေ တည်နေလေသည်။ ဤကား-မပေါက်ဖွားသော လူ့လောက တိုးတက်မှု ခရီးစဉ်တရားပေတည်း။

ဤသဘောတရားအရ- ကမ္ဘာ့ ရာဇဝင်တွင် မှတ်တမ်း တင်ထားကြသော စစ်တို့တွင်၊ လူ့လောကကိုတိုးတက် စေသောစစ်ပွဲများနှင့် လူ့လောကကိုနောက်ပြန်ဆွဲသော

စစ်ပွဲများဟူ၍ ၂-မျိုး ၂-စားတွေ့ရလေသည်။ ဓနရှင်စနစ် မတိုင်မှီပေါ်ပေါက်သောစစ်ပွဲတို့ကား၊ အများအားဖြင့်လူ့ လောကကို တိုးမြှင့်သော စစ်ပွဲများသာ ဖြစ်ကြကုန်၏။ ဥပမာအားဖြင့် အမေရိကတ်ပြည်လွတ်လပ်ရေးသူပုန် စစ်ပွဲ၊ ပြင်သစ်အရေးတော်ပုံစစ်ပွဲများသည်။ လူ့လောကကို ဖိစီးထားသောပဒေသရာဇ်ခေတ်ဟောင်းမှ၊ လူ့ချမ်းသာမှုအတွက်၊ ကုန်လုပ်ကြိယာစွမ်းအားကို ထွန်းကားအောင် လုပ်မည်။ ဓနရှင်စနစ်ခေတ်သစ်သို့ ကူးပြောင်းစေသည့် စစ်ပွဲများကြောင့်၊ လူသဏ္ဌာန်ပါအပေါင်းတို့ သေကြေပျက် ပြုန်းကြသော်လည်း၊ ဂုံ သားများအမြင်အရ၊ မလွှဲ မရှောင်သာ ဆိုက်ရောက်ရမည့်၊ ဤစစ်ပွဲမျိုးကို ကူညီအား ပေးကြလေသည်။ သဘောကျ-ကျေနပ်ကြလေသည်။ လူတွေ သေကြေပျက်စီးကြခြင်းမှာ-မလိုအင်သည့် ဖွဲ့သော်လည်း၊ သားငယ်ကိုမွေးဘွားရသည့်မိခင်မှာ-ပဋိသန္ဓေနေခြင်း၊ နာကျင်ဆင်းရဲမှုဒုက္ခကို မလွှဲမရှောင်သာ ခံယူရ သကဲ့သို့သော မှတ်ယူကြလေသည်။

## တခေတ်မှတခေတ် တော်လှန်ခဲ့ပုံ။

ပြင်သစ် တော်လှန်မှုကြီး ပေါ်ပေါက်ခဲ့သော အခါ၊ ဘာ့ဂျွာရာဇဝင်၌ အခန်းသစ်တခု ပေါ်ပေါက်ခဲ့၏။ ထိုပြင်သစ် တော်လှန်မှုကြီး ပေါ်သည့်အချိန်ကာလ၌ *ပါရစ်ကွန်မြူနီး ပေါ်သည့်အချိန်အထိ၊ ဓနရှင်တို့၏ပြုပြင်ပြောင်းလဲမှု

မှာ တိုးတက်လာလေသည်၊ သက္ကရာဇ်နှင့်တွက်လျှင်ခရစ် သက္ကရာဇ် ၁၇၈၉-မှ ၁၈၇၁-ခုနှစ်အထိပင်ဖြစ်သည်။အဘယ်ကြောင့်ဆိုသော်၊ ထိုနှစ်များအတွင်းဖြစ်ပေါ်ခဲ့သောစစ်များသည်၊ ပဒေသရာဇ်-ကောရာဇ်ခေတ်များကို တော်လှန်ဖြစ်လိုက်သည့်ပြင်၊အချို့ အချို့ သောအမျိုးအခါနိုင်ငံအပမှ ချုပ်ချယ်ခြင်းများကိုပင်၊ တွန်းလှန်ဖြိုဖျက်လိုက်ခြင်းကြောင့်ဖြစ်သည်။ ဤကြောင့်ပင် ငါတို့သည်၊ ထိုဖြစ်ပွားခဲ့သောစစ်များသည်၊တိုးတက်မှုပင်ဖြစ်သည်ဟု ယူဆကြသည်၊ထိုခေတ်မျိုးများပေါ်ပေါက်ခဲ့သောအခါက၊ ဒုံသမားတို့၏ ဝတ္တရားမှာ၊ ပဒေသရာဇ်- ကောရာဇ် ခေတ်များနှင့် ဖိနှိပ်ခြင်းရန်များကို ပုန်ကန်လိုက်သော ဓနရှင်တို့အား-ထောက်ခံရန်ပင်ဖြစ်သည်။

ထိုစဉ်အခါက-ဖြစ်ပွားခဲ့သော ပြင်သစ်တို့၏တော်လှန်မှုများမှာ- ပဌမက နယ်ချဲ့ရန် ရည်ရွယ် သော်လည်း ဥရောပ တတိုက်လုံးတွင် တည်ရှိနေသော ပဒေသရာဇ်အုပ်ချုပ်ခြင်းစနစ်၊ ကောရာဇ် အုပ်ချုပ်ရေးစနစ်များကို ဖြိုဖျက်နိုင်စွမ်းသော ခရီးပေါက်ခဲ့လေသည်။

---

* ပါရစ်ကွန်မြူနီခေါ် ပြင်သစ် အလုပ်သမား တော်လှန်မှုကြီးမှာ ၁၈၇၁—ခုနှစ်တွင် ပေါ်ပေါက်ခဲ့လေသည်။ ကမ္ဘာ့ရာဇဝင်တွင် အလုပ်သမားက ဓနရှင်ကို ပထမအကြိမ် တော်လှန်ခြင်းဖြစ်သည်။ ၂-လကြာမျှ ပြင်သစ်ပြည် မြို့တော်ကြီးကို စီးနိုင်ခဲ့လေသည်။ သို့သော်—အလုပ်သမားများ၏ စီမံမှု-ချို့ယွင်းချက်ကြောင့်၊ နောက်ဆုံး အရေးတော်ပုံ

## စစ် ၂–မျိုး

သက္ကရာဇ် ၁၇၈၉-ခုနှစ် မှ ၁၈၇၁-ခုနှစ် အတွင်း ဖြစ်ပေါ်ခဲ့သော ရာဇဝင်အခန်းများကို၊ တဖန်လှန်လှော ပတ်ရှုကြည့်လျှင်၊ တော်လှန်ပြောင်းလဲမှုကြီးအတွက် မျိုးစေ့များ ချခဲ့သည်ကိုတွေ့ရမည်ဖြစ်သည်။ ပဒေသရာဇ်-ဘော ရေ့ဇ် ခေတ်များနှင့် ဖိနှိပ်ချုပ်ချယ်ခြင်းများကို တော်လှန် ခြင်းမပြုသေးဘဲ၊ ဆင်းရဲသားမင်း-ဆင်းရဲသားချုပ် ခေတ် ဝါ-ဘုံ*နိုင်ငံအဖြစ်သို့ ရောက်နိုင်မည် မဟုတ်ပေ။ ယခု

---

*ရှုံးကားအလုပ်သမားများမှာလည်း ဓနရှင်များ၏ ရက်စက်ကြမ်းကြုပ် မှု သတ်ဖြတ်ညှဉ်းဆဲမှုကို ခံကြရလေသည်။ ပါရစ်ကွန်မြူန်း ပျက်ပြား သွားသည်နှင့် ပတ်သက်၍၊ ကားလ်မက်စ်သည် အချက် ၃-ချက်လို သင်္ခန်းစာအဖြစ် မှတ်တမ်းတင်ခဲ့လေသည်။ ပါရစ်ကွန်မြူန်း ပျက်စီး ရခြင်း၏ အကြောင်း၊ ၃–ချက်ကား၊ (၁) ဓနရှင်တို့၏ အသက် သွေးခဲ ဖြစ်သော ပြင်သစ် ဘဏ်တိုက်ကြီးကို မသိမ်းဘဲထားခြင်း၊ (၂) ဓနရှင် တို့၏ကြမ်းကြုတ်မှု လက်နက်ဖြစ်သော ဂီလိုတင်း (Guillotine) ကို ရက်ဖြစ်ပါ၊ ဓနရှင်တို့ကို မသုတ်သင်ဘဲထားခြင်း၊ (၃) အရေးတော် ပုံကြီးကို ပြင်သစ်ပြည် တနိုင်ငံလုံး ပြန့်ပွားအောင် မလုပ်ဘဲပါရစ်မြို့တော်ကို စီးနိုင်ရုံမျှနှင့် နေခြင်းတို့ဖြစ်လေသည်။ ဘုံ*ဝါဒ၏ အခြေခံ အုတ်မြစ်ဖြစ် သော အလုပ်သမား လူတန်းစား များ၏ အာဏာရှင် စနစ် သဘော (Theory of the Diotatorship the Prolitariat) ကို ပါရစ်ကွန်မြူန်း အပြီးတွင်မှ၊ စနစ်တကျ တင်ပြနိုင်ခဲ့လေသည်။ သို့ကြောင့်- ပါရစ်ကွန်မြူန်းသည်ကား—လူ့လောက—တိုးတက်မှု ခရီး စဉ်တွင် အရေးပါထင်ရှားပေါ်လွင်သော မှတ်တိုင်ကြီး ဖြစ်လေတော့သည်။

ဘောင်ကား-တခေတ်မှတခေတ်သို့ ကူးပြောင်းတော်လှန် ခဲ့ပြီးပြီဖြစ်၍၊ ဒုံနိုင်ငံတည်ဆောင်ရန်မျိုးစေ့မှာ၊ ရင့်သန်သင့်သလောက် ရင့်ရှိလာပြီဟု ယူဆရပေသည်။

ဖြစ်ပျက်တတ်သော ရာဇဝင် သဘော တရား အရ၊ တခေတ်မှတခေတ်သို့ ပြောင်းရန် ပေါ်ပေါက်လာသော တော်လှန်မှုများမှာ မတရားဖိနှိပ်သော ကျွန်ပိုင် ကျေးရိုင် ခေတ်များကို ဖြိုဖျက်ပြီးတရားသော အခွင့်အရေး ကာကွယ်ခြင်းကြောင့်၊ ထိုအချိန်အခါက ဖြစ်သော စစ်များမှာ တရားသည်၊ ခုခံရေးအတွက်ဖြစ်သည်ဟု ယူဆထားပေသည်။

ထဖန်-ကြီးနိုင်-ငယ်ညှင်းဆဲ ဆိုသည့် စနစ်ဆိုး-စနစ်ပုတ်များကို ခံရသောနိုင်ငံက၊ ဖိနှိပ်သောနိုင်ငံ၏ လက်အောက်မှ ရုန်းထွက် ခြင်းသည် တရားခြင်း ဖြစ်သည်၊ ခေတ်ပြောင်း တော်လှန်ရေး ရာဇဝင်အရ တိုးတက်ခြင်း ဖြစ်သည်ဟု ရှေးကလည်းယူဆခဲ့သည်၊ ယခုလည်း ယူဆထားသည်၊ နောင်လည်း ယူဆကြမည်ဖြစ်သည်။

ဥပမာ-အဘီစီးနီးယားပြည်သည်၊ အီတလီလက်အောက်က လွတ်မြောက်ရန်အားထုတ်မည်၊ ချက်ပြည်ကလေးက ဂျာမဏီ လက်အောက်က ရုန်းထွက်မည်၊ တရုတ်တို့က-ဂျပန်တို့အား-ပြုတ်ပြုတ်ပြုံးအောင် တွန်းလှန် တိုက်လိုက်မည်၊ အိန္ဒိယပြည်နှင့်ဗမာပြည်က-လွတ်လပ်ရေးအတွက် ကြိုးပမ်းမည်ဆိုလျှင်၊ မိမိတို့နိုင်ငံကို မိမိတို့ကာကွယ်ခြင်း

ဖြစ်သောကြောင့်၊ တရားဆုံးသော လုပ်ငန်းဖြစ်သည်ဟု ယူဆပေသည်။

သို့ကြောင့်ပင် ငါတို့သည်၊ ဖိနှိပ်ညှင်းဆဲခြင်းခံရသော သူများအရေး-မလွတ်လပ်သေးသော နိုင်ငံများ၏ အရေး မလွတ်လပ်သေးသောနိုင်ငံများ၏ အရေးအောင် မြင်ရန် အဝရှုးလိုလားခဲ့လေသည်။

ဥပမာ-ကျွန်ပိုင်တယောက်သည်၊ ၎င်းပိုင်ကျွန်ပေါင်း ၁၀၀-ရှိသည်၊ သို့သူသည် ကျွန် ၂၀၀-ရှိသော သူအား နိုင်သော နည်းဖြင့် ကျွန်များကို လုယူသည်၊ ထိုသို့ ယူပြီးနောက်-ငါ့အား ကာကွယ်ရန် လုပါသည်ဟု ဆိုလာသောအခါ၊ ၎င်းသူ၏စကားမှာ- တရားသော စကား မဟုတ်၊ ဆင်ခြေစကားမျှသာဖြစ်သည်၊ ထိုနည်းတူစွာ ယခုအခါတွင် နိုင်ငံ ကာကွယ်ရေးအတွက် တိုက်ရပါသည်၊ နိုင်ငံကလေးများ၏ လွတ်လပ်ရေးအတွက်၊ ကာကွယ်ရန် တိုက်ရပါသည်ဟု ခေရှင်နိုင်ငံများက ကြွေးကြော်နေကြ ခြင်းကား၊ မန်းကြွားသော တိုင်းရင်းသားများနှင့် ကျွန် နိုင်ငံ များအား၊ သက်သက် နားလှည့်ခြင်းပင် ဖြစ်လေသည်။

## ယခုစစ်။

အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံတို့က ဂျာမဏီနှင့် စစ်ဖြစ်ရခြင်းမှာ၊ နိုင်ငံကလေးများ၏ လွတ်လပ်ခွင့်ကို ကာကွယ်

ရန်နှင့်၊ ဒိမိုကရေစီအုပ်ချုပ်ရေးစနစ်(လူများစုအုပ်စိုးခြင်း) ကို ကာကွယ်ရန်ဟု ပြောဆိုသော်လည်း၊ လက်အောက်ခံ နိုင်ငံများကို လွတ်လပ်ခွင့်ပေးခြင်း မရှိချေ။

သို့သော်-ယာချဖြစ်ပွါးသော စစ်မျိုးနှင့်ပတ်သက်၍၊ အချို့နေရာ၌ အချင်းချင်းသဘောကွဲလွဲဘွယ်အချက်များ တွေ့ရပြန်သည်၊ အချို့က-နယ်ချဲ့စစ်သည် တိုင်းပြည်တွင်းရှိ အမျိုးသားများ စီးပွါးရေး-သက်သာချောင်ချိရေး အတွက်-နေရှင်များက-ဆောင်ရွက်ခြင်း ဖြစ်သည်ဟု ဆိုကြသည်၊ အမှန်မှာ-တိုင်းရင်းသား လူများစု မချမ်းသာဘဲ၊ လက်တဆုပ်လောက်သော လူနည်းစုကလေး၊ ချမ်းသာသောစနစ်များသာဖြစ်သည်။

နေရှင်စနစ် တဖြည်းဖြည်း တိုးတက်သွားသောအခါ၊ နယ်ချဲ့ရသော အခြေသို့ ဆိုက်ရောက် သွားရသည်။ သို့ကြောင့်ပင်တော့ သမားများက-နယ်ချဲ့စနစ်မှာ၊ နေရှင်စနစ်၏ အသွင်တမျိုးဟု ဆိုကြလေသည်။

နယ်ချဲ့စနစ်သည် ကမ္ဘာပေါ်သို့ ပေါက်ဖွါးလာသော အချိန်မှာသက္ကရာဇ် ၁၉၀၀-မှစ၍ဖြစ်သည်။ နေရှင်စနစ်ဆိုးကြောင့်၊ စက်မှုလုပ်ငန်း၊ လက်မှုလုပ်ငန်း ဟူသမျှတို့မှာ၊ ကုမ္ပဏီကြီးများ၊ ဘဏ်တိုက်ကြီးများ၊ သမဝါယမ လုပ်ငန်းကြီးများလက်တွင်းသို့ ပြောင်းဆင်းလာကြပြီး၊ ရှိသမျှသော ငွေကြေးများစွာ တို့လည်း၊ ၎င်းလုပ်ငန်းပိုင်ရှင် လူနည်းစုလက်တွင်းသို့ တိုးဝင်လာရလေသည်။ ထို့မှတဆင့် နေရှင်စနစ် ရင့်သန်လာသောအခါ၊ ကမ္ဘာ့မြေပုံပေါ်

ထွင်-ဟုဆိုနိုင်ငံက နေရှင်နှင့် ဗြိနိုင်ငံကနေရှင်တို့သည် စီးပွါး
ရေးဝေရစ္ခဲ့သူလာကြသည်။ ထိုအခါ နိုင်ငံကြီး အခြင်းခြင်း
စီးပွါးရေး အဆက်အသွယ်များလည်း၊ ဖန်တည်းလာကြ
လေသည်။ ထိုထက်တဆင့် ရင့်သန်လာသောအခါ၊ လွှတ်
လပ်စွာ ရောင်းဝယ်ခြင်းစနစ်များကို ဖြိုဖျက်ပြစ်ပြီး၊ ငွေ
ရင်းကုဋေပေါင်းမြောက်မြားစွာမြှုပ်၍ လက်ဝါးကြီးအုပ်
သည့်ရောင်းဝယ်ရေးစနစ်များ တည်ထွင် လာလေသည်။
ထိုအခါ နယ်လည်းချဲ့လာရသေသည်။ နယ်ချဲ့ပြီးနောက်-
ရင်းတို့၏ စီးပွါးရေးခိုင်မြဲရန်အတွက်၊ ကိုလိုနီ နိုင်ငံများ
တွင် အုပ်ချုပ်ရေးများ တည်ထွင်ပေးလာရသည်။ ၎င်းအုပ်
ချုပ်ရေးများ အရ-ကျွန်နိုင်ငံရှိ ကျွန်များမှာ၊ ကျွန်စိတ်
သည့် သရောင်စေ ထက်ပင် ပြောင်တက်အောင် နှံ့ပြာချ
ကြသည်။ ထို့ကြောင့်ပင်-နေရှင်ခေတ်မှာ၊ ပဒေသရာဇ်၊
ကောရာဇ်ခေတ်တို့ကို တော်လှန် ဖုန်ကန်ခဲ့သော်လည်း၊ နေ
ရှင်ခေတ်၏ နောက်ဆုံးခေတ်ဖြစ်သော နယ်ချဲ့သောခေတ်
၌မှာမူ၊ နိုင်ငံကလေးများနှင့် ဆင်းရဲသားများကို၊ အဖိနှိပ်
ဆုံးသော ခေတ်ဖြစ်လာလေသည်။ အပေ့မ၍၊ နေရှင်
ခေတ်မှာ၊ တိုးတက်သည့်ခေတ်၊ မြှမြင့် ပြောင်းလဲသည့်
ခေတ်ဖြစ်သောကာမူ၊ ယခုအခါနောင်ရာဇဝင်သဘော အရ
ပြောင်းလဲလာမည့် တိုးတက်မှုကို၊ အထူး ချုပ်ချယ်နေ
သော နေရှင်စနစ်ဆိုးကြီး ဖြစ်လာလေသည်။

သို့သော်-ကမ္ဘာ တခွင်လုံးကို ခြုံ၍ကြည့်မည်ဆိုလျှင်၊
နယ်ချဲ့စနစ်မှာ၊နောင်ခေတ်သို့ ကူးနိုင်ရန်၊ တံတားသဖွယ်

ဖြစ်နေတော့သဖြင့်၊ ဘုံခေတ်သို့ ရောက်ရန် အချိန်ရိုင်းမျှ သာလို၍နေပေတော့သည်။ ထို့ကြောင့်-ဘုံခေတ်သို့ မြန်မြန် မရောက်နိုင်ရန်၊ ဓနရှင်စနစ်၏ သာယာမှုကို၊ ဓနရှင်များ ကာဖံ့တည်းရပေမည်။ ဖံ့တည်းရန် လမ်းမှာလည်း၊ ကျွန် နိုင်ငံ ရှာခြင်း၊ နိုင်ငံကြီးအချင်းချင်း စစ်ပွဲလုပ်ခြင်း၊ ကျွန် နိုင်ငံများနှင့် ဆင်းရဲသားတို့ကို ဖိနှိပ်ခြင်းစသည့် လုပ်ငန်း များသာလျှင် ရှိပေတော့သည်။

ခရစ် သက္ကရာဇ် ၁၇၈၉-ခုမှ ၁၈၇၁-ခု ကြားတွင် လူအပေါင်းတို့သည် ချုပ်ချယ်ခြင်းကိုဖျက်နှုတ်မှု၍၊ ရင်ဆိုင် တိုက်ခိုက်ခဲ့ကြသော်လည်း၊ ၁၈၇၆-ခုနှစ်မှစ၍၊ တဖြည်း ဖြည်းဓနရှင်စနစ် ဖွံ့ဖြိုးလာလေသည်။ ထို့နောက်၊ ၎င်း တို့၏ အုပ်ချုပ်ရေးအာဏာ ပျက်ပြားသွားမည်စိုး၍၊ ဓနရှင် တို့၏ရန်သူ-ဆင်းရဲသား လူထုကြီးအား၊ တိုက်ရိုက်တမျိုး၊ သွယ်ဝိုက်၍တမျိုး၊ ဖိနှိပ်လာလေသည်။

၁၈၇၆-ခုနှစ်မှစ၍၊ ၁၉၁၄-ခုနှစ် အတွင်းတွင်၊ အင်္ဂလန်,ရုရှား,ပြင်သစ်, ဂျာမဏီ, ဂျပန်, အမေရိကံ စသော နိုင်ငံကြီး ၆-နိုင်ငံတို့သည်၊ စတုရန်း ကီလိုမီတာ ပေါင်း ၂၅,၀၀၀,၀၀၀-ကို တိုက်ရိုက်သိမ်းပိုက်သွားလေသည်။ ထိုအကျယ်အဝန်းမှာ ဥရောပတိုက်ကြီးနှင့် နှိုင်းစာကြည့် လျှင်၊ ၎င်း၏ ၂-ဆခွဲမျှရှိလေသည်၊ ၎င်းပြင်-လူဦးရေ သန်း ပေါင်း ၅၂၀-ကျော်မှာလည်း၊ ထိုနိုင်ငံကြီးတို့၏ကျေးဘော် မျိုး ကျွန်တော်မျိုး ဖြစ်သွားရှာသည်။ တဖန်-သခင်လူမျိုး လူဦးရေနှင့် ကျွန်လူမျိုး လူဦးရေ တို့ကို နှိုင်းယှဉ်ကြည့်

မည်ဆိုလျှင်၊ သခင်လူမျိုး ၄-ယောက်လျှင်၊ ကျွန်လူမျိုး ၆ ယောက် ဖြစ်နေသည်ကို တွေ့ရကြသည်။

ရှေးက- ကျွန်နိုင်ငံများ သိမ်းယူသော အခါ၌၊ ဓား, လှံ, သေနပ်, အမြောက်, ဗိန်ပြောင်း အမျိုးမျိုးနှင့် ဖိနှိပ်တိုက်ခိုက်ပြီးမှ သိမ်းပိုက် နိုင်သည်ကို ရာဇဝင်အသိ ဖြစ်ပေသည်။ သို့ကြောင့်၊ နိုင်ငံတရားဝင်သိမ်းပိုက်ခြင်း ခံရသည်ဆိုလျှင်၊ ၎င်းနိုင်ငံမည်မျှ နစ်နာဆုံးရှုံးသည်ကို နှိုင်းချိန်နိုင်ပေမည်။ လွန်ခဲ့သော ဝေရလု၌ ကမ္ဘာစစ်ကြီးအတွင်းကမူ-လူဦးရေ သန်းပေါင်း ၂၀-ကျော်မျှ သေကြေပျက်စီး ကုန်ကြပြီး၊ ၁၂-သန်းကျော်မှာ-ကိုယ်လက်အင်္ဂါ ချို့တဲ့သွားလောက်အောင် ဒဏ်ရာများ ရရှိခဲ့ကြပေသည်။ ထို့နောက် ကျွန်နိုင်ငံများမှာ-သတ်ရိုက်ခံရသကဲ့သို့၊ တဖြည်းဖြည်း တစတစ နှိပ်စက် လာကြပြန်သည်။ နစ်နာပုံကား-၎င်းတို့ နိုင်ငံတွင်းသို့ နိုင်ငံခြားသား ဓနရှင်များ ဝင်ရောက် လာပြီး၊ မြေပေါ်ထွက်ပစ္စည်း၊ မြေတွင်းထွက် ပစ္စည်းများကို ထုတ်ယူကြလေသည်။ တိုင်းရင်းသား ကျွန်လူမျိုး တို့ကား- အခွန်အထုတ် အမျိုးမျိုးပေးရပြီး၊ မိမိတို့နိုင်ငံပိုင် ပစ္စည်းများကို ဈေးနှုန်းကြီးကြီးနှင့် ပေးဝယ် သုံးစွဲရလေသည်။

တဖန်လည်း စစ်ဖြစ်ခြင်း၏ အကြောင်းရင်း များကို စေ့စေ့ ကြည့်မည်ဆိုလျှင်၊ အောက်ပါ အချက်များကို တွေ့ရပေလိမ့်မည်။

(၁) ၎င်းတို့၏ ဓနရှင်နှစ် အုပ်ချုပ်ရေး နှင့်မြေရေး ကာကွယ်ခြင်း။

(၂) လက်အောက်နိုင်ငံများမှ ၎င်းတို့၏အကျိုးစီးပွါး ပိုမို ရရှိရေး။
(၃) ခေါင်းပုံဖြတ် ဓနရှင်စနစ် တည်တန့်ရေး။
(၄) ဆင်းရဲသားအချင်းချင်း ရန်တိုက်ပေးရေး။
(၅) စစ်ကြောင့် အမြတ်အစွန်း ပိုမို ရရှိရေး တို့ပင် ဖြစ်သည်။

အထက်ပါ စနစ်ဆိုးများကြောင့်၊ ဆင်းရဲသားလူများရ တို့မှာ လူနည်းစု လက်အောက်တွင်၊ ပြားပြားဝပ် ဖြစ်ပြီး၊ အချင်းချင်းမညီညွတ်မှုတွေ ဖြစ်ပေါ်လာရသည်။ ဆိုသော်- ကြာလေလေ၊ ဓနရှင်စနစ်ဆိုးပုံမှာ ထွားထွားကြီး ပေါ် လာလေလေ ဖြစ်လာလေရာ၊ ယခုအခါ ဖိနှိပ်ညှင်းဆဲခံရ သော ဆင်းရဲသား အပေါင်းတို့သည်၊ ယင်းစနစ်ဆိုးကြီးကို တွန်းလှန်ရန် အားထုတ် လာကြလေသည်။ အလွတ်လပ် ဆုံးဆိုင်သော ဒီမိုကရေစီနိုင်ငံများ၌၊ ဓနရှင်စနစ်ကို ဖြိုဖျက် ရန် ကြိုးစားနေကြ လေသည်။

\+ \+ \+ \+ \+

## ဓနရှင်စနစ်၏ဘွားဘက်တော်

"စစ်" ဆိုသည့်စကားအနက်အဓိပ္ပါယ် နားလည်နိုင်ရန် ဘုံဝါဒသမားတိုင်း စစ်သည် ဓနရှင်စနစ်၏ ဘွားဘက် တော် ဖြစ်သည်ဟူသော ဆောင်ပုဒ်ကို၊ မူလအခြေခံအ ဖြစ်ဖြင့် နားလည် ထားကြရန်သည်။ မတ်(စ်)နှင့် အိမ်း

ဂျဲ(လ်)စသော ဆင်းရဲသားခေါင်းဆောင်ကြီးတို့လည်း၊
၎င်းဆောင်ပုဒ်ကိုအခြေပြု၍ စစ်များအကြောင်းကို ရေး
သားကြလေသည်။ထို့ကြောင့်-ယခုစစ်မှာလည်း နေ့ရှင်
နှစ်အရ၊ တိုက်ခိုက်နေသောစစ်ပွဲဖြစ်လေသည်။ သို့ဖြစ်
လေရာ၊ ၎င်းတို့ဟစ်အော်-ကြွေးကြော်နေသော နိုင်ငံက
လေး တို့၏ လွတ်လပ်ရေးနှင့် ကာကွယ်ရေး ဆိုသော
စကားများများမှာ၊၎င်းတို့ သုံးရိုးသုံးစဉ်စကားမျှသာ ဖြစ်
လေသည်၊ ငါတို့သည် ၎င်းတို့ထံမှ တစုံတရာမြော်လင့်
ရရန်မရှိ၊ နိုင်ငံကလေးတို့၏လွတ်လပ်ရေးမှာ၊ နိုင်ငံကြီး
တို့၏လက်ထဲ၌မရှိ၊နိုင်ငံကလေးတို့၏ ညွှာရင်လိုညွှာရင်ခံ
အလုပ်သာဖြစ်လေသည်။

## ဘဲလ်ဂျီယံပြည်နမူနာ။

“၁၉၁၄-ခုနှစ် ကမ္ဘာစစ်ကြီးအတွင်း၌၊ မဟာမိတ်
တိုင်းပြည်တို့က-ဂျာမဏီပြည်သည်၊ ဘဲ(လ်)ဂျီယံ ပြည်
ကလေး၏ ကြားနေရေးကို ဖျက်ဆီးပြစ်သည်ဟု ကြွေး
ကြော်ခဲ့ကြလေသည်။ ယင်းသို့ဖျက်ဆီးဖြစ်ခြင်းမှာအဆန်း
မဟုတ်ပေ၊ စစ်တိုက်ခိုက်လျက်ရှိသော နိုင်ငံများသည်၊
၎င်းတို့ အကျိုးအတွက်၊ မည်သည့် ဝန်ခံချက်-မည်သည့်
ကတိစာချုပ်ကိုမဆို-သောက်ဖျက် ဖြစ်လေသည်။

အကယ်၍ ယုံချင် အခါက- မဟာမိတ် နိုင်ငံတို့က
“ဘဲ(လ်)ဂျီယံပြည်ကလေး၏ လွတ်လပ်ရေးကို မထိရ၊

နိုင်ငံကြီးအချင်းချင်းငြိမ်းချမ်းရေးချုပ်ဆိုထားသည့်စာချုပ်
ကိုလည်း အားလုံးမှိုသောရမည်။ မရှိသောလျှင် တို့တသွေ
က အားလုံးပိုင်းတိုက်မည်” ဆိုပြီး ဂျာမဏီအား-မဟာ
မိတ်နိုင်ငံများက စစ်ကြေငြာတိုက်ခိုက်ခဲ့ခြင်းမျိုး မဟုတ်။
မဟာမိတ်တို့ တိုက်ခိုက်ခဲ့ခြင်းမှာ၊ ဘဲ(လ်)ဂျီယံပြည်က
လေးအတွက်မဟုတ်ဘဲ၊ ဂျာမဏီပိုင် ကိုလိုနီနိုင်ငံများနှင့်
ဂျူရက်ပြည်ကို သိမ်းပိုက်လိုခြင်းကြောင့် ဖြစ်သည်။ ဗြင်
သစ်ပြည်ကလည်း၊ (အဲလ်ဆေးနှင့် လိုရိန်း) ကို ရလိုခြင်း
ကြောင့် ဖြစ်သည်။

ယခုဖြစ်ပွားနေသောစစ် ၌လည်း အင်္ဂလန်-ဗြင်သစ်
တို့က၊ ဘဲလ်ဂျီယံပြည်ကလေးအတွက် အော်ခဲ့သလို၊ ပို
လန်ပြည်ကလေးကို အကြောင်းပြု၍ အော်နေပြန်၏။ တိုင်း
ငယ်-ပြည်ငယ်တို့၏ လွတ်လပ်ရေးအတွက်၊ ဒီမိုကရေစီ
အတွက်ဟု ဟစ်အော်နေသော စကားများ၏ အဓိပ္ပါယ်
မရှိခြင်းကို လွတ်လပ်ရေးမရသော အိန္ဒိယပြည်နှင့် မြန်မာ
ပြည်က-ရိပ်မိ၍သိရှိနေကြပေ၏။

## ဇာဘုရင် ရုရှား-ဘာအတွက်တိုက်ခဲ့သလဲ။

ပါးရှား-မန်ချူးရီးယား-မောင်ဂိုလီးယားစသော နယ်
များနှင့် ပါတ်သက်၍၊ ဇာဘုရင်တို့၏ ဝါဒမှာ- နေရှင်
နယ်လျှံ ဝါဒ ဖြစ်မှန်း ရိပ်မိထင်ရှား လာလေသည်။ ရုရှား
မှာတော့ လူများစုများ- ဟိုစဉ်အခါက၊ ဘယ်

နိုင်ငံမှ အညှဉ်းဆဲမခံရ။ အာဘုရင်၏ ရုရှားအင်ပါယာတွင် လူဦးရေသန်းပေါင်း ၁၇၀-ရှိ၏။ ထိုအထဲမှ သန်းပေါင်း ၁၀၀-ကျော်မှာ၊ အခွင့်အရေး လုံးဝမရှိဘဲ၊ မိန့်ညှဉ်းဆဲခြင်းကိုသာ ခံနေရလေသည်။

အာဘုရင်တို့သည် ဂျာမီရှားနယ်ကိုသိမ်းပိုက်ရန် တိုက်ခိုက်သည့်ပြင်၊ ယူကရိန်းလူမျိုးလူမျိုးတို့၏ လွတ်လပ်မှုဆုံးရှုံးရန်လည်း တိုက်ခိုက်ယှဉ်မှုမကား၊ အာမေးနီးယားပြည် ကွန်ပတောင်တီနိုပွန်(လ်)နယ်တို့ပါ တိုက်ခိုက်လေသည် ယင်းသို့တိုက်ခိုက်ခြင်းမှာ၊ ၎င်းတို့၏တိုင်းသူပြည်သားများ မကြေမနပ်ဖြစ်နေခြင်းကို လမ်းလွှဲပေးလိုခြင်းကြောင့် တကြောင်း၊ တစတစ တိုးတက်လျက်ရှိသော တော်လှန်ပုန်ကန်မှုကြီးကို ဖိနှိပ်လို၍ တကြောင်းကြောင့်ဖြစ်သည်။ ထိုသို့တိုက်ခိုက်ခြင်းအတွက်၊ ၎င်းတို့လက်အောက်တွင် ကျွန်နိုင်ငံများတိုးတက်လာပြီး၊ ၎င်းတို့၏ ဖိနှိပ်သောပက်ယ တိုင်းသားများရိုရိုင်ခိုမြဲလာသည်။ ထိုအခါ ဆင်းရဲသားတို့၏ တကွဲ လွတ်လပ်ရေးသုပ်ငန်းတိုလည်း၊ မြို့ပျက်ဖြစ်ရာရောက်လေသည်။ ထို့အပြင် တိုင်းပြည်၏မနိုင်လုံသောဝီးပွါးရေးစနစ်မှာလည်း ခေတ္တ ယာယီ ခိုင်မာ လာရသည်။ သို့ကြောင့်ပင်-ဟိုစဉ်အခါက-ရုရှားတိုက်ခိုက်ခဲ့သော စစ်မှာ ရုရှားဆင်းရဲသားတို့၏ လွတ်လပ်မှုကို ချုပ်ချယ်ရန်ဖြစ်ခဲ့သည်။ သို့သော်-ယခုရုရှားတို့က၊ ဝိုလန်တပိုင်းကို သိမ်းခြင်း၊ ဖင်လန်တွင် ဆင်းရဲသားတို့အား-ကူညီ အားပေး တိုက်ခိုက်နေခြင်းတို့မှာ၊ ခနုရှင်နိုင်ငံတို့၏ဝေးရန်မှ ရုရှား

ဆင်းရဲသားနိုင်ငံကြီးကင်းဝေးပြီးလျှင်၊ ကမ္ဘာတခွင်တွင် မတရားမှုများပပျောက်ပြီး၊ တရားမှုများ ပေါက်လာရန် ပင် ဖြစ်လေသည်။

\+ \+ × \+ \+

( Social Chauvinism ) တိုင်းပြည် ကာကွယ်ရေး အမျိုးသား ကာကွယ်ရေး ဆိုသည်မှာ၊ တတိုင်းပြည် နှင့် တတိုင်းပြည် စစ်ဖြစ်နေသောအခါ၌ မိမိတိုင်းပြည် အရေး သာရန်၊ အားထုတ်ရမည်ဟု ဆိုသည်။ ၎င်းသို့ ယုံကြည်ချက် ရှိလျှင်၊ စစ်ဖြစ်နေသည့် အချိန်၊ ဆင်းရဲသားများ အတွက် အခွင့်ကောင်းကြုံခိုက်၊ ဆင်းရဲသားများ အခွင့်အရေးရရန် အတွက်၊ တိုင်းပြည်တွင်း၌ ဆူပူ သောင်းကျန်းမှုကို မလိုလား ဘဲ၊ နယ်ချဲ့တို့၏အလိုကို ထောက်ခံရာ ရောက်လေသည်။ အမှန်မှာ၊ ၎င်းသူများသည်၊ တိုင်းပြည် ကာကွယ်ရေးဟု အသံကောင်းဟစ်ပြီး၊ နယ်ချဲ့တို့၏ အကြိုက်၊ ဆင်းရဲသား လူများရအင်အား ထုတ်ယုတ်သေသော ဝါဒကို လိုက် လျော အားပေးပြီးလျှင်၊ တိုင်းပြည် ကာကွယ် ရေးကို တကယ်မလုပ်ဘဲ တနိုင်ငံမှ တနိုင်ငံကိုမတရားသဖြင့်သိမ်း ပိုက်ပြီး၎င်းနိုင်ငံရှိ ဆင်းရဲသားများအား-ဖိနှိပ်ညှဉ်းဆဲခြင်း ကို အားပေးခြင်းမျှသာဖြစ်သည်။

တဖန်-၎င်းသူများ ဆင်းရဲသားတို့၏ ခေါင်းဆောင်ပုံမှာ ရင်းတို့သည်-နယ်ချဲ့တို့ကြွေးကြော်သော "ငါသည် တိုင်း ပြည်လွတ်လပ်မှု အမျိုးတည်တံ့မှုအတွက်ကာကွယ်ရန်၊ စစ်တိုက်ရသည်" ဟု ဆိုသောအသံကို၊ သတင်းစာများမှ

ရင်း၊ တရားဝင်များ၊ မှုရင်း၊ ကြော်ငြာများဖြင့်ရင်း။ အားပေးထောက်ခံကြမြန်သည်။

သို့ကြောင့်-တိုင်းပြည်ကာကွယ်ရေးခရီး လုပ်ကိုင်နေသောထောက်ခံကိုအင်းသားအချို့တို့မှာ။ အမှန်အားဖြင့် မိမိတို့နိုင်ငံ၏ မတရားညွှင်းဆဲမှု၊ မတရား လုယက်မှုတို့ကိုအားပေးထောက်ခံနေခြင်းဖြစ်သည်။ ယုံမှတဆင့်တကာ ကမ္ဘာလုံး၌ သင်းရဲသားများ၏ ဒုက္ခ နှောင်ကြိုးကို ရိုရို ဖြေရှင်းအောင် ချည်နှောင်ရာတွင် ကူညီရာကြလေသည်။ ငါတို့ပြည်ဘွင်လည်း ဗမာပြည် မြန်ရရေးခရီး၊ အသင်ကောင်းဟစ်ကာ၊ နယ်ချဲ့ ကျောက်နေသော မျိုးချစ်အဖွဲ့ ခေါင်းဆောင်သစ်တော်ရေးဝန်ကြီး ဦးစောတို့ လူစုမှာလည်း၊ အမိုးရနှင့် မှုးပေါင်းလျက်၊ သွားမှု-လာမှု-ပြောမှု-ဆိုမှု-ရေးမှုမှစ၍ဆင်းရဲသားတို့၏အခွင့်အရေးဟူသမျှကို ဖိနှိပ်လျက်ရှိလေပြီ။

ဤသို့ဆိုလျှင်-အမျိုးသားဆိုရှယ်လစ်ဟုခေါ်ဆိုက်သောဂျာမနီအမည်ခံ ဦးစောတို့လူစုနှင့်တကွ၊ အခြားနိုင်ငံရှိ နေရှင်နယ်ဆိုရှယ်လစ်ဆိုသူတို့သည်။ မူရင်းဆိုရှယ်လစ်ဝါဒကို ဖေါက်ဖျက် ယုံမှားကာ၊ ဘင်(စ်)ထိမ့်ဘွင် ကျင်းပခဲ့သော ကမ္ဘာလုံးဆိုင်ရာ ဆိုရှယ်လစ်တို့၏ညီလာခံသဘောဆုံးဖြတ်ချက်ကို ဖောက်ဖျက်ရာရောက်လေသည်။ ယင်းသို့မဟုတ်လျှင် နားမလည်ရာရောက်လေသည်။

\+ + × + +

## ဘင်(စ်)ဘီ ကြေညာစာတမ်း။

၁၉၁၂-ခုနှစ်တွင်၊ ဘင်(စ်)ဘီမြို့၌ ဆိုရှယ်လစ် တို့၏ ညီလာခံသဘင်ကျင်းပခဲ့သည်။ ထိုကျင်းပသော ညီလာခံ သဘင်ကြီးမှ စစ်နှင့်စပ်ဆိုင်သော ကြေညာစာတမ်း တ စောင်ထုတ်ပြန်လိုက်လေသည်။ ဘင်(စ်)ဘီမြို့မှ ထုတ်ပြန် လိုက်ခြင်းကြောင့် ဘင်(စ်)ဘီထုတ်ပြန်ချက်ဟု ခေါ်သည်။ ၎င်းကြေညာစာတမ်းတွင် ၁၉၁၄-ခုနှစ်၌၊ အင်္ဂလိပ်-ပြင် သစ်-ဂျာမဏီတို့ စစ်ဖြစ်ကြသည့် အကြောင်း ကြိုတင် ဟောပြောထားသည်။

လူများရှာအတွက်ဆို၍၊ နေရှင်လူနည်းစုတို့၏ အမြတ် အစွန်းအတွက်၎င်း၊ နေရှင်ဝါဒကြီး၏ ပရောဂကြောင့်၊ နိုင်ငံကြီးများ-ကျွန်နိုင်ငံရှာခြင်းအားဖြင့်၊ စစ်ဖြစ်ရသည် ဟုဆိုသည်။ ထပ်မံ-ထိုသို့စစ်ဖြစ်ရခြင်းကြောင့်၊ မည်သည့် နည်းနှင့်မျှတရားသည်မဟုတ်ဟု၎င်း ကြေညာစာတမ်းက အတိအလင်းဆိုပြန်လေသည်။

ထို့နောက်-၎င်းကြေညာစာတမ်းကစစ်ဖြစ်လာသောအခါ၊ပြည်တွင်း၌ ဆင်းရဲသားတို့၏ တော်လှန်ပုန်ကန်မှုကြီး ပေါ်ပေါက်လာမည်ကို၊ဆိုင်ရာအစိုးရတိုင်း ကြောက်လာ ရသည်ဟု အတိအလင်းရေးပေသည်။ ၁၈၇၁-ခု၊ ပါရစ် ကွန်မြူးနှင့် ၁၉၀၅-ခု နောက်တိုသောလ- ဇီဇင်ဘာလ များတွင် ရုရှားပြည်၌၊ ပြည်တွင်းတော်လှန်မှုများဖြစ်ပေါ်

ခွဲခြင်းကိုလည်း အထောက်အထားပြု၍ ဘော်ပြထားပေသည်။

သို့ကြောင့်ပင်-အချုပ်အားဖြင့် ၎င်းကျေညာစာတမ်းမှာ တကမ္ဘာလုံးရှိ ဆင်းရဲသား-တောသူ တောင်သားအလုပ်သမား-နှင်းဖြူးများ မည်ကဲ့သို့ ၎င်းတို့၏ ဆိုင်ရာဆိုင်ရာအစိုးရအဖွဲ့များကို တော်လှန်ပြီး၊ဆင်းရဲသားအာရေးတော်ပုံကြီး ပေါ်ပေါက်လာရန် ကြိုးစားဘို့ နည်းနာ၊ နိသျှနှင့်ပရိယာယ်အဖြာဖြာ ပေးထားခြင်းဖြစ်သည်။

ရုရှား-ဂျာမဏီစသောပြည်ရှိ အမျိုးသား ကာကွယ်ရေးအဖွဲ့ ဂိုဏ်းသားတို့သည်၊ ၎င်းတို့တိုင်းပြည်များအားရန်သူနိုင်ငံများက- တိုက်ခိုက်လာသောအခါ၊ ၎င်းတို့၏နိုင်ငံအတွက် ကာကွယ် တိုက်ခိုက်ကြရမည်ဟု ဆိုပေသည်။၎င်းပြင်မတ်(စ်)နှင့်အိမ်းဂဲ(လ်)စသော ပုဂ္ဂိုလ်ကြီးများက-စစ်ကိုအလိုမရှိကြသော်လည်း၊ စစ်ဖြစ်လာသည့်တနေ့၌၊၎င်းတို့နိုင်ငံဘက်မှ ဝင်ရောက်အားပေးခြင်းပြုကြသည်။ ၁၈၅၄-နှစ်မှ ၅၅-ခုနှစ်၊ ၁၈၇၀-ခုနှစ်မှ ၁၈၇၁ခုနှစ်၊ ၁၈၇၆-ခုနှစ်မှ ၁၈၇၇-ခုနှစ်များတွင်၊ ထိုကဲ့သို့ဆောင်ရွက်ကြသည်ဟု မဟုတ်မမှန်-လိုရာသက်သို့ ဆွဲ၍၎င်းတို့အတွက် အထောက်အထားပြုကြသည်။

အမှန်မှာ ၁၈၇၀-ခုနှစ် ၁၈၇၁-ခုနှစ်အထိ ဖြစ်ပွါးသော စစ်တွင် မတ်(စ်)နှင့် အိမ်းဂဲ(လ်)တို့က ဂျာမဏီဘက်ကထောက်ခံကြ၏။ အကြောင်းသော်ကား တတိယမြောက် နပိုလီယံနှင့် ဇာဘုရင်တို့က- ဂျာမဏီအား နှလ

မလှုနိုင်အောင် ဖိနှိပ်ထားခြင်းကြောင့်ဖြစ်သည်။ ဆိုဗယ် ဂျာမန်တို့က-ပြင်သစ်ပိုင်-ဩဗြသေးနှင့် ဝေဝ်ရိမ်း နယ်များ ကို တိုက်ခိုက်သည်နှင့်တပြိုင်နက်၊ ဂျာမန်တို့အား-မတ်(စ်) ရှင်အိမ်းဂဲ၂(လ်)တို့က-များစွာ ချီးကျူးမှုမကား။ ဆိုရှယ်ဒီမိုက ရက်တစ်ဂိုဏ်းသားများအားလည်း၊ မြေရှင်များနှင့် မရော ဘဲ၊ဆင်းရဲသားတို့၏အရေးကိုကာကွယ်ရန် သတိပေးကြ သေးသည်။

ဆိုပုဂ္ဂိုလ်ကြီးတို့အား-ငစ်နှင့် ပါတ်သက်၍ စွပ်စွဲလို ချင်းမတ်(စ်)အမိန့်ရှိသည့်"အလုပ်သမားများ၌ ကိုယ်ပိုင် နိုင်ငံမရှိ"ဟူဆိုသောစကားကို မမေ့အင်ပေး ဆိုလိုရင်း အဓိပ္ပါယ်မှာ- ဆင်းရဲသားတို့သည်၊ ကမ္ဘာတွင် ၎င်းတို့ အုပ်ချုပ်ရေးအာဏာရယူရေးအတွက်၊ဆင်းရဲသားအရေး တော်ပုံ မှန်သမျှကို အားပေးမည်ဟူပင် ဖြစ်သည်၊

× × × × ×

## ရုဗီယာအကြီးမိမြောက်

## အခင်တာဒေနရှင်နသမ်ပျက်စီးပုံ။

၁၉၁၂-ခုနှစ်၊ ဘင်(စ်)လီမြို့တွင် ကမ္ဘာပေါ်ရှိ ဆို ရှယ်လစ်အပေါင်းတို့သည်၊လာမည့်ဥရောပစစ်ကြီးသည် လူသတ်စစ်ပွဲကြီး ဖြစ်သည့်အပြင်။ မြေရှင်အစိုးရ အရွဲ့ အသီးသီးတို့သည်၊ဆင်းရဲသား အပေါင်းတို့အား-မြေရှင် စနစ်ကြီးကို၊ မှန်းတည်းအောင် ဖိဖိစီးနှံတည်း နေခြင်းဖြင့်

ဆင်းရဲသား တော်လှန်ပုန်ကန်မှုကြီး ပေါ်ပေါက်ရတော့မည်မှာ-ရုရှဟု ထုတ်ပြန်ကြေညာခဲ့သည်။ မကြာမီ စစ်ကြီးဖြစ်လာလေသည်။ တော်လှန်မှုအတွက် အချိန် ကောင်းလည်း ဆိုက်ရောက်လာလေသည်။ သို့သော်-ထိုအချိန်အခါ၌ ဆိုရှယ်ဒီမိုကရက်တစ်ဂိုဏ်းသားတို့သည် တော်လှန် ပုန်ကန်ရေးအတွက် မဆောင်ရွက်ဘဲ၊ တော်လှန်မှုကိုတားဆီးပိတ်ဆို့သည့် လုပ်ငန်းများကိုဆောင်ရွက်လေတော့သည်။ ၎င်းတို့သည် ထိုအချိန်က-၎င်းတို့၏ နေ့ရှင်အစိုးရ အဖွဲ့တို့နှင့် ပူးပေါင်း ဆောင်ရွက်လေသည်။ ထိုအခါ-ဒုတိယ အကြိမ်မြောက် အင်တာ နေရှင်နယ်၏ ဆုံးဖြတ်ချက်မှာ အဓိပ္ပါယ်မရှိ ဖြစ်သွားခဲ့သည်။ သို့ကြောင့်-ယင်းသို့ ပျက်ပြားသွားရခြင်း အကြောင်းရင်းများကို အနည်းငယ် ရှာဖွေရပေမည်။ ရှာဖွေရာ၌အမျိုးသားကာကွယ်ရေးဆိုသည့် ဂိုဏ်း ပေါ်ပေါက်ပုံ တိုးတက်လာပုံတို့ကို ဆင်ခြင်မှ ထင်ရှား လာနိုင်မည်ဖြစ်သည်။

ဒုတိယ အကြိမ်မြောက် အင်တာနေရှင်နယ်၏ ဆုံးဖြတ်ချက် အတည်ဖြစ်နေသည့် ကာလအတောအတွင်း ဆိုရှယ် ဒီမိုကရက်တစ် အသင်းတိုင်း၌ တော်လှန်မှုကိုလိုလားသောသူများနှင့် အခွင့်ကောင်း ကြံသူများ တသက်နှင့်တသက် အတိုက်အခံ ဖြစ်ပျက်ရှိကြသည်။ အင်္ဂလန်၊ အီတလီ၊ ဟော်လံ-စသော နိုင်ငံများရှိ အလားတူအသင်းများ၌လည်း ထိုကဲ့သို့ နှစ်ပကွဲဖြစ်ပျက်နေကြသည်။

သို့ကြောင့် ထု ဝါဒ သမားတိုင်း ( Opportunism)

အခွင့်ကောင်း ကြီးမြင်းသည်၊ နေရှင်ကလေးတို့၏ သဘောသဘာဝဖြစ်သည်ဟု ယုံကြည်သည်။ ထို့အပြင်-နေရှင်ပေါက်စ၊ စိတ်ပေါက်နေသော အလုပ်သမားအချို့သည် နေရှင်တို့နှင့်ပူးပေါင်း၍၊ ဆင်းရဲသား လူထုကြီး၏ အခွင့်အရေးများကို ဆန့်ကျင်တော်ပြီသည်ဟု ယုံကြည်လေသည်။

၁၈၉၀- မှ ၁၉၀၀- နှစ် များတွင် ဆိုရှယ်လစ်တို့ ဆောင်ရွက်နေသော လုပ်ငန်းအခြေခံ တရားများကို စစ်ဆေးကြည့်လျှင်၊ အခွင့်ကောင်းကြီးသောလူစုများကို အားပေးနေကြရာရောက်သည်ကိုတွေ့သည့်ပြင်၊ အခွင့်ကောင်းရှာသူ၊ ဝါ၊ ကိုယ်ကျိုးရှာသူ လူစုတို့အား ဆင်းရဲသား အပေါင်းက ကြည်ညိုစေရာ ရောက်သည်ကိုလည်းတွေ့ရသည်။

နောင်သောအခါ-စစ်ကြီးကလည်းဖြစ်လာသဖြင့်၊ အခွင့်ကောင်း ကြီးသူများအတို့ နိုင်ငံကာကွယ် ရေးဆိုပြီး၊ ဖုံညီဖြားရန်အခွင့်ကောင်းကြီးလာရပေသည်။ ရှေးက ၎င်းတို့သည် နေရှင်များနှင့်ထိတ်ထိတ်ပုန်း ဆက်သွယ်ဆောင်ရွက်နေ သော်လည်း၊ စစ်ဖြစ်လာသည့်အခါ မရှောင်သာမတိမ်းသာဘဲ၊ နေရှင်များနှင့် ထင်ထင် ရှားရှား ပူးပေါင်းဆောင်ရွက်လာခဲ့ပြန်သည်။ ယင်းသို့ဆင်းရဲသားများအားသစ္စာဖေါက်သွားသည်နှင့်တပြိုင်နက်၊ အစိုးရအဖွဲ့တို့သည် နေရာတိုင်း၌ မာရှယ်လော ဥပဒေထုတ်ဆင်ပြီးလျှင်၊ အလုပ်သမားခေါင်းဆောင်တို့နှင့် အလုပ်သမား ဆင်းရဲသားတို့အား မလှုပ်နိုင်အောင် နှိပ်ကွက်ကြလေသည်။ ထိုအခါ

အခွင့်ကောင်းကြီးသည့် ခေါင်းဆောင်ညာတို့သည်။ သိသိ သာသာကြီးအမိုးရတို့၏ခြေဘဝါးအောက်သို့ ပြေး၍မှော် ကြလေသည်။

နေ့ရှင်ပေါ်က်စ ကလေးများနှင့် အလုပ်သမားများထဲ တွင် အကျိုးလုံးခံထားနေရသော- အလုပ်သမားတို့သည်။ ၎င်းတို့၏ အခွင့်အရေးနှင့် နေ့ရှင်ကြီးများ နိုင်ငံခြားမှ ပါး ဖြတ်ကိုက်၍ရရှိသော အမြတ်အစွန်း အပိုင်းအစ များကို (ဝါ)အမိုးအရင်းများကို၊ဝါးမြိုနိုင်ရန်လည်း ကြိုးစားလာ ကြသည်။

တိုတိုဆိုရလျှင်၊အမျိုးသား ကာကွယ်ရေး ဆိုသူများ သည်၊အတိုင်းတိုင်း အပြည်ပြည်၌ပင်-၎င်းတို့၏ အခွင့်အ ရေးများ ပျောက်ပျက်သွားမည့် ရိုး၍ စစ်ဖြစ်လာလျှင်၊ ဆင်းရဲသားများ ကောင်းကျိုးအတွက်၊ လက်ရှိ အစိုးရ များကို တော်လှန် ဖြစ်တို့ မကျိုးစားဘဲ၊ အစိုးရ တို့အား ထောက်ခံ အားပေးခြင်းသာလျှင် ပြုကြရန်သည်။

## အုံ့ဝါဒသမားတို့၏ ပြဿနာ။

စစ်ဖြစ်လာခြင်းကြောင့် ဆင်းရဲသားတို့မှာ ဒိုင်၍ရက္ခ များ ခံစားလာရပေသည်။ ဒုက္ခများစွာ ခံစားလာရလေ လေ၊ ဆင်းရဲသားတို့မှာ ဝိရိယည်းလုံးမိလာလေလေ ဖြစ် ပြီး ၎င်းတို့၏ အရေးတော်ပုံကြီးမှာလည်း တဖြည်းဖြည်း နီးလာရလေသည်။လူထုကြီး၏ စိတ်ဓါတ်များ ညီသို့ပြင်း

ထန်လာသောအခါ၊ ဓနရှင်တို့ယခင်က ဖုံးကွယ်ခဲ့သော ရှင်းတို့၏စိတ်ရိုင်း၊ စိတ်ရိုက်တို့သည် ဘွားဘွားကြီးပေါ် ထွက်လာရပြန်သည်။

သို့ကြောင့်-ဓနရှင်များအရေးနိမ့်ပြီး၊ ဆင်းရဲသားများ အရေးသာချိက်၊ လုပ်ငန်းအစီအစဉ်များကို ရေးဆွဲ ပေး ရမည်။ လုပ်ငန်းမရှိ ဆင်းရဲသားများ မျက်စိပွင့်မှုနှင့် လုပ်ငန်းအတွက် အဆင်သင့်ဖြစ်စေရန်၊ "နယ်ချဲ့စစ်အလို မရှိ" ဟသည့် ကြွေးကြော်သံကို တည်ထွင် ပေးရမည်။ လူများစုတို့၏နေ့စဉ်အရေးများကို တပြည်လုံးအရေးဖြစ် ရန် ဖွဲ့ဆောင်သွားရမည်။

ဘည်(၆)သိ ကျေညာ စာတမ်းတွင်လည်း ပါရစ်ကွန် မြူနိတ်ပါတီဘားလားနေသည်၊ အကြောင်းဆော်ကား- ထိုအချိန်က- ပြည်တွင်း စစ်ဖြစ်အောင် ဖန်တည်း ခြင်း ကြောင့်ဖြစ်သည်။ ပါရစ်ကွန်မြူနဲ့မျက်ပြားသွားရခြင်း အ ကြောင်းမှာ၊ထိုစဉ်အခါက-ဆိုရှယ်လစ်ဝါဒတည်ထောင် ရေးအတွက်၊ နိုင်ငံအတွင်း၌ အခြေခံသည်း မရှိသေးစပ် ဖြစ်နေသောနိုင်ငံတို့၌၊ စော်လှန်ပုန်ကန်ရေး အခြေအနေ မှာလည်း၊မဖွံ့ငလုံသေးသည့်ပြင်၊ပါရစ်မြို့ရှိ အလုပ်သမား တို့မှာလည်း၊ ဓနရှင်အဖိုးအငွေ့များ ထိန်းအောင်းလျက် ရှိခြင်းကြောင့် ဖြစ်သည်၊ နောက်အနှစ် ၅၀-ခန့်မျှ ကြာ သောအခါမှပင်၊ သို့ချို့ထွင်းချက်များ ပပျောက်သွားလေ သည်။

× ' + × ×

## ကိုယ်ပိုင်အုပ်ချုပ်ရေးပြဌာန်းခွင့်။

နိုင်ငံတိုင်း၌ ဖိနှိပ်ခြင်းများကို၊ ရှေးဦးစွာ ဘုန်းလှန် ဖြိုဖျက်ပါမှ၊ ထုံသမားတို့၏ ရည်ရွယ်ချက်သို့ရောက်မည်။ သို့ကြောင့်- ကျွန်နိုင်ငံများမှ ကိုယ်ပိုင်အုပ်ချုပ် ပြဌာန်းခွင့် တောင်းဆိုခြင်းကို၊ သခင်နိုင်ငံရှိ ထုံသမားများက ထောက်ခံအားပေးရမည်။ ထိုသို့မဆောင်ရွက်လျှင်၊ သခင်နိုင်ငံရှိ ထုံသမားများမှာ၊ တကယ့်ထုံသမားများ မဟုတ် သေးကြောင်း ထင်ရှားလေသည်။

ကိုယ်ပိုင်အုပ်ချုပ်ရေးပြဌာန်းခွင့်အတွက် အားပေးခြင်းမှာ၊ နိုင်ငံကလေးတွေ တသီးတခြား အစိတ်စိတ်အမွှာမွှာ ပေါ်ပေါက်လာရန် အားပေးခြင်းမဟုတ်ပေ၊ အချုပ် အချယ်-အဖိအနှိပ်မှ လွတ်ကင်းအောင် အားပေးခြင်းမျှသာ ဖြစ်သည်၊ ယင်းသို့လွတ်လပ်သောနိုင်ငံကလေးများ ပေါ်လာလေလေ၊ ကမ္ဘာ့ပေါင်းဖွဲ့မှုကြီးအတွက်၊ နီးကပ်လာလေလေဖြစ်မည်သာတည်း။ ၎င်းအခါ-အဖိအနှိပ်ခံရသော တိုင်းပြည်ရှိ၊ ထုံသမားများကလည်း၊ သခင်နိုင်ငံရှိ အလုပ်သမားများ၊ တောသူတောင်သား ဆင်းရဲသားများနှင့်ကျွန်နိုင်ငံရှိ ဆင်းရဲသားများ ညီညွတ်သွေးစည်းမှုအတွက်ကြိုးစားဆောင်ရွက်ရမည်၊ ၎င်းသို့ဆောင်ရွက်ခြင်းမှာ မအောင်မြင်နိုင်စရာအကြောင်းမရှိ၊ အကြောင်း သော်ကား-နေရာတကာတိုင်း၌၊ လူများစုတို့မှာ-လူနည်းစုတို့၏ ဖိနှိပ် ညှင်းဆဲခြင်း ခံနေရသောကြောင့် ဖြစ်သည်။ ဥပမာ-ဝေဒနာ

တမျိုးတည်း ခံနေရသောလူများနှင့် တူနေလေသည်။ ထို့ကြောင့်- လူများရတို့ သွေးစည်းနိုင်ရန်မှာ- ၎င်းတို့အား ချုပ်ချယ်သော နှောင်ကြိုးမှလွတ်အောင်ရုန်းနိုင်မည့်၊ ဆေးနည်းပေးရန်ပင်ဖြစ်သည်။ ထိုဆေးနည်းကား-နိုင်ငံတိုင်း၌ ကိုယ်ပိုင်အုပ်ချုပ်ရေး ပြဋ္ဌာန်းခွင့် တောင်းဆိုရန်ပင် ဖြစ်သည်။

\+ + × + +

## စစ်နှင့်အလုပ်သမား။

ရုရှားပြည်တွင် ငွေရှင်ကြီးများနှင့်အစိုးရအဖွဲ့က သွေးဆောင်၍မရသည့် လူ့အတန်းအစားမှာ- ဆင်းရဲသားအလုပ်သမားများသာ ဖြစ်သည်။ ၁၉၁၄-ခုနှစ် စစ်ဖြစ်ခါစအချိန်တွင်ဇာဘုရင်က-အခွင့်အရေး အနည်းငယ် ပေးသဖြင့်၊ မနိုးကြားသည့်အလုပ်သမား အနည်းငယ်မျှသာ။အစိုးရအဖွဲ့ဘက်သို့ ယိမ်းယိုင်သွားသည်။ မောစကိုမြို့တွင် ဂျာမန်လူမျိုးများနှင့် အဓိကရုဏ်းဖြစ်ခြင်း၌အလုပ်သမားများ ပါဝင်ခြင်းကို အစိုးရတို့က အကြီး အကျယ် ချီးကျူးပြောဆိုလေသည်။ သို့သော်- အလုပ်သမားများမှာ ငွေရှင်တို့၏ သွေးဆောင်ခြင်းကို လုံးလုံး ဂရုမစိုက်ကြပေ။

ယင်းသို့ သွေးဆောင်၍မရခြင်းမှာ-ရုရှား တပြည်လုံး၌ တော်လှန်ပြောင်းလဲရေးစိတ်ဓါတ်များ၊ အတော် အတန် ထွန်းကားနေခြင်းကြောင့်ဖြစ်သည်။ တဖန်-ရုရှားအလုပ် သ

ယားများမှာလည်း၊ ၎င်းတို့အခွင့်အရေးကို ဗိုလ်ပိုနှင့် နေ ခြင်းကြောင့်ဖြစ်သည်။

၁၉၁၂-ခုနှစ်မှ ၁၉၁၄-ခုနှစ်အတွင်းတွင်၊ ရုရှားပြည်၌ တော်လှန်ပုန်ကန်မှုအရေး၊ စတင်ပေါ်ပေါက်စ ပြုလာသည်။တဖန်-ကမ္ဘာ့သမိုင်းတခါမှမကြုံဘူးသည့် အလုပ်ရပ်စဲမှု အရေးတော်ပုံကြီးလည်း ပေါ်ပေါက် လာလေသည်။ ၁၉၁၃-ခုနှစ် ပေါ်ပေါက်သည့် အလုပ်ရပ်စဲမှုကြီးတွင်-သပိတ်သမားပေါင်း ၁-သန်း ၅-သိန်းခန့် ပါဝင် လေသည်။ ၁၉၁၄-ခုနှစ်တွင် ဖြစ်ပေါ်လာသောသပိတ်ကြီး၌မူ၊သပိတ်သမားပေါင်း ၂-သန်းကျော်ပါဝင်သည်။ စစ်ကြီးမဖြစ်မီ အချိန်၌၊ဗိန္နီတဘသတ်မြို့တွင်မူ၊အရေးတော်ပုံကြီးအတွက်၊ခရီးအတော်ရောက်လျက်နေသည်။ ထိုအချိန်အခါက-အစိုးရ ဘက်နှင့် အလုပ်သမားများ ဆက်ဆံရေး သဘွယ် တိုက်ခိုက်ခြင်း ပြုရလေသည်။

မတရားအသင်းဟု ကြေညာခြင်းခံရသော ရုရှား ဆိုရှယ်-ဒီမိုကရက်တစ်လေဘာပါတီလည်း ၎င်း၏ဝတ္တရားအတိုင်း၊ ကမ္ဘာ့တော်လှန်ရေးအတွက် ဆောင်ရွက်ခြင်းပြီးမြောက်လေသည်။ ထိုအသင်းကြီးမှာ-ကမ္ဘာ့ အရေးတော်ပုံကြီးအတွက် ဆောင်ရွက်ရာ၌၊တုန့်ဆုပ်ခြောက်ခြားခြင်းမရှိပေ။ရုရှားလွှတ်တော်အမတ်တို့သည်၊ထိုပယ်ကျိုးရှာ သမားများနှင့် ကာလရှည်လျားစွာ ပေါင်း၍ ဆောင်ရွက်ကြသေးသည်။လွှတ်တော်အမတ်တို့၏ တိုးတက်လျက်ရှိသော လုပ်

ငန်းဆောင်တာ အခဝေကို၊ ကိုယ်ကျိုးရှာ သမား များက ခွဲငင်သွားခြင်းငှါ မတတ်နိုင်ကြပေ။

ထိုအခါ- တပြည်လုံး၏ အခြေ အနေကို ကြည့်မည် ဆိုလျှင်လည်း၊ အလုပ်သမားများ ထဲတွင် ကိုယ်ကျိုးရှာ သမားများ အချာမရောက် နိုင်သည့်ကို တွေ့ရမည် ဖြစ်သည်။ ကိုယ်ကျိုးရှာ သမားများ ထဝ ထမ ပြုပြင် လိုသည့် လူများ ထေား သည်၊ ပညာတတ် များနှင့် ငွေရင်း ငွေနှီး အနည်းငယ် ရှိသော လူတိုက်များမှ ထွက်ပေါ်လာသော လူရ ဖြစ်သည်။ သို့သော်- နိုင်ငံရေး တကယ်စိတ်ထက်သန်ပြီး၊တကယ်နိုးနိုးကြားကြားရှိနေသည့် အလုပ်သမား လူများရထဲတွင်မူ၊ငင်းကိုယ်ကျိုးရှာသမားများမှာ၊ လူနည်းရုကလေးမျှသာရှိသည်ကို တွေ့ရသည်။ ( * လီကွီဒေတား )ခေါ်သည့်၊ ကိုယ်ကျိုးရှာအသင်းမှာလည်း၊စစ်ကြီးမဖြစ်မှီ အချိန်၌ပင်၊အလုပ်သမားများ၏ ယုံကြည်ကိုးစားခြင်းကို မခံရတော့ပေ။ တဖန်(ပက်ထရိုဆာရက်) နှင့် (မော်စကို) မြို့တော်များတွင်၊ အလုပ်သမားသတင်းစာများ ထုတ်ဝေခြင်းကို ထောက်၍၊ ၅-ပုံပုံလျှင် ၄-ပုံသောအလုပ်သမားတို့မှာ၊ကိုယ်ကျိုးရှာ သမားများ၏ရန်ကို၊ တွန်းလှန်ပြီး ဖျက်နေသည်မှာ ထင်ရှားလှပေသည်။

စစ်ကြီး စဖြစ်ပွါးကတည်းက၊ဓနသဟာရင်အမျိုးရတို့က၊ နိုင်ငံရေး လှုပ်ငန်း နားလည် ထားသည့် အလုပ်သမား

---

* Liquidator.

ထောင်ပေါင်း မြောက်မြားစွာကို၊ ဘမ်းဆီးချုပ်နှောင်ပြီး လျှင် နယ်နှင်အပြစ်ပေးလေသည်။ ၎င်းအထဲတွင်မတရားအသင်းဟု ကြေညာခြင်းခံရသော ရုရှား ဆိုရှယ်ဒီမိုကရက်တစ် လေဘာပါတီဂိုဏ်းသားတို့လည်း ပါဝင်လေသည်။ အလုပ်သမား သတင်းစာများကို ပိတ်ပင် ပစ်ရုံမျှမက၊ တိုင်းပြည်တွင်း၌ မာရှယ်လောဥပဒေ ထုတ်ဆင့်ထားလေသည်။သို့ကြောင့်ပင်-အလုပ်သမား အရေးတော်ပုံကြီးမှာ ခေတ္တရပ်ဆိုင်းသွားရလေသည်။သို့သော်လည်း တော်လှန်ရေးအတွက် တိတ်တိတ်ပုန်း လုပ်ငန်းများကိုကား- ဆက်လက်ဆောင်ရွက်နေသည်။ နိုင်ငံခြားတွင် ပုန်ကန်သည့် အလုပ်သမားအရေးတော်ပုံစာတမ်းများကို၊ပက်ထရိုကရက်မြို့တွင် တိတ်တိတ်ပုန်းပြန်လည်ရိုက်နှိပ်ပြီး၊ နယ်အသီးသီး ရွာအသီးသီးသို့ပို့ကြသည်အပြင်၊အလုပ်သမားထန်းလျှား များ၊ စစ်တန်းလျားများသို့လည်း ပို့ကြလေသည်။ မြို့အပြင်ဘက်- လုံခြုံသည့် နေရာများ၌လည်း၊ အလုပ်သမားများ၏ အစည်းအဝေးများကျင်းပကြလေသည်။ထိုနောက် မကြာမီ-ပက်ထရိုကရက်မြို့တွင် သတ္တုအလုပ်သမားများ အကြီးအကျယ် အလုပ်ရပ်စဲကြလေသည်။

\+ \+ \+ \+ \+

၁၉၁၃-ခုနှစ်၊ ဒူးမားလွှတ်တော်တွင်း၌၊ ဆိုရှယ်ဒီမိုကရက်တစ်ဂိုဏ်းသားများ ကွဲသွား လေသည်။ တဘက်တွင် (ချက်မေဇီ) ခေါင်းဆောင်သည့် ကိုယ်စားလှယ် (၇)ယောက် ပါသွားလေသည်။ ၎င်းတို့ကို ရွေး

ကောက်ထင်ပြောက်လိုက်သောနယ်များမှာ၊ ဆင်းရဲသားများတို့၏ အရပ်များမတူတော့ပေ။ အလုပ်သမား ၂-သိန်းကျော်ကလေးမျှသာ ရှိသော အရပ်များဖြစ်သည်။ ကျန်(၆)ယောက်သော ကိုယ်စားလှယ်များမှာ၊ ဆင်းရဲသားအလုပ်သမားစစ် စစ်များရှိသော နေရာများက သာဖြစ်သည်။ အလုပ်သမားလည်း ရရပေါင်း ၁-သန်းကျော် ရှိသည်။

အဓိက ကွဲသွားခြင်းအကြောင်းရင်းကား-ဒုံဝါဒလုပ်ငန်းပရိုဂရမ်နှင့်ကိုယ်ကျိုးရှာတာပတာပြောင်းလဲရေး ပရိုဂရမ်တို့ကိုငြင်းဆိုကြခြင်းကြောင့်ဖြစ်သည်။ ယင်းသို့ သဘောကွဲလွဲမှုကြီးမှာသွတ်တော်အပြင်လုပ်ငန်းဖြစ်သောလူထုလုပ်ငန်းကြီးတွင်အတော်ထင်ရှားသွားလေသည်။ ရုရှားပြည်၌ ဤကဲ့သို့တော်လှန်ပြောင်းလဲရေးလုပ်ငန်းကြီးကို တကယ်လုပ်လိုလျှင်၊ တိတ်တိတ်ပုန်းလုပ်မှသာဖြစ်သေသည်။ (ချာဗ်မေဗီ)တို့လူစုကား-တိတ်တိတ်ပုန်း လုပ်ငန်းများကို ဖြုတ်ပယ်ထားသောသူများဖြစ်သည်။ သို့ကြောင့်ပင် ကွဲကြရလေသည်။ ကိုယ်စားလှယ်၆-ယောက်မှာ၊ ဆိုရှယ်ဒီမိုကရက်တစ် လေဘာပါတီဟု ဖွဲ့စည်း လိုက်လေသည်။ နောက်တနှစ်လောက် ကြာလာသောအခါ၊ ၎င်း ပါတီနောက်၌၊ လူထုကြီး၏အင်အားများစွာ ကြီးထွားလာသည်ကိုတွေ့ရသည်။

စစ်ကြီးဖြစ်ပွါးလာသောအခါ၊ ၎င်းတို့၏ဝါဒမှာ ပိုပိုထင်ရှားပြတ်သားလာသည်။ (ချာဗ်မေဗီ)တို့ လူစုကား-

ထိုအခါ ဖွတ်တော်ဘုင်းနှိုသော အလုပ်လုပ်ကြလေသည်။
ဆိုရှယ်ဒီမိုကရက်တစ် လေသောပါတီဂိုဏ်းသားများကမူ
နိုင်ငံရေးလုပ်ငန်းအစီအစဥ်ကို ကျနစွာရေးဆွဲပြီး၊ အလုပ်
သမားများရှိရာ အရပ်တိုင်း၌၊ နယ်ချဲ့စစ်များ အကြောင်း
ကိုးအသေအချာထုတ်ဖော်ပြောဆိုပြီး၊ဖြစ်ပွါးနေသော စစ်
ကို ရှုံ့ချကာ၊ လူများရအားကို ရလေသည်။ ယင်းသို့
ဆောင်ရွက်ခြင်းကို လူကြီးက များစွာကြေနပ်လေသည်။

အစိုးရဥပဒေများကိုလည်းဖေါက်ဖျက်ကြူးကြော်လာ
လေသည်။ ၎င်းအခါဝေါင်းဆောင်များမှာ ဆိုင်ဘေးရီးယား
ပြည်သို့၊ နယ်နှင်ခံသူခံခဲ့ရသည်။ ဇာဘုရင်အစိုးရအဖွဲ့က
လည်းဆိုရှယ်ဒီမိုကရက်တစ် လေသောကိုယ်စားလှယ်များ
သည်းစစ်ကိုအားမပေးရအောင်ကြိုးစားသည့်မှာထင်ရှားလှ
သည်ဟု အပြင်းအထန် ရှင်းခွဲပြောဆိုကြပြီး ထောင်ချလေ
သည်။ အခြားပြင်သစ်-ဂျာမဏီပြည် ဆိုရှယ် ဒီမိုကရက်
တစ်ဂိုဏ်းသားတို့မှာ၊ ၎င်းတို့၏ တိုင်းပြည်ထောက်က စစ်
တွင်း၌၊ကူညီကြသည်။ ရုရှားပြည်ရှိ ဆိုရှယ်ဒီမိုကရက်တို့
မှာ ထိုကဲ့သို့ မဟုတ်သဖြင့်။ ဇာဘုရင်တို့က များစွာဖြစ်
တင်ပြောဆိုကြသည်။

ရုံးတင်စစ်မီသဖြင့် ဆင်းရဲသားများ ရင်ကွက် တိုင်း၌
စစ်ကြီးကိုဆန့်ကျင်ရှုတ္တနှိမ်ဖြူးစစ်တို့၏ ထိတ်ထိတ်ပုန်းဝါဒ
ဖြန့်ထေးခြင်းမှာ၊ဘွားဘွားကြီးပေါ် ရှိလာသည်။သို့သော်
ထိတ်ထိတ်ပုန်း လုပ်ငန်း တမိတ်တခေသမျှသာ ပေါ်ခြင်း
ဖြစ်လေသည်။ အလွန်တိုတောင်းလှသောအချိန်တွင်း၌။ ဤ

မျှ တွင်ကျယ်အောင် လုပ်ဆောင်နိုင်သော ကွန်မြူနစ်ဂိုဏ်းသားတို့အား အထူးချီးမွမ်းခြင်းလေသည်။ တရားခွင်တွင် ကိုယ်စားလှယ်တဦးကပြောသည်မှာ၊ "ငါ့အားနယ်မှ လွှတ်တော်သို့ ရွေးကောက် တင်မြှောက်လိုက်ခြင်းမှာ၊ လွှတ်တော်တွင် ထိုင်နေရန်မဟုတ်သဖြင့်၊ ငါသည် ဆင်းရဲသားများရှိရာ နယ်တိုင်းသို့သွားရောက်ပြီး၊ ၎င်းတို့၏ စိတ်နေ သဘောထားကို စုံစမ်းခဲ့သည်။ ငါသည် တိတ်တိတ်ပုန်း လုပ်ငန်းများကိုလည်း များစွာ ဆောင်ရွက်ခဲ့သည်။ ဆင်းရဲသားများတို့၏ အစည်းအဝေးများကိုလည်း ကျင်းပပြီးလျှင်၊ စစ်ကိုအားမပေးရဟူသော ဆုံးဖြတ်ချက်များလည်း အစည်းအဝေးတိုင်းက ဆုံးဖြတ်စေသည်။

ယင်းသို့ ဆောင်ရွက်ခြင်းကို၊ ဇာအစိုးရတို့က သေဒဏ်အထိ ပေးနိုင်လေသည်။ သို့ကြောင့်ပင်-ထိုကိုယ်စားလှယ်ကဲ့သို့၊ အခြားရဲဘော်များမှာ- သတ္တိ မကောင်းလှသဖြင့်၊ ကွတ်သောင့်- အားငယ်ကြကုန်သည်။ လွှတ်တော်လုပ်ငန်းကို အရေးတကြီးလုပ်ငန်းဟု တဖန် ပြောဆို လာကြပြန်သည်။ ၎င်းတို့ ယူဆသည့် လွှတ်တော် လုပ်ငန်းမှာ- ရာထူးရရေး- လာဘ်ရရေး ကိစ္စများပင် ဖြစ်သည်။ ကွန်မြူနစ်တို့ ယူဆသည့် လွှတ်တော် လုပ်ငန်းမှာ၊ အလွန်ကျဉ်းကြပ်လှသော လွှတ်တော်လုပ်ငန်း အသွင်နှင့်ပင် ကွန်မြူနစ်ဝါဒပြန့်ပွားရေးနှင့် ဆင်းရဲသားတို့၏ တော်လှန်ပုန်ကန်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သည်။ သို့ကြောင့် ပဌမ လွှတ်တော်လုပ်ငန်း လုပ်လျှင်၊ ဝန်ကြီးချုပ်များ ဖြစ်

လာလေသည်။ ဒုတိယ ရွှတ်တော် လုပ်ငန်း လုပ်ရှင်း ထောင်သောင်ရင်း၊ နယ်ခြားသောင်ရင်း၊ သောဒကာ သောင်ရင်း ခံစားရမည်ဖြစ်သည်။ ပဌမလွှတ်တော်လုပ်ငန်းမှာ-ဓနရှင် တို့အတွက်ဖြစ်သည်။ ဒုတိယ လုပ်ငန်းမှာ ဆင်းရဲသားတို့ အတွက်ဖြစ်သည်။

\+ + × + +

## ရုရှား ဆိုရှယ် ဒီမိုကရက်တစ် လေဘာပါတီ

ရုရှားဆိုရှယ်ဒီမိုကရက်တစ် လေဘာပါတီမှာ၊ ကာလ အတော်ကြာ ကပင် ကိုယ်ကျိုးရှာ သမားတို့မှ၊ ခွဲထွက် သွားခဲ့လေသည်။ ထိုအခါ၊ ရုရှားပြည် ကိုယ်ကျိုးရှာသမား တို့သည်၊ ကိုယ့်ပြည်ကို ကာကွယ်ရေးအဖွဲ့ဟု အမည် ပြောင်းကာ-တစခန်း ထကြွပြီသည်။ သို့ကြောင့်ပင် ဘု နိုင်ငံ တည်ထောင်ရေးအတွက်၊ ၎င်းတို့နှင့် ကဲ့ရဲခြင်းသည် များစွာသင့်လျော်ပေသည်။ ဘုံသမားများနှင့် * (အသား နသူကစ်)ဂိုဏ်းကွဲကြခြင်းတို့သည်၊ ဆိုရှယ်လစ်နှင့် ကိုယ့် ပြည်ကို ကာကွယ်ရေးအဖွဲ့ ကွဲကြခြင်းနှင့် တူညီနေလေ သည်။ ယင်းသို့ ဆိုရှယ်လစ်များနှင့် ကိုယ်ကျိုးရှာ သမား များမကွဲသဲ နေကာ၊ ဘုံဝါဒ ဂိုဏ်းမှာ၊ ဓနရှင်တို့၏ အလို သို့ရှောင်ပေးနေရပြီး၊ တကဲ့ အလုပ်သမား အရေးတော်ပုံ အတွက်၊ အလုပ်သမား အဖွဲ့နှင့် ဘုံဝါဒ အဖွဲ့များကို လွတ်လွတ်ကျွတ်ကျွတ် ဖွဲ့စည်း တည်ထောင်နိုင်မည် မ

---

* (ဘုရင် အလိုမရှိသောဂိုဏ်း၊)

ဟုတ်ပေ။ ယခု ဤကဲ့သို့ ကွဲလိုက်ခြင်းကြောင့်၊ အလွန်
အေးဘက်ကျ နောက်ကျဖြစ်ပြီး၊ နိုင်ငံရေးမျက်စိ လုံးလုံး
မှောက်နေသည့် အလုပ်သမား၊ လယ်သမား၊ ဆင်းရဲသား
များအား မျက်စိဖွင့်ပေးနိုင်သော အခွင့်ကောင်းများ ရရှိ
လာသည့် အဖြင်- ဆိုရှယ်-ဒီမိုကရက်တစ် အသင်းသို့ပင်
ထင်ဖြည့် နိုင်လာလေသည်။ တကမ္ဘာလုံးရှိ ဆိုရှယ်လစ်
အသင်းများလည်း၊ ဤခြေလှမ်းကို နင်းမိရန် တည်ထွင်ရပေ
မည်။

ကမ္ဘာလုံး ဆိုင်ရာ-ကွန်မြူနစ် အစည်းအရုံးကြီး ဖြစ်
မြောက်ရန်မှာလည်း၊ နိုင်ငံတိုင်း နိုင်ငံတိုင်း၌၊ ကွန်မြူနစ်
အသင်းများ တည်ထောင်ထားဖို့ လိုလေသည်။ ထိုသို့
ကမ္ဘာလုံးဆိုင်ရာ-ကွန်မြူနစ် အသင်းကြီး တည်ထောင်
သောအခါ၊ ကိုယ်ကျိုးရှာ အရွဲ့သမားများ မပါဝင်မှ လို
ရင်းသို့ရောက်ပေမည်။ ထိုသို့ ဆေးရှင်းရန်မှာလည်း လွယ်
လင့်တကူနှင့်လုပ်၍ရမည်မဟုတ်။ နှစ်ပေါင်း အတော်ကြာ
ကြာ-သုတ်သင်ရှင်းလင်းနိုင်မှ ဖြစ်ပေမည်။

ရုရှားကွန်မြူနစ်အသင်းက ထိုသို့သော ဆေးခိုးများ
ကင်းကွာအောင် လုပ်လိုက်သော အခါ၊ ကိုယ်ကျိုးရှာ
သမားတို့မှာ တဘက်မှနေ၍၊ ပါတီကို နုတ်ထွက်ပေးလာလေ
သည်။ ထိုသူများမှာ ရုရှားနိုင်ငံတွင်း၌ပင် တကဲ့ကွန်မြူနစ်
များဟန်ဆောင်၍၊ အလုပ်သမားများကို ကိုယ်ကျိုးရှာ
သမားများ၊ ဓနရှင်များနှင့် ပူးပေါင်းမိရန်- ပရိယာယ်ဖြင့်
ဟောပြောခြင်း၊ ဝါဒဖြန့်ခြင်း လုပ်ကြလေသည်။ သို့သော်

လည်း၊ မိမိအခွင့်အရေး မိမိတို့ကောင်းစွာ နားလည်နေသောရုရှားအလုပ်သမားများသည် ရုရှားကွန်မြူနစ် ပါတီနှင့် မခွဲခွါနိုင်ကြပေ။

\+ \+ \+ \+ \+

စစ်အတွင်း၌၊ရုရှားပြည် ဆိုရှယ်ဒီမိုကရက်တစ် လေဘာပါတီက၊ အထက်တွင် ဖော်ပြရေးသားခဲ့သော ပရိယာယ်နည်းမျိုးစုံကို သုံးခြင်းကြောင့်၊ ရုရှားပြည်တွင်-ဆိုရှယ်ဒီမိုကရေစီ ဝါဒမှာ အထူး တိုးတက် ဖြန့်ပွါးသွားခဲ့သည်၊

ယင်းသို့ သုံးခဲ့သော ပရိယာယ်များနှင့် ဆိုရှယ်ဒီမိုကရေစီဝါဒ- တိုးတက်ပုံကို အသေအချာသိလိုရန်- ရုရှားပြည် ကွန်မြူနစ်အသင်း၏ ပရိယာယ်နှင့်ရာဇဝင်ကိုလည်း သိရမည်ဖြစ်သည်။

ဆိုရှယ်ဒီမိုကရေစီ ဝါဒမှာ-သက္ကရာဇ် ၁၈၈၃-ခုနှစ်တွင် ပေါ်ပေါက် လာခဲ့သည်။ ထိုဝါဒကိုလည်း အလုပ်သမားများ လွတ်မြောက်ရေး အဖွဲ့က-နည်းစနစ် ကျကျနန- နိုင်ငံတွင်း၌ ၎င်း၊ နိုင်ငံခြား၌ ၎င်း၊ ဝါဒ ဖြန့်ဖြူးခဲ့သည်။ ၁၈၉၀-ပြည့်နှစ်အထိ-ထိုဝါဒမှာ ဝါဒ ဓါသာ ဖြစ်၍-ရုရှားပြည် လူများစုဖြစ်သော အလုပ်သမားအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း မရှိခဲ့ပေ၊ ၁၈၉၀-ပြည့်ခါနီးမှ-တိုင်းပြည်တွင်း၌နိုင်ငံရေးဂယက်လှုပ်ရှားခြင်း ဖြစ်ပေါ်လာသော အခါ၌၎င်း၊ အလုပ်သမားများ အလုပ်ရပ်စဲမှုများ. ပေါ်ပေါက်လာသော အခါ၌၎င်း၊ဆိုရှယ် ဒီမိုက

ရက်တစ်ပါတီမှာ-လုပ်ငန်းနှင့် ရင်ဆိုင် တိုးနေလေသည်။ ၎င်းအခါကျမှ ပါတီဝါဒနှင့် အလုပ်စခန်းမှာ- ဖွံ့ဖြိုးလာရပေသည်။ ၎င်းအခါမှစ၍-အလုပ်သမား တို့၏ စီးပွါးရေးနှင့် နိုင်ငံရေး လုပ်ငန်းလုပ်ငန်းကို ထိုအသင်းက ဆောင်ရွက်လာသည်။ ၎င်းအချိန်ကစ၍ ဆိုရှယ်ဒီမိုကရက်တစ် အဖွဲ့မှာ ၂-ဂိုဏ်း ကွဲသွားလေသည်။ (က) (Economists) စီးပွါးရေးသမားနှင့် (ခ) (Iskraists) အစ္စကာရ ဂိုဏ်းသားတို့ဖြစ်သည်။

\+ \+ \+ \+ \+

စီးပွါးရေး သမားများမှာ၊ ဆိုရှယ် ဒီမိုကရက်တစ်ဂိုဏ်း၏-အလစ် သမား (ဝါ) အခွင့်ကောင်း ရှာသမားများဖြစ်သည်။၎င်းတို့၏ နိုင်ငံရေး ရည်ရွယ်ချက်ကား-အလုပ် သမားများ အတွက်- စီးပွါးရေး တောင့်တင်း ရန် ဆောင်ရွက်ကို ဖြစ်သည်ဟုဆို၏၊ နိုင်ငံရေး လုပ်ငန်းမှာ လစ်ဘရယ်ဂိုဏ်းသားများ အတွက်ဟု ဆို၏။ စင်စစ်၎င်းတို့၏ရည်ရွယ်ချက်ကား-အနည်းငယ်မျှသာသော ဓိတ်ရှိသော နေရှင် များ၏ ကောင်းကျိုး အတွက်သာ ဆောင်ရွက်တော်လှန် ပုန်ကန်ရေးကို၊ မယုံသော လူစု မျှသာ ဖြစ်သည်။

အစ္စကာရ သတင်းစာကမူ၊ တော်လှန်ပုန်ကန်မှုကို ရည်ရွယ်သည့် ဆိုရှယ် ဒီမိုကရေစီ ဝါဒအတိုင်း၊ စီးပွါးရေး သမားများအား၊ အပြင်းအထန် တိုက်ခိုက် ရေးသားခြင်းဖြင့် နှိမ်နင်း လိုက်လေသည်။ မိမိအခွင့်အရေးကို မိမိတို့

ကောင်းခွာသိသော၊ ဆင်းရဲသားများမှာ၊ အဖွဲ့လိုက်-အစည်းလိုက်၊အစွကာရ ဂိုဏ်းသားတို့ သတ်သို့ ဝင်ရောက် အားပေး သွားကြလေသည်၊

ရုရှားပြည်၌ တော်လှန် ပုန်ကန်ရေးကြီး ပေါ်ပေါက်သေး၊ ဆိုရှယ်ဒီမိုကရေစီ ဂိုဏ်းသားတို့မှာ ပြင်းထန်လှသော နိုင်ငံရေး လှုပ်ရှားမှုများကို ရေးဆွဲပြီးလျှင်၊ မှန်မှန်ကန်ကန် တည့်တည့်မတ်မတ် နောက်မဆုတ်ဘဲ ဆောင်ရွက်သွားလေသည်။ထိုအခါ၊ ဆင်းရဲသားများသည် ၎င်းတို့၏ နစ်နာချက် များကို အရေး ဆိုလာသည်၊ ၁၉၀၅-ခုနှစ် ကျသောအခါ၌လည်း၊ ဆင်းရဲသားသူပုန်ကြီး ပေါ်ပေါက် လာလေသည်။ သို့ကြောင့်ပင်၊ ဆိုရှယ် ဒီမို ကရက်တစ် ဂိုဏ်းသားတို့၏ လှုပ်ရှားမှုကန်ကြောင်း ဗိုလ် ထင်ရှားလာရသည်။ထိုအခါကျမှ စီးပွါးရေး သမားများမှာ၊ အောက်ကျ-နောက်ကျ ဖြစ်နေသော ဆင်းရဲသားတို့၏ နိုင်ငံရေး လှုပ်ရှားမှုနှင့် တူရှုသော ဆောင်ရွက်လာနိုင်သည်၊ အစွကာရ ဂိုဏ်းသားတို့မှာကား၊ စီးပွါးရေးသမားများ နောက်ကျ သလောက်၊ ဆင်းရဲသားတို့၏ အရေးကို၊ ရှေ့ဆုံးမှမား မားရပ်ပြီး၊ ဆင်းရဲသားတို့ အရေးတော်ပုံ အောင်ရဲသော တိုးတက် ဆောင်ရွက်သွားလေသည်၊

## မင်းနှိမ့်စိန်နှင်း ဘိုဂိုဒ်

နေရှင်ပေါက်စတို့ ပါဝင်သော ပုန်ကန်ရေးပေါ်ပေါက်

လာသောအခါ၊ဆိုရှယ်ဒီမိုကရက်တစ် ဂိုဏ်း၌၊ ဝါဒ ကွဲ ခြင်းတစန် ဖြစ်ပေါ် လာပြန်သည်။ အထက်က ဖော်ပြခဲ့ သော ဂိုဏ်းကွဲခြင်းမှ အဆက်ဖြစ်သည်။ ပဋ္ဌမဘွင်-စီးပွါး ရေးသမားများ ဖြစ်သည်။ (Econcmists) နောက်ပေါ် မင်းရှိဗစ်ဂိုဏ်းသားများ ဖြစ်လာသည်။ (Mensheviks) (Irkra) အစ္စကာရ ဂိုဏ်းသားများ မှသရူ- ဘိုရှိဗစ် များ ဖြစ်လာသည်။

၁၉၀၅-ခုမှ၊ ၁၉၀၇-ခုနှစ်အထိ။ တတိုင်း တပြည်လုံး မှာ။မွှာက်မွှက်ရိုက်နေသေသည်။ ဤသို့ အလေသုံးသယ်ဖြစ် နေသည့် အချိန်၌၊မင်းရှိဗစ် တို့မှာ-ရေသာခုံသည့် နိုင်ငံရေး လုပ်ငန်းများ၊ နေ့ရှင်တိုက်ကို အားပေးသည့် လုပ်ငန်းများကို အလုပ်သမားအဖွဲ့ အစည်းအရုံး များတွင်၊ အသက်သွင်း ၍ ပေးထားလေသည်။

သို့သော်- ဘိုရှိဗစ်တို့ကမူ- တော်လှန်မှုနှင့် ဆောက် သသောဝင်ရွက်မှုကြားတွင်မဝေခွဲနိုင်သော အလုပ်သမား လူများရကို လယ်သမား အရေးတော်ပုံကြီး အတွက်၊ အတင်းစိတ်ဓါတ်များကို နှိုးဆွပေးလေသည်။သို့ကြောင့် ပင် မင်းရှိဗစ်တို့မှာ-မအောင်မြင်ဘဲ နေလေသည်။ တော် လှန်ပုန်ကန်ရေး၌-လူများရတို့သည် ဘိုရှိဗစ်တို့၏ နောက် သို့ ကောက်ကောက် လိုက်သွားသည်ကို၊ မင်းရှိဗစ်များ ကိုယ်တိုင် ဝန်ခံကြလေသည်။

× × × × ×

ကော်လှန် ပြောင်းလဲ ရေးကို ဆန့်ကျင်ဘက် ပြုလာ

သည့်အချိန်၌၊ တဖန်မင်းရှိဘ် ဂိုဏ်းဝင်တို့သည် 'လစ်ကွီ ဒေတာ' အမည်ဖြင့်၊ ခေတ်ပြောင်း တော်လှန်ရေးသမား များဆောင်ရွက်ချက် အမျိုးမျိုးတို့ကို လိုက်လံ ဖျက်ဆီး ပစ်ကြပြန်သည်။ 'နှုရှားအာရေး'သတင်းစာမှ နေ၍လည်း တော်လှန်ရေး အသေ မပြောင်းရန် ပုတ်ခတ် ရေးသားကြ ကုန်သည်။ ၎င်းသတင်းစာကိုလည်း ရိုက်ဆဲ ကြွယ်ဝသော သူဌေးကြီးများ၊ သူဌေး ကလေးများက ဝိုင်းဝန်းထောက် ပံ့ကြကုန်သည်၊ သို့သော်လည်း၊ ကွန်မြူနစ် အငစ်များက 'ပရင်ဒါ' ခေါ် သတင်းစာကို ထုတ်၍၊ ဉာဏ်သမားတို့၏ ဘေးမှ ကာကွယ်ရပြန်သည်။ တဖြည်းဖြည်း ထိုကဲ့သို့ နှိမ် သွားရင်းပင်၊ ၁၉၁၂-ခုနှစ် ရောက်လာသောအခါ၊ တနိုင် ငံလုံး၌-အလုပ်သမား၊ ဆင်းရဲသား အပေါင်းတို့မှာ နိုင်ငံ ရေးမျက်စိ ပွင့်လင်း လာပြီး။ လှုပ်လှုပ်ရှားရှား ဖြစ်လာပြန် သည်။ ထိုအခါ ဆင်းရဲသား အပေါင်းတို့သည်၊ ကွန်မြူနစ် တို့ကိုသာ ဝိုင်းဝန်း အားကိုးကြကုန်သည်။

ပရင်ဒါ သတင်းစာကိုလည်း၊ ဆင်းရဲသား များက တတ်နိုင်သ၍၊ ငွေကြေးထောက်ပံ့ကြလေသည်၊ 'နုဝရှား အာရေး' သတင်းစာကိုလည်း၊ တဘက် ဂိုဏ်းသားတို့က ထောက်ပံ့ကြသည်။ ဤသို့ ထောက်ပံ့ခြင်းကို ယှဉ်၍ ကြည့်လိုက်သောအခါ၊ 'ပရင်ဒါ'သတင်းစာအားထောက် ပံ့သောဆင်းရဲသားတို့ အင်အားမှာ အထူး ကြီးကျယ် သည်ကိုတွေ့ရသည်။ ထိုစဉ်အခါက-ထောက်ပံ့ကြသော စာရင်းမှာအောက်ပါအတိုင်း ဖြစ်သည်။

၁၉၁၄-ခု၊ ဇန္နဝါရီလ ၁-ရက်နေ့မှ
မေလ ၁၃-ရက်နေ့အထိ

| | ကွန်မြူနစ်။ | လိကွီဒေတား။ |
|---|---|---|
| အလုပ်သမားများ | ၁၇,၈၃၄ | ၅,၂၉၆ |
| ထောက်ပံ့သောငွေ | | |
| တခြားမှ ရငွေ | ၂,၆၅၀ | ၆,၇၆၀ |

အထက်ပါစာရင်းကိုကြည့်လျှင်၊ ၁၉၁၄-ခုနှစ်၌ နိုး ကြားချက်ရှိသော အလုပ်သမားများ ၅-ပုံပုံလျှင်၊ ၄-ပုံ မှာ၊ ကွန်မြူနစ်တို့၏ဩဇာကို ခံယူလျက် ရှိသည်မှာ-ထင် ရှားနေသည်။ ၁၉၁၃-ခုနှစ် တနှစ်လုံး၌လည်း ‘ပရင်ဒါ’ သတင်းစာသို့ ဆင်းရဲသား တို့က ပို့သော ဆောင်းပါး ပေါင်းရေပေါင်းမှာ ၂၁၈၁-ပင်ဖြစ်သည်။ တဘက် လစ် ကွီဒေတာ ဂိုဏ်းသို့ ပို့သော ဆောင်းပါး စာရင်းမှာ ၆၆၁- ပေါင်မျှသာ ဖြစ်သည်။ ဤသို့ လစ်ကွီ ဒေတား ဂိုဏ်းဝင်တို့၏ အင်အား နည်းလာရခြင်း အကြောင်းမှာ ၎င်းတို့သည် ဆင်းရဲသားတို့၏ အကျိုးကို တကယ် မလို လားသဲ၊ မိုင်ဘဝ်း သံဘင်းလုပ်ပြီး- လယ်ပိုင်ရှင်အကျိုး၊ သူဌေးကလေးများ အကျိုးနှင့် ၎င်းတို့ကိုယ်ကျိုးအတွက် သက်သက် လုပ်နေခြင်းကြောင့် ဖြစ်သည်။ ၁၉၁၄-ခုနှစ် ကမ္ဘာစစ်ကြီး ဖြစ်ပွါး လာသောအခါ၊ ကိုယ့်တိုင်းပြည် ကိုသာကာကွယ်ရမည်ဟု ၎င်းတို့၏သတင်းစာများက ရေး

သွား လာကြမြဲ့သည့်ဆင်းရဲသား တောသူတောင်သား အသုဉ်သမားတို့၏ အခွင့်ကောင်း ဟူ၍ကား၊ ခေတ်ထုတ် ရေးသားခြင်းမရှိပေ၊ ငါတို့ပြည်သူ့ဘွင်လည်း ဘုံနည်းနှင့်နှင့် တို့ဗမာ အစည်းအရုံးကြီး ဖျာက်ပြားအောင် ခေါင်းဆောင် ညာ- ခေါင်းဆောင်ဝါဒကို၊ သပုတ်လေမှုန်- ဝေဘမ်း များဝေလိုဝေ၊ စင်မြင့်က ပြောလိုပြော၊ သတင်းစာက ရေးလိုရေး လုပ်နေကြဘူနိုသည်၊

\+ \+ \+ \+ \+

သို့သော်- ဆင်ခြင် သုံးသပ်နိုင်သော ဆင်းရဲသားများ ကား-နားယောင်မည် မဟုတ်ပေ။

အရေးတော်ပုံ အောင်ပါစေ၊

# ဒုတိယပိုင်း။

သရုး သူ — ဦးဘသိုင်း

# ဘာ့ကြောင့် စစ်တိုက်ကြသလဲ။

အဘယ်ကြောင့် စစ်တိုက်ရသနည်းဟု အင်္ဂလန်နှင့်ပြင်သစ်တို့အား မေးလျှင်၊ ၎င်းတို့နှင့် ပတ်သက်သော သူဟူသမျှက- စစ်တိုက်ရခြင်းမှာ တိုင်းပြည်၏ လွတ်လပ်မှုနှင့် အများဆန္ဒ စနစ်အရ၊ အုပ်စိုးသည့် ဒီမိုကရေစီစနစ် ပျက်၍သွားမည်စိုးခြင်းကြောင့်၊ တိုက်ရပါသည်ဟု ဆိုလိမ့်မည်။ သို့မဟုတ်လျှင်လည်း ဟစ်တလာနှင့်တကွ၊ လွန်စွာ ရက်စက်ကြမ်းကြုတ်သည့် နာဇီတို့ကို ပျက်အောင်တိုက်ခိုက်ရသည် ဟူ၍ ပြောကြပေလိမ့်မည်။ ၁၉၁၄-ခုနှစ်၊ ကမ္ဘာစစ်ကြီး ဖြစ်သည့်အခါတွင်လည်း ကိုင်ဇာဘုရင်နှင့်တကွ၊ စစ်လိုလားသည့် ဂျာမဏီလူမျိုးများကို နှိမ်နင်းရန်အတွက် ဖြစ်သည် ဟူ၍ ပြောခဲ့ဘူး၏။ သို့ရာတွင်-ကိုင်ဇာဘုရင်နှင့် စစ်လိုလားသူများ ပျက်၍ သွားသည့်အခါ၊ ဟစ်တလာနှင့် နာဇီတို့၏ နိုင်ထက်စီးနင်း ပြုမှုကို ပျက်ဆီးလို၍ဟု ဆိုပြန်၏။

အင်္ဂလန်ပြည်က ၎င်းတို့သည် ယခု စစ်ပွဲကြီးတွင် ဝင်၍နွှဲရခြင်းမှာ-ဒီမိုကရေစီနှင့် လွတ်လပ်ရေးအတွက် ဖြစ်သည်ဟု အကြောင်း ပြချက်နှင့် ညီညွတ်အောင် လုပ်ရန်မှာ- လက်အောက်ခံ ပြည်ကလေး များကို တခါတည်း လွတ်လပ်ရေးပေးရန် လိုလေသည်။ သို့မဟုတ်လျှင် ဤအ

ချက်တို့အကြောင်းပြ၍၊ အင်္ဂလန်ဘက်မှ ကူညီတိုက်ခိုက်ရမည်ဆိုလျှင်၊ အင်္ဂလန်၏ စေတနာ မသန့်ရှင်းသဖြင့်၊ မည်သူမျှ ကူညီ၍ခါတိုက်ခိုက်လိုကြမည်မဟုတ်ချေ။ အင်္ဂလန်၏ စေတနာကို သံသယ ဖြစ်သဖြင့်၊ အင်္ဂလန်ဘက်မှ ကူ၍ မတိုက်ဘဲ၊ လျစ်လျူရှု၍ နေကြလျှင်-လက်အောက်ခံ ပြည်နယ်များ၏အပြစ်ဟု မဆိုနိုင်ချေ၊ အင်္ဂလန်၏ အပြစ်ပင်ဖြစ်ပေလိမ့်မည်။

## စစ်တိုက်ရခြင်း၏ အကြောင်းရင်း။

ယခုစစ်တိုက်ရခြင်း၏ အကြောင်းရင်းမှာ—ဓနရှင်များ၏အကျိုးကို ထိခိုက်သဖြင့်၊ မခံနိုင်ကြ၍ စစ်တိုက်ရခြင်းပင်ဖြစ်လေသည်။ အင်္ဂလန်၏ သဘောထားမှာ အကယ်၍ဂျာမဏီသည် ရုရှားနှင့်ဖြင်သစ်ကို နိုင်နင်းအောင် တိုက်ခိုက်ပြီးသောအခါ၊ အင်အား ပြည့်ထင်း လာမည် ဖြစ်သဖြင့်၊ အင်္ဂလန်နှင့်တကွ အင်ပိုင်ယာနိုင်ငံများကို ထိခိုက်၍လာမည့်အကြောင်းကို ကောင်းစွာ သိသောကြောင့်၊ ဂျာမဏီ၏သိုးစည်းကို ပိတ်ပင်တားမြစ်ခြင်းပင် ဖြစ်လေသည်။ ဂျာမဏီသည်၊ ယခုကဲ့သို့ အင်အားကြီး၍ လာခြင်းမှာ-အင်္ဂလန်၏တာဝန်ပင် ဖြစ်လေသည်။ အဘယ်ကြောင့် ဆိုသော်-အင်္ဂလန်ပြည်အစိုးရများသည် ရုရှားပြည်ကွန်မြူနစ်ဝါဒပြန့်ပြူး၍လာမည်စိုးသဖြင့်၊ ထိုဝါဒကို နှိမ်နင်းရန်၊ ဂျာမဏီနှင့် အီတလီတို့အား၊ အဆောင်ညှို သည်မှ စ၍၊ ညီတိုင်း

ပြည်များမှာ ထ၀ ထ၀ အင်အား တိုးတက်လာပြီးလျှင်၊ အင်္ဂလန်ကို ရန်သတ္တုရု ပြုနိုင်သည့် အခြေသို့ရောက်၍လာ လေသည်။အင်္ဂလန်ကလည်း-ဇင်းတို့ရိုင် ကိုလိုနီ နိုင်ငံများ ကိုဇင်း၊ဥရောပတိုက်ရှိ ပေါ်တူဂီပြည်ကိုဇင်း၊ အီဂျစ်ပြည်၊ အီရတ်ပြည် စသော ပြည်များကို ထိခိုက်လာလျှင်၊မည်မျှ အင်အားကြီးသည့် ရန်သူ ဖြစ်စေကာမူ-မည်ကဲ့သို့သော အခြေနိုင့်တိုက်ရမည် ဖြစ်သော်လည်း၊အင်္ဂလန်တို့က စစ် တိုက်မည် ဖြစ်ကြောင်းကို နန်းရင်းဝန်ကြီး ချိန်ဘာလိန်က ၁၉၃၉-ခုမတ်လ ၂၄-ရက်နေ့ ဘွင် ထုတ်ဖော် ပြောဆို ခဲ့ကြောင်း၊ ဤသည်ကို ထောက်သဖြင့် အင်္ဂလန်တို့မှာ နေရှင်ဇနစ်အရ၊ မိမိတို့၏ စီးပွါးကို ထိခိုက်လာမည် ဆို လျှင်၊မည်သည့်အခါမဆို စစ်တိုက်မည် ဖြစ်ကြောင်း ထင် ရှားနေလသည်။

ဤကဲ့သို့တပြည်နှင့်တပြည် စစ်တိုက်သည့်အခါ၊နေရှင် အချို့မှာ မနှစ်နာသည်သာမက၊ အမြတ်အစွန်း များပင် ဖြစ်ထွန်းခါ၊စီးပွါးရေး ဖြောင့်၍နေသည်ကို တွေ့ရှိပေလိမ့် မည်၊အထူးသဖြင့် လက်နက်တိုက်ကြီးများ- သေနတ်ကုန် သည်များ- အထည်အလိပ် ကုန်သည်ကြီးများ- အစားအ- သောက်ကုန်သည်များ-စစ် အသုံးအဆောင်နှင့် ပတ်သက် သည့် ကုန်များကိုရောင်းသည့် ကုန်သည်များမှာ အမြတ် အစွန်းထွက်၍ သင်းရဲသားများမှာ မူကား- အကြောက်ဝ ထွင်၊ အစာကျွေးရသကဲ့သို့ တသုန်းသုန်းလဲခါ၊ အသေခံ ကြရလေသည်။သို့ဖြစ်၍လည်း သင်းရဲသားများမှာစစ်ကို

မလိုလားဘဲ၊ အသေသလည်းမခံရ၊ အမြတ်အစွန်းရ၍ ဒီးပွါး ဖြစ်ထွန်းသည့် နေ့ရှင်များကသာ စစ်ကို လိုလားသည်ကို တွေ့ရှိရလေသည်။ ပြည်နယ်ကလေးများ လွတ်လပ်ရေး ကို အကြောင်းပြုသောကြောင့်၊ အင်္ဂလန်သည် အာဖရိက တိုက် တောင်ပိုင်း (Boer War) ဘိုးဝါး စစ်ပွဲတွင် ဝင် ရောက်ခါ တိုက်ခြင်းတရပ်- နန်းရင်းဝန်ကြီး 'အင်စ်ကွစ် ချင့်ဂရေး' တို့သည်၊ ၁၉၁၄-ခုနှစ် စစ်ပွဲများကို တိုက် သည့်အခါများတွင်၊ ဆင်းရဲသားများက ကျွ၍ တိုက်ခြင်း ဖြစ်လေသည်။

## ၁၉၁၄ ခုနှစ် ကမ္ဘာစစ်ကြီး။

၁၉၁၄-ခုနှစ်၊ ကမ္ဘာ စစ်ကြီးကို တိုက်ရခြင်း အ ကြောင်းနှင့် ပတ်သက်၍၊ အကြောင်းပြချက်မှာ- လူမြိုး များအတွက် သဗ္ဗိမြတ်ရှာသော်လည်း။ အမှန်အကြောင်း ခြင်းရာကို သိရှိလာသောအခါတွင်မူကား၊ ယင်းစစ်ပွဲမှာ အ ကြောင်းမဲ့ -ငင်းတို့၏စီးပွါးအလို ငှါးရာမကျော်နှင့်စစ်တိုက် ရခြင်း ဖြစ်သည်ကို တွေ့ရှိရပေလိမ့်မည်။ အင်္ဂလန်သည် အခြားတိုင်းပြည်များနှင့်စာသော်၊ လက်အောက်ခံ နိုင်ငံ အများဆုံး ဖြစ်သော ပြည်ဖြစ်သည်ကို တွေ့ရှိရ ပေလိမ့် မည်။ ၁၈၉၀-ခုနှစ်တွင် အင်္ဂလန်ပြည်ပိုင် လက်အောက် ခံပြည်များ၏ မြေယာအကျယ်အဝန်း တေရှမ်းမိုင်ပေါင်း ၂-သန်းခွဲခန့်ရှိ၍၊ လူဦးရေမှာ ၁၄၅-သန်းခန့် ရှိလေသည်။

၁၈၈၀-ခုနှစ်တွင်မူကား၊အင်္ဂလန်ပိုင်နယ်များ၏ အကျယ်အဝန်းမှာ-စတုရန်းမိုင် ၇-သန်း ၇-သိန်းရှိ၍၊လူဦးရေမှာ ၂၆၈-သန်းရှိသည်ကို တွေ့ရှိရလေသည်။ ၁၈၉၉-ခုနှစ်တွင်မူကား၊ စတုရန်းမိုင် ၁၁၆-သိန်းရှိ၍၊ လူဦးရေမှာ ၃၄၅-သန်းဖြစ်၍လာသည်ကို တွေ့ရှိရလေသည်။ ဤစာရင်းကိုထောက်ရှုခြင်းအားဖြင့်၊အင်္ဂလန်ပြည်သည် ကမ္ဘာပေါ်တွင် လက်အောက်ခံပြည်အများဆုံးရှိသောနိုင်ငံဖြစ်သည်ကို တွေ့ရှိရပေလိမ့်မည်။

ဤကဲ့သို့ကျယ်ဝန်းသည့် လက်အောက်ခံနိုင်ငံများ ရှိရကား-အင်္ဂလန်ပြည်၏ဓနိရှင်များ-ဓနသဘောများ ကုန်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းနှင့် အခြားအမြတ်ရှသည့် လုပ်ငန်းများ၊ တိုးတက်၍လာသည်ကို တွေ့ရှိရပေလိမ့်မည်။သို့ဖြစ်ရကား ၁၈၀၀-ခုနှစ်တွင်၊ အင်္ဂလန်တို့သည် ၎င်းတို့ပိုင် လက်အောက်ခံ နိုင်ငံများတွင်။ ရွှေဒင်္ဂါးသန်းပေါင်း ၂-ထောင်ခန့် အရင်းမြုပ်ထုတ်ခဲ့၊ အမြတ်ညှစ်သွားသည်ကို တွေ့ရှိရလေသည်။ ထိုငွေများပေါ်မှ နှစ်စဉ်နှစ်တိုင်း ဝင်ငွေ သန်းပေါင်း- တရာကျော်ခန့် ရရှိခဲ့၏၊ ၁၉၁၄-ခုနှစ်တွင်မူကား၊ ထိုငွေများမှာ နှစ်သောင်းခန့် တိုးတက်၍ လာခဲ့လေသည်။

ထိုအချိန်တွင် အင်္ဂလန်အား-ကုန်သန်း ရောင်းဝယ်ရေးတွင် အထူးတလည် ယှဉ်ပြိုင်၍ နေသော ပြည်များမှာ-ဂျာမဏီနှင့် အမေရိကန်ပြည်များ ဖြစ်ရာ၊ အမေရိကန်ပြည်အစိုးရတွင် နယ်ချဲ့စနစ်မပေါ်သေး၊ မိုးရိုး ကုန်သန်းရောင်းဝယ်

ရေးဝန်စပ်လှုပ်ဆောင်၍နေသည့် ပြည်ဖြစ်ရကား၊ အင်္ဂလန်တို့က-အမေရိကန်တို့၏ရန်ကိုမစိုးရိမ်ရသော်လည်း၊ ၎င်းတို့နှင့်ဝါဒချင်းတူသည့် ဂျာမဏီ၏ရန်ကို အထူးတလည် စိုးရိမ်ပူ၍လာလေသည်။ ကမ္ဘာပေါ် ရှိလက်နက်အင်အားမပြည့်စုံသော ပြည်များကို ခွဲဝေ၍ယူရာတွင်၊ အင်္ဂလန်နှင့် ပြင်သစ်တို့မှာ-အကောင်းဆုံးနှင့် နယ်အများဆုံးရ၍၊ ဇါတ်ပါနှင့် ဂျာမဏီတို့မှာ-၎င်းတို့လောက် လက်အောက်ခံ နိုင်ငံများမရကြချေ။ သို့ဖြစ်ရကား-လက်အောက်ခံနိုင်ငံ အနည်းငယ်သာရှိသော ဂျာမဏီသည် အင်္ဂလန်ပြည်ပိုင် လက်အောက်ခံနိုင်ငံကို လုယူခြင်းအားဖြင့်၎င်း၊ မိမိထက် သာအင်အားနှဲ့သောပြည်များကို တိုက်ခိုက်၍၊ အပိုင်ယာချလိမ့်မည်ဟု အယူရှိသဖြင့်၊ ဂျာမဏီပေါ်တွင် အတော်မျက်မုန်းကျိုးလျက်ရှိလေသည်။ သို့ရာတွင် အာဗစ်ကတိုက် တောင်ပိုင်း တိုးဝါး-စစ်ပွဲတွင် အင်္ဂလန် တို့မှာ အတော်ပင် ခဲခဲယဉ်းယဉ်းနှင့်တိုက်ခိုက်ရသဖြင့်၊ ဥရောပတိုက်တွင် မဟာမိတ်နိုင်ငံထေးရှိရန်လိုအပ်သည်ကို သိရှိလာလေသည်။ ထို့ကြောင့်-ပဋ္ဌမဦးစွာ ဂျာမဏီနှင့် ပေါင်းရန်၊ စေ့စပ်ဆွေးနွေးရာတွင် သဘောထားကွဲလွဲခြင်းကြောင့် မဟာမိတ်မဖြစ်ဘဲ၊ တဦးနှင့်တဦးမသင့်မတင့်သည့်အခြေသို့ ရောက်ရှိ၍လာလေသည်။ ဘုံ အချိန်တွင် ပြင်သစ်တို့မှာ အင်္ဂလန်နှင့်၎င်း၊ ဂျာမဏီနှင့်၎င်း၊ တဦးဦးနှင့် မဟာမိတ်အဖြစ် ဖွဲ့စည်းရမည့်အရေးကို တွေးတော၍နေရ၏။ အင်္ဂလန်၏ တိုက်ခေါ်ချက်ဖြင့်၊ ဝင်၍မဟာမိတ်ဖွဲ့စည်းရလေ

သည်။သို့ဖြစ်ရကား-ပြင်သစ်နှင့်အင်္ဂလိပ်တို့မှာ၊ ဝေ၍ထား
ကြသည့် အနေမျိုးနှင့် ပြင်သစ်က-အင်္ဂလိပ်အား၊ အီဂျစ်
ပြည်ကို အကျိုးစီးပွါး ရှာဖွေရမည့်ပြည်အဖြစ်ဖြင့် အသိ
အမှတ်ပြုပြီးလျှင်၊ ပြင်သစ်တို့အားလည်း အာဖရိကတိုက်
မြောက်ပိုင်း မော်ရကို ပြည်ကို သိမ်းယူခွင့် ပြုသဖြင့်၊
၁၉၁၁ ခုနှစ်တွင် တိုက်ခိုက်သိမ်းယူခဲ့လေသည်။ ဤကဲ့
သို့ ဝေ၍ထားနေသည်ကို ဂျာမဏီကမြင်သောအခါ မခံနိုင်
သဖြင့်၊ဝင်ရောက်နှောင့်ယှက်ရကား။ ဂျာမဏီပြည်အား
လည်း အာဖရိကတိုက်ရှိ ကွန်ဂိုနယ်ကို ဝေစုအဖြစ်ဖြင့်
ပေးအပ်လိုက်ရလေသည်။ ဂျာမဏီတို့မှာ-ညီတူညီမျှ ဝေ
ရရဆိုက်သော်လည်း၊ အင်္ဂလိပ်တို့ကပြင်သစ်နှင့် ပူးပေါင်း
ပါ စစ်တိုက်ရမည့်တူစစ်ရေးပြနေသဖြင့်၊ ဂျာမဏီတို့မှာ
ရသမျှနှင့် တင်းတိမ်ရောင့်ရဲခဲ့ရလေသည်၊ ထို့နေ့မှစ၍အင်္ဂ
လန်သည်။ရှေ့အဘို့နေရာတိုင်းတွင် ဂျာမဏီတို့ဝင်၍ရှုတ်
လိမ့်မည်ဟု အောက်မေ့ခါ၊ ဂျာမဏီအား-တိုက်ခိုက်ရန်
ပြင်ဆင်လေတော့သည်။

အင်္ဂလန်ပြည်ရှိ နေရှင်ကြီးများက-ဂျာမဏီအား 'အ
ကြီးတူ-ရန်သူ'ဆိုသကဲ့သို့၊ စစ်တိုက်လိုကြသော်လည်း ဂျာ
မဏီလူမျိုးများကို အကြောင်းမဲ့ အင်္ဂလန်ပြည်သားများ
က-မုန်းတည်းသောစိတ်မျိုးပေါ်ပေါက်မည်မဟုတ်ရကား
ထိုစိတ်မျိုး ပေါ်ပေါက်ရန် နေရှင် သတင်းစာကြီးများက
ဆော်၍၊ ဂျာမဏီ တို့သည် အင်္ဂလန်ကို တိုက်ခိုက်ရန်
'မြောက်ပင်လယ်' တွင် လက်နက်အင်အား ပြင်ဆင်နေပြီ

ဟူသောသတင်းမျိုးကို ယုဂ္ဂိ-ယုဂ္ဂိုဒ္ဒါနှင့် စတင်ရေးသားလေတော့သည်။ ပါဝါစီမန်ဖွတ်တော်ကလည်း၊ ဂျာမဏီက စတင်စစ်တိုက်လိမ့်မည်ဟူသောသတင်းမျိုးဖြန့်ဖြူး၍ နေရကား။ စစ်ညွှန်အသုံးစရိတ်အတွက်၊ ငွေအမြောက်အမြား ထုတ်၍ပေးကြ၏။ ထိုငွေများနှင့်လက်နက်ကရိယာ စစ်အသုံးအဆောင်များကို ဝယ်ရခြင်းကြောင့်၊ လက်နက်နှင့်အခြား စစ်အသုံးအဆောင်ရောင်းသော နေရှင်တိုက်ကြီးများမှာ အထူးစီးပွါးဖြစ်ထွန်းလျက်ရှိလေသည်။

ဤစီမံချက်များနှင့်မရှေးမနှောင်းတွင်ပါဝါစီမန် အမတ်များပင်မသိရအောင်။ အင်္ဂလိပ်ကြီးရအဖွဲ့က-တိတ်တဆိတ် ပြင်သစ်ပြည်နှင့် စစ်ဟချုပ်ချုပ်ဆိုကြ၏။ ထိုစစ်ဟချုပ်အရ 'မြောက်ပင်လယ်'တွင် အင်္ဂလိပ်တို့က-စောင့်ပြီးလျှင်၊ဂျာမဏီကိုနှိမ်ရန်နှင့် ပြင်သစ်တို့က၊ မြေထဲပင်လယ်အတွင်းကနေ၍၊ ဂျာမဏီကိုနှိမ်ရန် ဟူသောစီမံချက်ကို စီမံလေသည်။သ်နောက် ၁၉၀၇-ခုနှစ်တွင်။ အင်္ဂလန်နှင့် ရုရှားတို့သည်၊မဟာမိတ်စာချုပ်ကိုချုပ်ဆိုပြီးလျှင်၊ 'ရီဘဲလ်'မြို့တွင် အင်္ဂလန်ပြည်မှ၊သတ္တမမြောက်ဧဒွက်ဘုရင်နှင့် ရုရှားပြည်၊ ဇာဘုရင်ကြီးတို့တွေ့ဆုံခါ၊ မဟာမိတ် အဖြစ်ကို အတည် ပြုလိုက် ကြလေသည်။ ရုရှားနှင့် အင်္ဂလန်တို့ မဟာမိတ်ချုပ်ဆိုသဖြင့်။ ညီညွတ်ကြခြင်းမှာ-ပါရှားပြည်ကို နှစ်ဦးဝေ၍ယူကြပြီးလျှင်။တစတစတိုးဝင်၍လာသော ဂျာမဏီအား၊ ဝေစုမပေးဘဲ မောင်းထုတ်နိုင်ရန် ဖြစ်သဖြင့်။ ဤအရေးတွင်လည်း ဂျာမဏီအား-မော်ရိုကိုပြည်ကို

စေစုခွဲစဥ်ကကဲ့သို့ လက်မဲ့အဖြစ်ဖြင့် ထားရန် ရည်ရွယ်ခြင်းဖြစ်လေသည်။အင်္ဂလန်မှာ-ဂျာမဏီကို အသက်သက်က-ပိုင်း၍တိုက်ရန် ကြံရွယ် သော်လည်း၊ ပြည်တွင်းရေးတွင် အလုပ်သမားအဖွဲ့၏ လုံးလကြောင့်-သပိတ်မှောက်ခြင်းများနှင့်ဆူပူမှုခြင်းများ တရပ်ပြီးတခု ပေါ်ထွန်းနေရကားပြည်တွင်းရေး-မငြိမ်သက်ခြင်းကြောင့်၊စစ်မတိုက်ဘဲ ရပ်ဆိုင်း၍ ထားရလေသည်။ သို့ရာတွင် ၁၉၁၄-ခုနှစ်တွင် သာရာဂျီဗိုမြို့၌ ဩစတြီးယားပြည်မှ၊ ဖါဒီနန်မင်းသားနှင့် ဇနီးတို့ကို၊ ဆားဗီးယားပြည်သား တယောက်က သတ်ဖြတ်သည်မှစ၍၊ကမ္ဘာ့စစ်ကြီးဖြစ်ရလေသည်။

တကမ္ဘာလုံးရှိ လူအများက-ဇိမ်ရှေ့မင်းသား 'ဖါဒီနန်' နှင့် မင်းသမီးကိုသတ်ခြင်းကြောင့်-မခံနိုင်ကြ၍၊ 'အရိုက်ကား-ဖြသုံးမီးလောင်'ဆိုသကဲ့သို့ တပြည်နှင့်တပြည်စစ်တိုက်ကြသည်ဟု ယူဆကြလေသည်။ အမှန်မှာ-ဤယူဆချက်သည် လုံးဝ မှားသည်ကို တွေ့ရှိရပေလိမ့်မည်၊ အကယ် စစ်တိုက်ရခြင်း၏အကြောင်းရင်းများမှာ၊ (၁)အင်္ဂလိပ်နှင့် ဂျာမဏီတို့မှာ၊ပြိုင်ဘက်များဖြစ်ကြသဖြင့်၊ အင်္ဂလိပ်က လက်အောက်ခံ နိုင်ငံများ ဖွင့်၍၊ ကိုယ်ကျိုးရှာသည့်နေရာတွင် ဂျာမဏီအား-လုံးဝ ဝင်ခွင့်မပြု၍ကဲ့သို့ ဝင်ခွင့်မပေးသည်ကို မခံနိုင်သဖြင့်၊ ဂျာမဏီတို့က-မိမိ၏ ဝင်လမ်းကို အစဉ်ရှာဖွေလျက်ရှိ၏၊ဂျာမဏီသွားရန်၊ ဗိမ်သေးသည့်လမ်းမှာ၊ ဂေဟ်လက်တော်ကြီးကို ဖြတ်၍ ဒူရကီမှတဆင့် အရှေ့တောင်ဘက် ခရီးလမ်းများဖြစ်

ရာ။ ထိုလမ်းများကို အင်္ဂလန်ကလိုက်လာ ပိတ်ဆို့လျက် ရှိသည်ကိုတွေ့ရှိရလေသည်။ (၂)ပြင်သစ်နှင့် ဂျာမဏီတို့ မသင့်မတင့်ဖြစ်ရခြင်းမှာ၊ ပြင်သစ်ပြည် အရှေ့ပိုင်းတခွင် တွင်၊သံ၊အမြောက်အမြားထွက်သော်လည်း၊ ကျောက်မီး သွေးအနည်းငယ်သာရှိသဖြင့်၊ ၎င်းသံများကို ထုတ်ယူရန် ခဲယဉ်းလျက်ရှိရာ၊၎င်းသံထွက်သည့်နယ်နှင့် တဆက်တည်း ဖြစ်သည့်၊ ဂျာမဏီ၏ အနောက်ပိုင်းနယ်တွင် များစွာ- ကျောက်မီးသွေး မြောက်မြားစွာထွက်ခြင်းကြောင့်၊ ပြင် သစ်တို့က- ဂျာမဏီပိုင်နယ်များမှ ကျောက်မီးသွေးများ ကိုယူပြီးလျှင်၊မိမိတို့ပိုင်ပြည်ရှိ သံတွင်းကြီးများမှ သံများ ကို ထုတ်ယူ လိုသဖြင့်၊ ဂျာမဏီပိုင် ကျောက်မီးသွေး ထွက်သော ပြည်များကို အလိုရှိကြ၏။ ထို့ကြောင့်-၎င်း ကျောက်မီးသွေးများ ရရန်အလို့ငှါ၊ အင်္ဂလန် ပြည်နှင့် ပူးပေါင်းခြင်းဖြစ်လေသည်။ပြင်သစ်တို့ကဲ့သို့ အခြင်းကျယ် သည့်ဂျာမဏီကလည်း၊မိမိပိုင်ပြည်မှကျောက်မီးသွေးများ နှင့် ပြင်သစ်ပိုင် သံများကို ထုတ်ယူလိုသည့်စိတ် ပေါ် ပေါက်လျက်ရှိရကား၊ ထိုသံများကို တပ်မက်မောသော စိတ်ရှိလေသည်။ ၎င်းကြောင့် ၎င်းနှစ်ပြည်မှာ-အကြီးတူ ရန် သူဟူသောစကားကဲ့သို့၊ ရန်သူများဖြစ်၏။ (၃) ရုရှားနှင့် ဂျာမဏီတို့ မသင့်မျှနိုင်သော အချက်မှာ၊ ရုရှားဘုံက အ ရှေ့ဘက်ဘလွင်ဘွင် နယ်ချဲ့လိုကြ၏။ ၎င်းဘုံနှင့် နည်းတူ ဂျာမဏီကလည်း နယ်ချဲ့လိုသဖြင့်၊ ရုရှားနှင့် ဂျာမဏီတို့ မှာ၊အကြီးတူရန်သူဖြစ်နေကြပြန်၏။ ဤကဲ့သို့ ရောင်ရှိနေ

ရုဘားတဦးနှင့်တမျိုး သဲသဲမဲမဲရုန်းတည်းသော စိတ်များ
ပေါ်ပေါက်၍ လာတော့၏။

ယင်းအချိန်၌ ဂျာမဏီတို့မှာ တူရကီပြည်တို့နှင့် ပလဲ
နှံပ သင့်လာသဖြင့်၊ တူရကီ ပြည်ကို၊ ၎င်းတို့၏ လက်
အောက်ခံပြည် အဖြစ်ဖြင့်ထားရန် ကြံရွယ်လေသည်။ ဤ
ကြံရွယ်ချက်ပြည့်မြောက်သောအခါ၊ မဆိုဒိုးနီးယားမှ
တဆင့်၊ အိန္ဒိယပြည်သို့လာရန် ရည်ရွယ်ချက်များ ထား
သည်ကို သိရှိရလေသည်။ ယင်းရည်ရွယ်ချက်ထမြောက်ရန်
ပဋမဂျာမဏီ၏မြေပုံမှာ။ ဂျာမဏီပြည် ဘာလင် မြို့
တော်မှ၊ တူရကီပြည် ကွန်စတင်တီနိုပိမြို့အထိ။ ယင်းမှတဆင့်
မဆိုဒိုးနီးယားပြည်၊ ဘဂ္ဂဒက်မြို့အထိ၊ မီးရထားလမ်း
ဖေါက်ရန် တောင်းစီမံလေသည်။ ဤကဲ့သို့ စီမံသည်ကို သိ
သောအခါ၊ ရုရှားတို့ကဂျာမဏီတို့ခရီးသို့တိုး၍မသွားနိုင်
ရန်အလို့ငှါ၊ ဘာလင်ဘဂ္ဂဒက်သွား မီးရထား လမ်းကြီး
ဖြတ်၍သွားရမည့်၊ ဆားဗီးယားနယ်ကို ဝင်ပြီးလွှင့်လက်
ပါးကြီးချုပ်၍ ဂျာမဏီကို နှောင့်ယှက်လေသည်။ ပဋမ
ဦးစွာ ရုရှားတို့က-တူရကီ အင်ပိုင်ယာကို ဝေစုအဖြစ်
ဖြင့် ခွဲ၍ယူဟန်နှင့် ဩစတြီးယား ဟန်ဂေရီအင်ပိုင်ယာ
ကြီးကို ဝင်၍အစိတ်စိတ်အမွှာမွှာဖြစ်အောင် လုပ်သော
အခါ၊ ဂျာမဏီတို့မှာ-ရုရှားအပေါ်၌ အလွန်သည်းမခံ
နိုင်သည့်စိတ်များပေါ်ပေါက်၍လာလေသည်။ သို့ဖြစ်သ
ဖြင့် ဩစတြီးယား အိမ်ရှေ့မင်းသားအား နိုးမောင်နှ တိုက်
သတ်လိုက်သည့်အခါ၊ စစ်တိုက်ရန်အကြောင်းပေါ်ပေါက်

ပြီဟုယူဆခါ၊ ယမ်းပေါ်မီးကျပြီးလျှင် ဥရောပတိုက်တတိုက်လုံး မီးဟုန်းဟုန်း တောက်သွားလေတော့သည်။

ဩစတြီးယားနှင့် ဆားဗီးယား- စစ်ဖြစ်သောအခါ၊ ရုရှားက-ဆားဗီးယားဘက်မှဝင်ရ၏။ထိုနောက် ပြင်သစ်တို့ဝင်၏။ ထိုအခါဂျာမဏီကလည်း ဩစတြီးယားဘက်မှဝင်၍ တိုက်ခိုက်၏။ပြင်သစ်တို့ဝင်၍ မတိုက်ခိုက်မီ ကနဦးကပင်၊အင်္ဂလန်သည် ၎င်းတို့ဘက်မှ ကူညီမည်ကို ကောင်းစွာသိ၏။ အဘယ့်ကြောင့်ဆိုသော်-အင်္ဂလန်နှင့် ပြင်သစ်တို့မှာ၊ ရှေးကဦးမဆွကပင်- စစ်မာချုပ်နှင့် ရေကြောင်းစာချုပ်ဆိုထားခြင်းကြောင့်ဖြစ်လေသည်၊ သို့ဦးလျက် ၁၉၁၄-ခုနှစ် စစ်မဖြစ်မီ ကလေးတွင်၊ နိုင်ငံခြားဝန် 'ဆာအက်ဒွက်ဂရေး'က-အင်္ဂလန်ပြည် ပါလီမန်တွင် ပြောဆိုသည်မှာ၊ "အကယ်၍ဥရောပတွင် စစ်ဖြစ်မည်ဆိုလျှင်၊အင်္ဂလန်တို့ဝင်၍ တိုက်သင့်မတိုက်သင့်ဟူသော ပြဿနာကို၊ပါလီမန်ကပင်ဆုံးဖြတ်ရမည်ဖြစ်ရာ၊ ယခု အထိ စစ်ဖြစ်သည့်အခါ၊မည်သည့်ဘက်မှ ပါဝင်တိုက်ခိုက်ရမည်ဟူသော ကတိကဝန်ခံချက်များ တစုံတရာမရှိပါဟု လူသိရှင်ကြား-ထုတ်ဖော် ပြောဆိုခဲ့လေသည်။ နိုင်ငံခြားဝန် 'ဆာအက်ဒွက်ဂရေး'မှာ၊ အစိုးရ အဖွဲ့ဝင်တဦးဖြစ်သည်အားလျော်စွာ၊ထိုဘက်ဆံရေး စာချုပ်များအကြောင်းကို၊ ကောင်းစွာ သိလျက်နှင့် ပါလီမန်တွင် ပရိယာယ်နှင့် ပြောဆိုခဲ့လေသည်။ဤသည်ထောက်သဖြင့်

ပါလီမန်အမတ် အချင်းချင်းပင်လျှင် မသိလျှင် မသိလိုက် လုပ်လေ့ ရှိသော ဖြိတ်သွေးနိုင်ငံရေးပရိယာယ် သမားများ အကြောင်းကို သိနိုင်ပေလိမ့်မည်။

ထို့ရာတွင် အင်္ဂလန် အတွက် မျှော်မှန်းပြု ရသော အချက်မှာ-ဂျာမဏီတို့သည်မိမိတို့ရန်သူဖြစ်သော ပြင်သစ်ကို တိုက်ခိုက်ရန် စီစဉ်ရာတွင် ဘယ်လ်ဂျီယံ ပြည်ကိုဖြတ်ကျော်ခါလာသည်။ အင်္ဂလန်တို့က- ရာဇသံပို့ခါ ပိတ်ပင် တားမြစ်၏။ ထို့ရာတွင်-ဂျာမဏီတို့ကဆုတ်ခွာခြင်း မပြုရကား၊အင်္ဂလန်လည်း ဝင်ရောက်ခါတိုက်ရလေသည်။ အင်္ဂလန်အတွက်အကြောင်းပြချက်မှာ-ဘယ်လ်ဂျီယံ ကဲ့သို့သော အင်အားချိနဲ့သည့်ပြည်ကလေးမျိုးကို ဂျာမဏီကဲ့သို့အင်အားကြီးသောပြည်ကြီးများက-နိုင်ထက်စီးနင်း လုပ်လျှင် ဘယ်လ်ဂျီယံကဲ့သို့ ပြည်နယ်ကလေး များ၏ လွတ်လပ်ရေးဆုံးရှုံးမည်စိုးသဖြင့်ကူညီတိုက်ခိုက်ရခြင်း ဖြစ်သည်ဟု အကြောင်းပြသောအခါ၊ ကမ္ဘာပေါ် ရှိတိုင်းပြည် အသီးသီးက အင်္ဂလန်ကိုအထူးကျေးဇူးတင်ကြ၏၊ အင်္ဂလန်၏ ပြုမူပုံကို သာဓုခေါ်ကြ၏။ထို့ရာတွင်အမှန်မှာ အင်္ဂလိပ် ဘယ်လ်ဂျီယံ-ပြင်သစ်မှာမဟာမိတ်များဖြစ်ကြ၍၊ တဦးကိုတိုက်လျှင်တဦးက-ကူညီစေတမ်းဟူသောလျှို့ဝှက်သည့်သဘောတူညီချက်များ ရှိရကား-အကယ်၍ ဂျာမဏီက ယခုကဲ့သို့ စတင်တိုက်ခိုက်ခြင်းမပြုစေကာမူ၊ အင်္ဂလိပ်တို့မှာ၊ရင်းတို့၏ စစ်သားများကို၊ ဘယ်လ်ဂျီယံ ကမ်းခြေသို့ ပို့ပြီးသွင်း၊ ပြင်သစ်-ဘယ်လ်ဂျီယံ- အင်္ဂလိပ် ပူးပေါင်းခါ၊

ဂျာမဏီကို အလှန်တိုက်ခိုက်ကြပေလိမ့်မည်။ ဤအချက်ကို မသိကြရှာသော အင်္ဂလန် ပြည်သားများမှာ၊ ၎င်းတို့၏ တိုင်းပြည်ခေါင်းဆောင်များပြောသမျှကို ယုံကြည်၍ နေ ကြလေသည်။ သို့ဖြစ်သဖြင့် အနောက်နိုင်ငံ ပရိယာယ် သမားများ၏ ပရိယာယ်ကြီးမားပုံကိုကောင်းစွာ သိနိုင် ပေလိမ့်မည်။

## ကမ္ဘာစစ်ကြီးအပြီး။

ကမ္ဘာစစ်ကြီးပြီးသွားသော ၁၉၁၈-ခုနှစ် ဇန္နဝါရီလတွင် အမေရိကန်ပြည် သမ္မတမင်း ဝီလဆင်က၊ အကြောင်းပြ ချက် ၁၄-ချက်ကိုပြုပြီးလျှင်၊ ငြိမ်းချမ်းမှုကို ပေးခဲ့လေ သည်။ ၎င်းဝီလဆင်၏ ငြိမ်းချမ်းရေးစနစ်မှာ၊ နယ်ချဲ့စနစ် ကိုယ်ကျိုးရှာစနစ် မတရားလုပ်လိုသည့် ကြံရွယ်ချက် မရှိ သည့်တိုင်းပြည်တိုင်း လက်ခံနိုင်သည့် အချက်များ ဖြစ် ရာသား။အောက်တန်းစား ပရိယာယ်မတတ်သည့် လူများ က အသုံးကြိုက်နှစ်သက်ကြ၏။ မိမိတို့တိုင်းသူပြည်သား များ၊ သဘောကျ၍နေသည်ကို သိသောအင်္ဂလန်အစိုးရ တို့မှာလည်း သဘောကျဟန်နှင့် နေလိုက်၏။

ဂျာမဏီတို့မှာမူကား၊ ဒေါသစိတ်များ ဖုံးလွှမ်း၍နေ သဖြင့်၊အစဦးတွင် သဘောမတူသော်လည်း၊၎င်း၏ဘက် တော်သားများဖြစ်သော၊ဘူးလ်ဂေးရီးယားပြည်၊ တူရကီ ပြည်၊ဩစတြီးယားပြည်တို့က၊ ဝတင်၍ အရှုံးပေးသော

အခါ၊ သမတမင်းဝီလဆင်၏ ဖြန့်ဖြေဝေငှမှုကို သဘော ကျသည့်အနေနှင့် ၁၉၁၈-ခုနှစ် နိုဝင်ဘာလ ၁၁-ရက် နေ့တွင် စစ်ကိုအရှုံးပေးခဲ့လေသည်။ ဤကဲ့သို့အရှုံးပေးရန် အခြေသို့ ဆိုက်ရောက်ရခြင်းမှာ၊ သမတမင်း ဝီလဆင်၏ ဖြန့်ဖြေမှုကိုဂျာမဏီပြည်နှင့်တကွ၊ ဘက်တော်သားပြည် များ၌ နေထိုင်လျက်ရှိသော တိုင်းသူပြည်သား များ က-ကြိုက်နှစ်သက်ကြခြင်းကြောင့် စစ်မတိုက်ဘဲ၊ နောက် ဆိုင်းမှ ဂလန့်ဂဆန့်လုပ်၍နေသဖြင့်၊ လေးနှစ်ကျော် တိုက် ၍မနိုင်နိုင်သောစစ်ပွဲကို၊ အတွင်းမီး တောက်မှုကြောင့်၊ ဆုံးခန်းတိုင် ရောက်ရလေသည်။ အတိုချုပ် သဘောမှာ- ဂျာမဏီ ရှုံးရသည့်အချက်ကို၊ စိစစ်၍ကြည့်မည်ဆိုလျှင် မဟာမိတ်တို့ အစွမ်းကောင်း၍ မဟုတ်ဘဲ၊ သမတမင်း ဝီလဆင်၏ ဖြန့်ဖြေမှုကြောင့် အရှုံးပေးရခြင်း ဖြစ်သည် ကို တွေ့ရှိရပေလိမ့်မည်။ သို့ဖြစ်သဖြင့် ဂျာမဏီ တို့စစ်ရှုံး ရခြင်း အကြောင်း ရင်း တရားခံ ကို ရှာမည် ဆိုလျှင်၊ သမတမင်းဝီလဆင်သည် ပဌမတရားခံဖြစ်သည်ဟု ခွပ် စွဲလျှင် မှားနိုင်မည်မဟုတ်ချေ။

ဂျာမဏီနှင့်တကွ၊ ဘက်တော်သားများက၊ အရှုံးပေး ကြခြင်းမှာ-သမတမင်း ဝီလဆင်၏ဖြန့်ဖြေမှုကို အားလုံး လိုက်နာကြလိမ့်မည်ဟု ယုံကြည် ခြင်းကြောင့် ဖြစ်လေ သည်။ သို့ရာတွင် ၎င်းတို့မှာ- မှန်းချေမကိုက်၊ နောက်ဆုံး တွင် ကဆင့်ကရဲ ဖြစ်ခါ အလိမ်ခံရပြီးလျှင်။ အထူး နစ်နာ ခြင်းခံရလေသည်။

## သမတာမင်းဝေါ်လဆင်၏ ဖြန်ဖြေချက်၁၄-ချက်

(၁) ငြိမ်းချမ်းရေးကို အတိအလင်းသဘောတူကြရန်၊ ငြိမ်းချမ်းရေးရပြီးသောအခါ၌ လျှို့ဝှက်သော စာချုပ်များမရှိဘဲ၊ မည်သည့်တိုင်းပြည်နှင့်မဆို ရှင်းရှင်း လင်းလင်း ပရိယာယ်မပါဘဲ ဆက်ဆံရန်။

(၂) ပင်လယ်ကြောင်း လမ်းခရီးများကိုအနှောင့် အယှက်မရှိဘဲ၊ လွတ်လပ်စွာသုံးစွဲခွင့်ရရန်။

(၃) စီးပွါးရေးနှင့်ပတ်သက်သော အချုပ်အချယ် အတား အဆီးမှန်သမျှကို သုတ်သင်ရှင်းလင်းရန်။

(၄) မိမိတိုင်းပြည်ကို ကာကွယ်ရေးအတွက်၊ လက်နက် သင့်တင့် မျှတ, ရှိသော ထားပါမည်ဟု တနိုင်ငံနှင့်တနိုင်ငံယုံကြည်သော ဂတိများပေး ရန်။

(၅) လက်အောက်ခံကိုလိုနီနိုင်ငံများတွင် နေထိုင်ကြ သော တိုင်းသူ ပြည်သားများတို့သည်၊ ၎င်းတို့ အပေါ်တွင်အုပ်ချုပ်သည့် နိုင်ငံကြီး ရှင်များနှင့် အခွင့်အရေးများ ရယူရေးတွင်၊ သမစိတ္တ ဖြစ် စေလျက်။ ထိုနိုင်ငံများကို အသစ်ပြုပြင်ပေးရန်။

(၆) ရုရှားပြည်မှ-ဂျာမဏီတို့သိမ်းချုံထားသောပြည် နယ်များကို ပြန်၍ပေးပြီးလျှင်၊ ရုရှား၏ ဂုဏ်တို့ မထိခိုက်အောင် ပြန်၍နေရာချထားပေးရန်။

(၇) ဂျာမဏီတို့ သိမ်းယူထားသော ဘယ်လ်ဂျီယံ ပြည်နယ်များကိုပြန်၍ပေးအပ်ပြီးလျှင်၊ တိုင်းပြည် အသစ်ထူထောင်ပေးရန်။

(၈) ပြင်သစ်ပြည်မှ ဂျာမဏီတို့ ယူထားသော နယ် အားလုံး အောလ်ဆက်(ဆ) နယ် များ ကိုပါ ပြန်၍ပေးရန်။

(၉) အီတလီပြည် နယ်နိမိတ်ကို လူမျိုးသီးခြား အလိုက် ရှင်းရှင်းလင်းလင်း သတ်မှတ်ပေးရန်။

(၁၀) သြစတြီးယား၊ဟန်ဂေရီ အင်ပိုင်ယာအတွင်းရှိ ပြည်ကလေးများကို လွတ်လပ်ရေးပေးရန်။

(၁၁) ရုမေးနီးယားပြည်၊ဆားဗီးယားပြည်နှင့် မွန်တီနီဂရိုပြည်များကို၊ဂျာမဏီတို့က လွတ်လပ်ရေး ပေးပြီးလျှင်၊ ဆားဗီးယားပြည်ကိုလည်း ပင် လယ်သို့ထွက်ရန် လမ်းများပေးအပ်ပြီးလျှင်၊ယင်း ပြည်နယ်များကို၊ဗောလ်ကန်နယ်များနှင့် ဆက် သွယ် နိုင်ရန်အတွက် နယ်နိမိတ် မျဉ်းကြောင်း များကို လူမျိုးအလိုက်သတ်မှတ်ပေးရန်။

(၁၂) တူရကီပိုင်နိုင်ငံကို အုပ်ချုပ်လုံလုံထားနိုင်ခွင့်ရှိစေ ပြီးလျှင်၊တူရကီနှင့်မျိုးမတူသော လက်အောက် ခံ နိုင်ငံများကိုလွတ်လပ်ရေးပေးရန်။

(၁၃) ပိုလန်နိုင်ငံကို ပြည်သစ်အဖြစ်ဖြင့် ထူထောင်၍ ပေးပြီးလျှင်၊ ပင်လယ်အထိ ခရီးလမ်းဖွင့်၍ ပေး ရန်။

(၁၄) နိုင်ငံပေါင်းချုပ်အသင်းကြီး ထူထောင် ပြီးလျှင် တိုင်းပြည်အချင်းချင်း အကြီးအငယ်မရွေး မျက်နှာမလိုက်ဘဲ အကျိုးထူးခံစားခွင့်ရစေရန်။

အထက်ပါအချက်များအရ၊ တနိုင်ငံနှင့်တနိုင်ငံစေ့ စပ်သဘောတူညီကြမည်ဆိုလျှင်၊ လွန်စွာသင့်တော်မည်ဖြစ်သော်လည်း။ အမေရိကံတို့ကိုယ်တိုင်၊ နောက်ဆုံးတွင် ဂျာမဏီတို့ကြောင့်- ဖြန့်ဖြေ၍ မရသည့်အနေနှင့် အင်္ဂလန် အမှုးရှိသောမဟာမိတ်များဘက်မှတူညီ၍ တိုက်ခိုက်ကြလေသည်။ ဤကဲ့သို့တိုက်ခိုက်ခြင်းမှာ-သမတဝီလဆင်၏အချက် ၁၄-ချက်ကို၊ ဂျာမဏီက မနာယူ၍ တိုက်ခြင်းထက် အင်္ဂလန်အမှုးရှိသော မဟာမိတ်များသည်။ မိမိတို့မှ ငွေများကိုချေးယူထားရာ၌၊ ဂျာမဏီနှင့် တိုက်သည့်စစ်ပွဲတွင် ရှုံးမည်ဆိုလျှင်။ ၎င်းတို့ ချေး၍ထားသည့် ငွေကိုပြန်၍မရမည် စိုးခြင်းကြောင့်တိုက်ခိုက်ရခြင်း ဖြစ်လေသည်။အစဦး၌ အမေရိကံတို့သည် စေတနာ ကောင်းနှင့် လုပ်သည် မှန်သော်လည်း။ နောက်ဆုံးတွင် အတိုင်းတိုင်း- အဖြည့်ဖြည့်က မသမာသော မိတ်များ ရိုက်ကြသဖြင့်၊ ၎င်းတို့လည်း စိတ်ထားသန့်သန့်ရှင်းရှင်းမထားနိုင်ဘဲ နေခြင်းနှင့် တူလေသည်။

ထို့ကြောင့်-ကမ္ဘာ့စစ်ကြီးပြီးသည့်အခါ။ မဟာမိတ်တို့သည်။ဗေလဘာဆေး၌ တိုက်တွန်းနိုးဆော်ချက်အရ။ ဂျာမဏီ အမှုးရှိသော စစ်ရှုံးသည့်ပြည်များကို။ ၎င်းဝန်ခံ

အခဲဖျက်သည့်ပမာ-ဝေရှခွဲလိုက်ကြလေသည်။ ထိုကဲ့သို့ ဗါဒေသး စာချုပ်အရ၊ ဝေရှခွဲလိုက်သည့်အတွက်၊ ယခု ပြန်၍ နှလုံးထူသည့်အခါ အခဲမကြေနိုင်ဘဲ၊ အင်္ဂလန် အ မှုုးရှိသည့်ပြည်များကို၊ ယခုတဖန် ပြန်လည်တိုက်ခိုက်ခြင်း ဖြစ်လေသည်။

အမေရိကန်သည် အင်္ဂလန်အမှုုးရှိသော မဟာမိတ်တို့ ဘက်ကဲ-ကူညီ တိုက်စဉ်က စစ်ပြေငြိမ်းသည့်အခါ၊ အင်္ဂ လန်အမှုုးရှိသော မဟာမိတ်တို့သည်၊ သမတဝီလ ဆင်၏ အချက် ၁၄-ချက်အရ၊ စစ်ပြေငြိမ်းရေးကို လုပ် ဆောင်လိမ့်မည်ဟု မြော်လင့်ခဲ့ကြလေသည်။ သို့ရာတွင် ထင်တိုင်း မပေါက်ရကား၊ သမတကြီး လစ်သရုယ်ခေါ် မျှမျှတတ ဆုံးဖြတ်သည့် ဂိုဏ်းဝင်များနှင့် အောက်တန်း စားအုပ်စုသမား၊ ဂိုဏ်းသားများကို၊ ၎င်းတို့၏ အမိုးရများ မတရားပုံ- မမျှတပုံများ ရေတ်ဘော်၍ ပြောမည် ဆိုလျှင် အင်္ဂလန်-ပြင်သစ်-အီတလီ စသော ပြည်များသုံးခု၊ ပြည် တွင်းရေး သူပုန်ထကြွမှုကြောင့် တိုက်ခိုက် သတ်ဖြတ်မှုများ ကြောင့်၊ လူပေါင်းများစွာ သေကြေပျက်စီးမည်ကို စိုးရိမ် သဖြင့်၊ အရေးမယူဘဲ ငုံ၍ခံလိုက်ခြင်း ဖြစ်လေသည်။ အခြားတချက်မှာ၊ ဤကဲ့သို့ပြည်တွင်းရေး သူပုန်ထအောင် လုပ်ခြင်းကြောင့်၊ ရုရှားပြည်ကဲ့သို့ ဒုံဝါဒနစ်များပေါ် ပေါက်ခါ၊ တကမ္ဘာလုံးကို လွှမ်းမိုး၍ သွားမည်ကိုလည်း စိုးရိမ်ကြလေသည်။ ထို့ကြောင့်-အမေရိကန်တို့၏ ဖြန့်ဖြေ ချက်မှာ၊ အရေးရှုံးနိမ့်၍ သွားရလေသည်။

## ရုရှားပြည်အခရေး။

ရုရှားနှင့်ဂျာမဏီတို့သည် ကမ္ဘာစစ်ကြီး အတွင်းက ပြိုင်ဆိုင်၍တိုက်ခိုက်ကြရာတွင် စစ်ပွဲတိုင်း ရုရှားတို့မှာ အကြီးအကျယ်ရှုံးကြ၏၊ တိုက်ပွဲတိုင်းရှုံးသဖြင့်၊ အရာရှိများနှင့်တကွ၊ စစ်သားများမှာ စစ်မြေပြင်တွင် စစ်ရှုံးသည်ဟူသောစကားကိုကြားရတိုင်း၊ စိတ်ဓါတ်များပျက်ပြား၍သွားကြ၏။ထို့ဖြစ်သဖြင့် မည်သူမျှ စစ်မတိုက်လိုကြချေ။ ထို့ကြောင့်-၎င်းတို့သည် ဂျာမဏီကို အရှုံးပေးပြီးလျှင်စစ်ပြေငြိမ်းရန် စေ့စပ်ကြရ၏။ရုရှားတို့စစ်အရှုံးပေးကြရခြင်း၏ အကြောင်းကြီး ၃-ချက်မှာ၊ (၁) စစ်သားများကစစ်မတိုက်လိုကြသဖြင့်၊ ကလန်ကဆန်လုပ်ခါ နေခြင်း၊ (၂)အလုပ်သမားများက-အလုပ်ရှင်များအပေါ်တွင် အကြပ်ကိုင်ခါ၊မတန်တဆအခရှုံးများကို တောင်းဆိုခြင်းအားဖြင့်၊ ပြည်တွင်းရေး စီးပွါးပျက်ပြားရခြင်း၊ (၃)မီးရထားများသွား၍မရအောင် ကစင့်ကခဲဖြစ်ခါ၊ ရောင်းချ၍မရခြင်းများဖြစ်လေသည်။ အထက်ပါ အချက်များထက်သာ၍အရေးကြီးသောအချက်မှာ၊ရုရှားပြည်တွင်ဘုံဝါဒစနစ်များပျံ့ပွါး၍လာသဖြင့်၊ ရှေးအခါကလူနှိပ်စက်ခဲ့သောအစိုးရများကို ပုန်ကန်သို့ ဆော်မှုများမှာ ထမြောက်အောင်မြင်သောကြောင့်၊ဘုံဝါဒီစနစ်များ ပျံ့နှံ့၍သွားခြင်းကြောင့်ဖြစ်လေသည်။

ဤကဲ့သို့ ရုရှားတို့က ဂျာမဏီကို အရှုံး ပေးပြီးသော

အခါ၊ ရုရှားပြည်၌ အစိုးရကတဘက်၊ ဆင်းရဲသား ဘုံဝါဒ သူပုန်များကတဘက် တိုက်ခိုက်၍ နေကြလေတော့သည်။ လူမျိုးအချင်းချင်း သတ်ဖြတ်မှုမှာ-ကမ္ဘာစစ်ကြီး ပြီးသော်လည်း၊ မပြီးဖြတ်ဘဲ နေရကား၊ ရုရှားပြည်တွင် ဘုံဝါဒပျံ့နှံ့၍လာမည်ကို အလွန်တရာ ထိတ်လန့်ခြင်း ဖြစ်နေသည်။ အင်္ဂလန်တို့က ဘုံဝါဒသမားများကိုနှိမ်နင်းရန် စစ်သားများ ပို့ရလေသည်။ စစ်သားများ အဘယ်ကြောင့်ပို့ရသည်ကို တစုံတရာ ပြော၍မပြသဖြင့်၊ အလုပ်သမားဆင်းရဲသားများက၊ မကြေမနပ်ဖြစ်ကြ၏။ ၎င်းတို့အား-အမြောက်စာအဖြစ်ဖြင့်၊ အကြောင်းမဲ့ ကျွေး၍ နေကြသည်ကို မခံနိုင်ကြချေ။ သို့ဖြစ်ရကား- အမြောက်စာကျွေးသည့်လုပ်ငန်းကိုအားမပေးဟုဆို၏။ အကြီးအကျယ် သပိတ်၍ နေကြပြီးလျှင်၊ အသင်းအကိုင်များ ရင်ဆိုင်ကြလေသည်။

ဤကိစ္စနှင့် ပါတ်သက်၍၊ အလုပ်သမား ခေါင်းဆောင် မစ္စတာဟာဘတ်မော်ရစ်ဆင်က၊ ပြောဆိုသည်မှာ။ အင်္ဂလန်နှင့်တကွ မဟာမိတ်တို့ ရပေါင်းခါ။ ရုရှားကိုတိုက်၍ နေခြင်းမှာ၊ ရုရှားပြည် ဘော်လ်ရှီဗစ်ဝါဒကိုရင်း။ ခေါင်းဆောင်ကြီး လယ်နင်ကိုရင်း၊ တိုက်ခိုက်ခြင်းမဟုတ်ဘဲ။ တကမ္ဘာလုံး၌ ဆင်းရဲသားများစည်းလုံး၍ သွားပြီးလျှင်။ အင်အားကြီးမား၍သွားမည်ကို စိုးရိမ်သဖြင့်။ တိုက်ခိုက်နေခြင်းဖြစ်ရကား။ ထရိပ်ယူနီယံခေါ် အလုပ်သမား အသင်းအပင်းများပျက်စီးရေးကိုရည်ရွယ်၍လုပ်ခြင်း ဖြစ်သ

ဖြင့်။ အလုပ်သမားများက အခင်အားရှိသလောက် ကန့်ကွက်ရမည် ဖြစ်ကြောင်း’ ပြောဆိုပြီးလျှင်။ ရုရှားပြည်ကို စစ်တိုက်မှုနှင့်ပါတ်သက်၍၊ အလုပ်သမားများကမလိုလား ကြောင်း မဲခွဲစေရာတွင်။ စစ်တိုက်ရန် မလိုလားသူ များက ၁၈၉၃၀၀၀-လိုလားသူက။ ၉၃၅၁၀၀-မဲဖြစ်သဖြင့်။ မဲတသန်းခန့်နှင့် အဆိုမှာ-အနိုင်ရလေသည်။

ဤအဆို ဆုံးဖြတ်ပြီးသောအခါ၊ အလုပ်သမားများက အစိုးရတို့ ထိထိရောက်ရောက် အရေးယူနိုင်ရန် အလို့ငှါ။ ၂၄-နာရီအလုပ်ရပ်စဲပြီးလျှင်။ မြို့များတွင် စီတန်းလမ်းလျှော်ခါ။ အကြီးအကျယ်အခင်အား ပြကြလေသည်။

အလုပ်သမားများက၊ အခင်အား ရှိသလောက်၊ ကန့်ကွက်၍ နေကြသော်လည်း။ အင်္ဂလိပ်အစိုးရမှာ၊ စစ်ကို မရပ်စဲသည့်သဘောမက၊ ပိုလန်တို့က၊ ရုရှားကိုချည်း တိုက်ခိုက်၍ နေရာတွင်၊ ပိုလန်ဘက်မှ၊ လက်နက်အခင်အား အလုံးအရင်းနှင့် ကူညီကြလေသည်။ ထိုသို့ကူညီရာတွင်၊ ၁၉၂၀ ခုနှစ် မေလ-၁၀-ရက် နေ့တွင်၊ ပိုလန်ပြည်သို့ လက်နက်များ တင်ပို့ရန်၊ ‘ဂျော်လီးဂျော့’ ခေါ် သင်းဘော ပေါ်သို့ တင်စေရာတွင်၊ အလုပ်သမားများက၊ ရုရှားပြည်ကို၊ စစ်တိုက်မည် လုပ်ငန်းကို အားမပေးဟု ဆို၍၊ အလုပ်ရပ်စဲကြ၏။ သင်းဘောပေါ်သို့ ကျောက်မီးသွေး တင်သူများကလည်း၊ ကျောက်မီးသွေး မတင်ဘဲ၊ သပိတ် မှောက်ကြသဖြင့်၊ သင်းဘောမှာ ရုရှားပြည်ကို တိုက်ရာတွင်၊ အသုံး

ပြုမည့် လက်နက်များ၊ မယူဆောင်နိုင်ဘဲ ရှိလေတော့သည်။

၁၉၁၇-ခုနှစ်မှစ၍၊ အလုပ်သမား များမှာ၊ စစ်ကို မတိုက်လိုကြပြီဟု ဆိုပြီးလျှင်၊ ဖြင်သစ်ပြည်၊ အင်္ဂလန်ပြည် ဂျာမဏီပြည်နှင့် အီတလီပြည်ရှိ အလုပ် သမားတို့သည် တညီတညွတ်တည်း၊ ဘာမျှမလုပ်ကြဘဲ၊ သပိတ်မှောက်၍ နေကြသဖြင့်၊ ဆိုင်ရာအစိုးရတို့မှာ၊ ဆက်လက်၍ စစ် မတိုက်နိုင်ဘဲ ရှိကြလေသည်။ ထို့ကြောင့် ကမ္ဘာစစ်ကြီးကို ပြီးငြိမ်းအောင် လုပ်သူ များမှာ တကမ္ဘာလုံးရှိ အလုပ်သမားများပင် ဖြစ်လေသည်။

## တရုပ် ဂျပန်အရေး။

အင်္ဂလန်သည် တိုင်းပြည်ရေးရာတွင် နယ်ချဲ့ စနစ်နှင့် နေရှင်များ ကောင်းစားရေး တရားတည်းကိုသာ အရင်းပြု၍ အလုပ်လုပ်သည်ကို တွေ့ရှိရလေသည်။ လွန်ခဲ့သည့်ကမ္ဘာ စစ်ကြီးက အင်္ဂလန်ဘက်မှ အမေရိတ်-ရုရှား ဖြင်သစ်-အီ တလီနှင့်ဂျပန်တို့ ကူညီတိုက်ခိုက်သော်လည်း ဂျာမဏီ၏ အင်အားမှာ ကြီးမားလှသဖြင့် စစ်ကို မနိုင့်တနိုင်နှင့် ပြီး ငြိမ်းအောင် လုပ်ဆောင်ခဲ့ရ၏။ သို့သော်လည်း ၎င်းတို့၏ စီးပွားရေးနှင့်လက်အောက်ခံ နိုင်ငံများ၏ အရေးအတွက် ၎င်းတို့မှာ ငြိမ်းချမ်းသာယာရေးကို ဂရုမပြုနိုင်ဘဲ မိမိတို့ ပြည့်တွင်းရှိ နေရှင်များ၏ ကောင်းစားရေးကိုသာ လုပ်

ဆောင်ကြရသော ငုင်းတို့မှာ သွယ်ဝိုက်၍သော်လည်း တိုက်ရိုက်သော်လည်း အစဉ်ထာဝရ စစ်တိုက်၍နေရသည်ကိုတွေ့ရှိရလေသည်။ သို့ရာတွင် ယခုအကြိမ် စစ်ဖြစ်သောအခါ ရှေးကကဲ့သို့ အမေရိကန်နှင့်ရုရှားတို့မှာ အင်္ဂလန်၏ စိတ်ထားကို သိ၍လာပြီ ဖြစ်သဖြင့် အင်္ဂလန်ဘက်က ကူညီတိုက်ခိုက်ခြင်း မပြုကြတော့ချေ။ အိန္ဒိယပြည်-အာဖရိကတိုက်နှင့် အာရှပျော်လယ်တကိုက်ရှိ ပြည်များကဲ့သို့သော နောက်ပိုင်းမှ ‘မြေမှုန်-တင်းဖောက်’ ဆိုသကဲ့သို့ လုပ်မည်ကို ပင်လျှင် မိုးရိပ်ရလေသည်။ ဤကဲ့သို့ ပြည်ရေးများနှင့်ပတ်သက်၍ နန်းရင်းဝန်ကြီး ချိန်ဘာလိန် စစ်မဖြစ်မီ အချိန်က ပြောဆိုသည်မှာ ယခုတကြိမ် စစ်ဖြစ်လျှင် မည်သူမျှ နိုင်အောင် တိုက်နိုင်ကြလိမ့်မည် မဟုတ်ဟု ပြောဆိုခဲ့လေသည်။ ငုင်းစကား၏ ဆိုလိုရင်း အဓိပ္ပါယ်မှာ အတိုင်းတိုင်း အပြည်ပြည်ရှိ အလုပ်သမား ဆင်းရဲသားများသည် ရှေးအခါက ကဲ့သို့ ရိုက်ရိုက်ခဲခဲ စစ်တိုက်ကြမည် မဟုတ်ဘဲ နောက်ပိုင်းတွင် ပြည်တွင်းရေး သူပုန်ထ၍ စစ်ကိုရပ်စဲစေပြီးလျှင် မိမိတို့၏ အင်အားပြည့်အောင် လုပ်ဆောင်ကြလိမ့်မည်ဟူ၍ ယူဆပြောဆိုခြင်း ဖြစ်လေသည်။

အင်္ဂလန်သည် အရှေ့ဘက် တိုင်းပြည်များအရေးတွင်လည်း ပါဝင် စွက်ဖက်ခဲ့၏။ ၁၉၃၁-ခုနှစ်တွင် ဂျပန်တို့သည် တရုပ်ပြည်-မန်ချူးရီးယားနယ်ကို ဝင်ရောက် တိုက်ခိုက် ခဲ့ရာတွင် တရုပ်နှင့်ဂျပန် မည်သူလွန်သည်ကို စစ်

သေးရန် 'လော့ဒ်လစ်တန်' အမှူးရှိသော စုံစမ်းရေး ကော်မတီကို စေလွှတ်၍ စုံစမ်းစေ၏။ ထိုကော်မတီက ဂျပန်လွန်ကြောင်းကို အတိ အလင်း အစီရင်ခံ၏။ သို့ရာတွင် အင်္ဂလန်သည် ဂျပန်တို့ တရုတ်ပြည်အပေါ်တွင် ရိုးရိုးကြီး ကျူးကျော်သည်ကို ရင်ဆိုင်းရန် တစုံတရာ တားမြစ် ပိတ်ပင်ခြင်း မပြုသည့်အပြင် ဂျပန်အား လက်နက်အင်အား အလုံး အရင်းနှင့် ကူညီခဲ့၏။

ဤမှမကသေး-ဂျပန့်ပြည်၏ ငွေရေးကြေးရေး မပျက်ပြားစေရန် အလို့ငှာ ဂျပန် 'ယင်' (Yen) ဒင်္ဂါး တည်တန့်ရေးကို အထူးတလည် ကူညီလုပ်ဆောင်ခဲ့လေသည်။ ဤကဲ့သို့ လုပ်ခြင်းမှာ နိုင်ငံပေါင်းချုပ် အသင်းကြီးနှင့် တကွ အမေရိကန်-ရုရှားတို့နှင့် ပူးပေါင်းခါ ဂျပန်ကို-တရုတ်ပြည် အပေါ်တွင် နိုင်ထက်စီးနင်း မလုပ်ရန်အတွက် ပိတ်ပင် တားမြစ်ခြင်းမှာ မသွယ်ကူသည့်အပြင် ထိုလုပ်ငန်း ထမြောက် အောင်မြင်ဖြို့လျှင်လည်း တရုတ်ပြည်တွင် ဘုံဝါဒ စနစ် ပျံ့နှံ့၍သွားခါ ရှေ့အဘို့ အင်္ဂလိပ်တို့၏ အကျိုးကို ထိခိုက်မည်ကိုစိုးရလေသည်။ အခြားတဘက်တွင် မူကား ဂျပန်ကို ကူညီခြင်းအားဖြင့် ဂျပန်တို့က အပြန် အလှန် ကျေးဇူး ခံစားရအောင် ဂျပန်တို့ကလည်း လုပ်ဆောင်၍ ပေး၏။ မန်ချူးရီးယားကို ဂျပန်တို့က တိုက်ခိုက်၍ နေစဉ် အင်္ဂလိပ်တို့မှာ တရုတ်ပြည်တွင် အကျိုး ခံစားခွင့် ခံစား ထိုက်သော အခွင့်အရေးများကို ခံစားနိုင်ခွင့် ရအောင်

ဂျပန်တို့က ရှည်သည့်ပြင် တရုတ်တို့မှာလည်း ဂျပန်တို့ သဲသဲမဲမဲ တိုက်၍နေရသဖြင့် အင်္ဂလိပ် လုပ်သမျှကို ငုံ၍ ခံ၍ နေရကား ဂျပန်နှင့်ပူးပေါင်းရေးမှာ အင်္ဂလိပ်တို့အတွက် အလွန်အကျိုးများသည်ကို တွေ့ရှိရလေသည်။

အထက်ပါအချက်များအဖြင့် အကယ်၍ ဂျပန်တို့သည် တရုတ်ပြည်ကို တနယ်ပြီးတနယ် သိမ်းပြီးသည့်အခါ ထို နယ်များ ကြီးပွားရန်အတွက် ငွေပင်ငွေရင်းနှင့် မြေရလုပ် ဆောင်ရမည် ဖြစ်ရကား ထိုငွေများကို အင်္ဂလန်မှပင် ချေး ယူရမည် ဖြစ်သဖြင့် ရှေးအတိုင်း တရုတ်ပြည်တွင် အင်္ဂလန်တို့ အကျိုးခံစားခွင့် မြောက်များစွာရှိသည်ကို မြော်ကိုး မိရ ကား အင်္ဂလန်တို့မှာ တရုတ်ဘက်က မနေဘဲ သွယ်ဝိုက်၍ ဂျပန်ပြည်ဘက်က ကျည်ခြင်းဖြစ်လေသည်။

## ရုရှား၏ အရေး

ရုရှားပြည်သည်-ကမ္ဘာစစ်ကြီးပြီးစက နလံ မထူနိုင် အောင် အားအင် ချိနဲ့၍ သွားသော်လည်း ယခု အခါ တကမ္ဘာလုံးကို အာခံ၍ နေနိုင်သော အခြေ အနေ သို့ ရောက်ရှိလေပြီ ဤကဲ့သို့ရောက်ရခြင်းမှာ အင်္ဂလန်၏အကူ အညီ ကြောင့်ပင် ဖြစ်လေသည်။ အင်္ဂလန်သည် ရုရှား၏ ဆင်းရဲသားဘုံဝါဒ နောက် ပြန့်ပွား၍လာမည် စိုးရိမ်သဖြင့် ရုရှားကို သိသိရောက်ရောက် ခုခံတိုက်ခိုက်နိုင်မည့် ပြည် တပြည် ရှာလိုရှိရကား-ဂျပန်ပြည်ကို ယခုကဲ့သို့ အင်

အားဖြည့်တင်းအောင် လုပ်ဆောင်၍ ပေးခြင်း ဖြစ်လေသည်။ အင်္ဂလန်၏ ဆန္ဒမှာ-အကယ်၍ ဂျာမဏီကို ရုရှားတို့က တိုက်ခိုက် သိမ်းပိုက်လိုက်လျှင်၊ ရုရှား၏ ဆင်းရဲသားဘုံဝါဒစနစ်မှာ-ဥရောပ တတိုက်လုံးသို့ ပျံ့နှံ့သွားပြီးလျှင်- အင်္ဂလန်ပြည်နှင့် ပြင်သစ်ပြည်တို့၏ အကျိုးစီးပွါးများကို ထိခိုက်စေသည့်သာ မက- အင်္ဂလန်ပြည်ရှိ နေရှင်များပါ ပျက်စီး၍ သွားမည်ကို စိုးရိမ်ကြောင့်ကူသော စနစ်ပင်ဖြစ်လေသည်။ ထို့ကြောင့်လည်း- ဂျာမဏီပြည် လက်နက်အင်အား ဖြည့်တင်းရာတွင်၊ အင်္ဂလန်တို့က ရှုညီခြင်း၊ ဩစတြီးယားပြည်ကို ဂျာမဏီတို့ သိမ်းစဉ်က၊ လျစ်လျူရှု၍နေခြင်း၊ ချက်ကိုစလိုဗေကီးယားပြည်ကိုသိမ်းစဉ်က-ပါဝင်တူညီခြင်း စသော အမှုများကို ပြုခြင်းဖြစ်လေသည်။ ဤ အချက်များကို ထောက်လျှင်၊ ဂျာမဏီ တည်းဟူသော ကျားသေကို အသက်သွင်းသူ တရားခံမှာ အင်္ဂလန်ပင် ဖြစ်သတော့သည်။

## အီတာလီ အရေး။

အီတာလီပြည်သည်၊ အဘီစီးနီးယားပြည်ကို ထိုးစစ်ဆင်စဉ်အခါက- နိုင်ငံပေါင်းချုပ် အသင်းကြီးက-အီတာလီပြည်ပေါ်တွင်-ထိထိ ရောက်ရောက် အရေးယူရန် စီမံသည့်အခါတွင်အင်္ဂလန်က-လျော့ရဲရဲလုပ်၍၊ အီတာလီပြည် ပေါ်တွင် အရေးမယူဘဲ နေခြင်းကြောင့်၊ အဘီစီးနီးယားပြည်

မှာ နိုင်ငံပေါင်းချုပ် အသင်းသားဖြစ်လျှင်၊ ဆီတလီ၏ လက်အောက်ခံ-ကျွန်နိုင်ငံ အဖြစ်သို့ ကျဆင်း၍ သွားရလေသည်။

ဤအရေးတွင် အင်္ဂလန်က- ထိထိရောက်ရောက် ဆီတလီအပေါ်၌ အရေး မယူခြင်းမှာ- အကယ်၍ စစ်ပွဲတွင် နိုင်ငံပေါင်းချုပ် အသင်းကြီး၏ အရေးယူမှုကြောင့်-ဆီတလီ စစ်ရှုံးရမည်ဆိုလျှင်၊ ဆီတလီပြည်တွင် ပြည်တွင်းရေး သူပုန်ထမည် ဖြစ်ရကား၊ ထိုသူပုန်ထမှုသည် ဂျာမဏီပြည်သို့ ပျံ့နှံ့၍ သွားပြီးလျှင် ဥရောပ တတိုက်လုံးကို ခြောက်ခြား၍ သွားအောင်ကူးစက်ပျံ့ပွါးလာမည်ကို စိုးရိမ်ခြင်းကြောင့် ဖြစ်လေသည်။အခြား တချက်မှာ-အဘိစီးနီးယား တည်းဟူသော လူမဲ လူမျိုးများသည် ဆီတလီတည်းဟူသော လူဖြူမျိုးကို ၁၈၉၄-ခု နှစ်ကကဲ့သို့ နိုင်အောင် တိုက်နိုင်ခဲ့လျှင်၊ အဘီစီးနီးယား အနီးပတ်ဝန်းကျင်ရှိ အင်္ဂလိပ် လက်အောက်ခံ ပြည်များနှင့် တကွ၊ အခြား လူမဲ တိုင်းပြည်များ အားတက်၍၊ အဘိစီးနီးယား၏ အတုကိုယူ၍ သူပုန်ရှုပ်ရှားအောင် လှုံ့ဆော်ကြလျှင် အင်္ဂလန် အင်ပိုင်ယာကြီး မငြိမ်မသက် ဖြစ်ပါသွားမည်ကို စိုးရိမ်ခြင်းကြောင့်ဖြစ်လေသည်။ ထို့နည်းတူ အယ်လ်ဘေးနီးယား (**Albania**) ပြည်ကို ဆီတလီ သိမ်းစဉ်ကလည်း အင်္ဂလန်တို့လျစ်လျူရှု၍နေခြင်းမှာ၊ အင်္ဂလန်၏ အကျိုးစီးပွါးကြောင့်ပင် ဖြစ်သည်ဟု ဆိုရ ပေလိမ့်မည်။

## (၄) စပိန်ပြည်တွင်းရေး စစ်ပွဲ။

စပိန်ပြည်တွင် ဘုံဝါဒ ဆန့်သော အစိုးရ အဖွဲ့နှင့် စစ်ဗိုလ်ချုပ်ကြီး-ဖရန့်ကို-ကြီးမှူးသည့် သူပုန်များ အပြိုင်အဆိုင်တိုက်ခိုက်ရာတွင် အင်္ဂလန်က-သူပုန်ဘက်မှ ကူညီအားပေးခဲ့လေသည်။ဤကဲ့သို့ အားပေးခြင်းမှာ စပိန်သူပုန်များကို ကူညီနေသည့်အီတလီအား မိမိဘက် ပါစေချင်၊ အင်္ဂလိပ်-ပြင်သစ်-အီတလီပူးပေါင်းကာ-ဂျာမဏီကို- ဆန့်ကျင်ရန်အတွက် ဖြစ်လေသည်။ အဘီစီးနီးယားပြည်ကို တိုက်ခိုက်စဉ်အခါက-ဤနည်းတူ-သုံးပြည်ထောင် ပေါင်းစင်ရေးကို ကြိုးစားခဲ့သော်လည်း၊အင်္ဂလန်၏ကြိုးပမ်းမှုမှာ အထမမြောက်ဘဲ ဖြစ်ခဲ့၏။သို့ရာတွင်-ယခု စပိန်ပြည်ရေးတွင်မူကား၊ထမြောက် အောင်မြင်လိမ့်မည်ဟု-မြော်လင့်ခဲ့လေသည်။ ဤကဲ့သို့ မြော်လင့်ခဲ့သော်လည်း အင်္ဂလန်ပြည်၏အင်္ဂလိပ်-ပြင်သစ်-အင်္ဂလန်ပူးပေါင်းရေး လုပ်ငန်းသည် ရင်း၊စပိန်ပြည်-သူပုန်ခေါင်းဆောင် ဖရန့်ကိုအား-အီတလီနှင့်ဂျာမဏီ-မိတ်ဖျက်အောင်လုပ်၍ ပေးရန်-စီမံချက်များ အရင်း၊ထမြောက် အောင်မြင်ခြင်းမရှိဘဲ-လုံးဝ ပျက်စီးရလေသည်။

စပိန်ပြည်သူပုန်များထံသို့ အင်္ဂလန်က လက်နက်များပို့သည့်အခါ၊စပိန်ပြည်အစိုးရတို့က ထိုလက်နက်တင်ဆောင်လာသည့်သင်္ဘောများကို၊ သိမ်းဆည်းကာ ထားလိုက်၏။ ထိုအခါ အင်္ဂလန်အစိုးရက-စပိန်ပြည်-အစိုးရထံသို့ ဤကဲ့

သို့

သို့ဆက်လက်၍ သိမ်းဆည်းချိုထားမည်ဆိုလျှင် အင်္ဂလန်တို့က-ရေတပ်အလုံးအရင်းနှင့် လာရောက်၍ အရေးယူမည်ဟုသော ခြိမ်းခြောက်ပြီးလျှင် သင်္ဘောများကို သိမ်းဆည်းထားရာမှ လွှတ်ရန် စီမံလုပ်ဆောင်ခဲ့လေသည်။ ဗိုနိအစိုးရထံသို့-ဤကဲ့သို့-ခြိမ်းခြောက်စာများပို့သော်လည်း၊ ဗိုနိသူပုန်တို့က အင်္ဂလိပ်-သင်္ဘောများကို-ရက်ပေါင်းအတော်ကြာသိမ်းဆည်းချိုထားသည့်အခါ၊ အင်္ဂလန် အစိုးရတို့က ခြိမ်းခြောက်စာတို မပို့ဘဲ၊ သဘောယာညွှန်းပြောင်း၊ ပြောဆိုရေးသား၍၊ သင်္ဘောများကို အနှောင့်အယှက်မှလွှတ်စေလေသည်။ ဗိုနိသူပုန်တို့၏လက်ချက်ကြောင့်၊ အင်္ဂလိပ်သင်္ဘောသားများသေဆုံးသွားသောအခါ၊ ထိုသတ်ဖြတ်မှုများကိုအရေးမယူရန်အလို့ငှာ ရေကြောင်းဝန်ကြီးမစ္စတာဗင်(ဗ်)ကူးပါးက-ဗိုနိသူပုန်များဘက်မှနေ၍ ရှေ့နေလိုက်၍၊ ခွင့်လွှတ်ပါမည့်အကြောင်း အမျိုးမျိုးသော အကြောင်းပြချက်များနှင့်ပါလီမန်တွင်တောင်းပန်လေသည်။ သို့ရာတွင် ဒေးသောက်ရန်ပိုက်ဆံမရှိ၍ သင်္ဘောသား အဖြစ်ဖြင့်အသက်မွေးရသည့်သင်္ဘောသားများ ဖျက်စီးသေဆုံးရသည့်အတွက်၊ ဝမ်းနည်းစကားပင်၊ ပါလီမန်တွင် မပြောရကား၊ အင်္ဂလန်ပြည်ရှိ အလုပ်သမားများက အလူးနာကျည်းကြလေသည်။

အင်္ဂလန်ပြည်ရှိ စစ်သင်္ဘောများကို၊ ဗိုနိပြည် အစိုးရဘက်မှ၊ စစ်သင်္ဘောများ၊ စစ်တိုက်ရင်း ရေတွင်နစ်မြုပ်၍၊ အသက်ဆုံးရှုံးသွားမည့် အရေးကြောင့်၊ အသက်ကယ်

ဆယ်ရှန် အလို့ငှါ။ စစ်သင်္ဘောများ ဖွတ်သင့်ကြောင်း တောင်းပန်သောအခါ၊ ရေကြောင်းဝန်ကြီး ဇင်(မ်)ကူးပါး ကား ဤကဲ့သို့လုပ်လျှင် စပိန်ပြည်တွင်းရေး စစ်ပွဲတွင် ပါဝင် ကျူးရောက်မည်ဖြစ်သဖြင့်၊ ရုတ်သိမ်းသင့်ကြောင်းကို ဖြေကြားပြောဆို၏။ ထိုအခါတွင် စပိန်ပြည်သူပုန်တို့၏ စစ် သင်္ဘောတစ်စင်းနစ်ဆုံးသောအခါ၊ အင်္ဂလန် ရေကြောင်း တပ်ကသွားရောက်၍၊ သူပုန်သင်္ဘောသားများကို ကယ် ဆယ်ပြီးလျှင်၊ သူပုန်အစိုးရဘက်သို့ပြန်၍အပ်ခဲ့၏။ အင်္ဂလန် တို့မှာ မိမိတို့၏ စစ်သင်္ဘောသားများ၏ အသက်ထက်၊ စပိန်ပြည်သူပုန်များ၊ စစ်နိုင်ရေးက-ပို၍အရေးကြီး၏။ ဤကဲ့ သို့မိမိတို့၏သင်္ဘော သားများသေကြေပျက်စီးသည်ကို မ ထေမဲ့မြင်ပြုသောအခါ၊ တိုင်းသူပြည်သား အမတ်များမှာ ဒေါသဖြစ်လာသဖြင့်၊ သည်းမခံနိုင်၍ဆူပူရကား၊ နန်းရင်းဝန် ကြီး ချိန်ဘာလိန်ကိုယ်တိုင်က၊ ဤကဲ့သို့ အင်္ဂလိပ်သင်္ဘော သားများသေဆုံးရခြင်းအကြောင်းနှင့်ပတ်သက်၍ စုံစမ်း မည်ဖြစ်ကြောင်း၊ စပိန်သူပုန်ခေါင်းဆောင်- ဖရန်ကို က ကလည်း အကာယ်၍ရင်း၏ လေတပ်သားများ၏လက်ချက် ကြောင့်၊ အင်္ဂလိပ် သင်္ဘောသားများအသက် ဆုံးရှုံးရ သည်ဟူသောအချက်ကို သက်သေ လုံလောက်စွာ ပြနိုင် လျှင် ဖရန်ကိုက၊ ထိုအသက်ဆုံးရှုံးသူများအတွက် လျော် ကြေးပေးပါမည်ဟု ကတိပေးကြောင်းကို ထုတ်ဝေပြော ဆိုလေသည်။ ဖရန်ကိုက လျော်ကြေးပေးရန် ကတိပေးသည် ဟူသောအချက်မှာ၊ မူသဘောကားမျှသာဖြစ်ရာ၊ ဤကဲ့သို့

သော ဂတ်ကောင်းမျိုးကိုလည်း မည်သည့်အခါမျှ ဖရန်ကို ကမပေးခဲ့ချေ။ ထိုနောက် ချိန်သာလိန်က ဂတ်အတိုင်း စုံ ဲမ်းရေးကိုလုပ်သောအခါ၊ ပေါ်န်သူပုန်များထံမှ သတင်းသေ များကိုသော်၎င်း၊ စစ်၌နှစ်ခုံးသည့် သင်းဘောများ၏ကိုယ်စား လှည့်များ၊ သင်းဘောသားများ၊ ဝုံးကြွခံရသည့်သင်းဘော သားများနှင့်ပေါ်န်အမိုးရဘက်မှ သတင်းသေများကို တစုံတ ရာစစ်ဆေးခြင်းမပြုရကာ၊ သင်းဘောပိုင်ရှင်များက-လူ့ထိ ရှင်ကြား၊ ထိုစုံစမ်းရေးကော်မတီ၏ပြုမူပုံမတရားကြောင်း ကိုထုတ်ဖော်ပြောဆိုကြလေသည်။

ပေါ်န်ပြည်၏ အရေးနှင့်ပတ်သက်၍ အင်္ဂလန်တို့၏ ပြုမူ ပုံကို သေချာစွာ ကြည့်ရှုမည်ဆိုလျှင် အင်္ဂလန်တို့သည်၊ ပေါ်န်အမိုးရများကို စစ်ပွဲတွင် အသုံးပြုရန် ၊လက်နက်များ တစုံတရာ မရအောင် ပိတ်ပင်ပြီးလျှင်၊ သူပုန် များကိုမူ ကား၊ လက်နက်အမျိုးမျိုးရအောင် အင်္ဂလန်ပြည်၏ အခြ ဇာခံပြည်ဖြစ်သော ပေါ်တူဂီပြည်မှတဆင့်ပေးပို့ခြင်းမှာ၊ ပေါ်န်ပြည်အမိုးရဘက်သားများကို ချုပ်၍ပေးပြီးလျှင်၊ သူ ပုန်များကိုနိုင်အောင် တဘက်သတ်ကူညီခြင်းပင်ဖြစ်လေ သည်။ ဤကဲ့သို့လုပ်ခြင်းမှာ၊ အီတလီပြည် မိမိတို့ဘက်သို့ပါ ပြီးလျှင်၊ ဂျာမဏီနှင့် အိုးစားကွဲရန် အတွက် ကိုသင်ကျူးကို ကြည့်၍လုပ်ခြင်းဖြစ်ရာ၊ အတိုက်အခံအမတ်များက ဤစီမံ ချက်ထ မြောက်အောင်မြင်ခြင်းမရှိဘဲ၊ ပေါ်န်ပြည်သည်၊ ဖက် စစ်တိုင်းပြည်များ၏ လက်အောက်ခံ တိုင်းပြည်အဖြစ်သို့ ရောက်၍သွားမည်ဆိုလျှင်၊ အင်္ဂလန်တို့သည် နောက်တကြိမ်

စစ်ပွဲကိုတားဆီးနိုင်မည့် မဟုတ်သောမက၊ မိမိတို့အင်ပိုင်ယာကြီး ဖရိုဖရဲ ဖြစ်၍၊ မသွားရန်ကိုပင် ကာကွယ်ရန်ခဲယဉ်းလိမ့်မည်ဖြစ်ကြောင်းကို ပြောဆိုခဲ့လေသည်။ အခဘယ်၍ အင်္ဂလန်တို့သည် ပိုလန်ပြည်အစိုးရထက်မှ ကူညီတိုက်ခိုက်မည်ဆိုလျှင် အင်္ဂလန် ပြင်သစ် ပိုလန် ပူးပေါင်းခံမည်ဖြစ်သဖြင့်၊ အီတလီနှင့် ဂျာမဏီတို့ကို အလွယ်တကူနိုင့်နှိမ်နင်းနိုင်ပေလိမ့်မည်။ ယခုမှာမူကား၊ ပိုလန်သူပုန်များထက်မှလိုက်မိသဖြင့်၊ အင်အား ပျက်ပြားရသည့်ပြင်၊ မိမိတိုင်းသူပြည်သားများ၏ အကြည်ညို ကင်းမဲ့ခြင်းကို ခံရလေသည်။

## (၁) လက်နက်လျှော့ပေါ့ရေး

အင်္ဂလန်ပြည်သည်၊ အခြားပြည်များနှင့် ပူးပေါင်း၍ လက်နက်လျှော့ပေါ့ရေး လုပ်ငန်းတွင် ပါဝင်ကူညီခဲ့လေသည်။ အင်္ဂလန်၏ ကိုယ်စားလှယ်အဖြစ်ဖြင့်၊ လက်နက်လျှော့ပေါ့ရေး ကွန်ဖရင့်ကို တက်ရောက်ရာတွင်၊ မိမိနှင့်တကွ၊ ဆာဂျွန်ဆိုင်မွန်တို့မှာ၊ လက်နက် လျှော့ပေါ့ရေးကို အသည်းလိုလားခဲ့ကြောင်း၊ သို့ရာတွင် လက်နက်လျှော့ပေါ့ရေးလုပ်ငန်းကို ပါတီဝင်အမတ်များက မကြိုက်မနှစ်သက်ကြသဖြင့်၊ ၎င်းလုပ်ငန်းကိုစွန့်ပယ်ခဲ့ရကြောင်းများကို လော့လန်ဒန်ဒေရီက ပြောဆိုခဲ့လေသည်။ သို့ရာတွင်၊ လန်ဒန်ဒယ်ရီကိုယ်တိုင် နေ့စဉ် နေ့တိုင်း ငြိမ်းချမ်းရေးကို လိုလား

ကြားသည့်သူများက-လက်နက် လျှော့ပေါ့ရေးကို ထပ်ခါ
တလဲလဲ ပြောဆိုနေရကား၊ ၎င်းတယောက်တည်း သ
ဘောချင်း မတိုက်ဆိုင်ဘဲ နေခဲ့ရကြောင်းကို ထုတ်ဖော်
ပြောဆို၏။ သဘောတွန့်ဆိုင်းမှုမျှ မရှိကား၊ လက်နက်လျှော့ပေါ့
ရေးအကြောင်းပြောဆိုနေသည့်အချိန်တွင် လက်နက်လုပ်
သည့်တိုက်ပိုင်ရှင်ကြီးများဘက်မှနေ၍ ငြိမ်းချမ်းရေး သ
မားများကို၊ ထိခိုက်စေမည့်စကားများ-ပြောဆိုသည်ကို
တွေ့ရှိရလေသည်။ ဤကဲ့သို့တဘက်တွင် တကမ္ဘာလုံးအား
ဖျည့်စေး၍နေသော်လည်း နောက်ပိုင်းတွင်၊ ရန်သူ့ရှုမြ
မှုနှင့်စစ်တိုက်မည့်လုပ်ငန်းများ၊အစိုးရတို့ အကျိုးဖြစ်ထွန်း
စေမည့် လုပ်ငန်းများကို ငြိမ်းချမ်းရေးနှင့်ဆန့်ကျင်၍ လုပ်
လျောက်ရှိလေသည်။

ဤကဲ့သို့လုပ်ကြခြင်းမှာ၊ ပါလီမန်တွင်၊ အမတ်-၆၀၀
အနက်၊၄၀၀-ခန့်တို့မှာလုပ်ငန်းပိုင်ရှင် ဓနရှင် သူဌေးကြီး
များဖြစ်ရကား၊၎င်းတို့၏အကျိုးနှင့်ဆန့်ကျင်၍မလုပ်ဝံ့ခြင်း
ကြောင့်ဖြစ်လေသည်။ အင်္ဂလန်ပြည် ပါလီမန်တွင်ရှိ အ
မတ်များအနက် ၁၈၁-ယောက်မှာ ကုမ္ပဏီကြီး ၇၇၅-ခု
တွင် ဒါရိုက်တာလူကြီးများဖြစ်လေသည်။ ၎င်း ကုမ္ပဏီ
ကြီးများမှာ- သင်္ဘောတိုက်ကြီးများ၊ အာသင် အာမခံများ၊
ငွေချေးသည့်ကုမ္ပဏီများ၊ မီးရထားနှင့်သင်္ဘော၊ သံကရိ
ယာစက်ကြီးများ၊အရက်တိုက်ကြီးများ၊ ဗီးကာရက် ဆေး
လိပ်၊အထည်အလိပ်၊သတင်းစာ၊ဓါတ်မီး၊ဓါတ်ဆီ၊ရွှေတွင်း
ငွေတွင်း၊ကျောက်မီးသွေး၊ကြက်ပေါင်စေး၊လေသာက်ခြင်း၊

လယ်နက်အမျိုးမျိုး၊ မော်တော်ကားအမျိုးမျိုးစသော လုပ်ငန်းပိုင်ရှင်ကြီးများက မနုကြေးငွေ အင်အားနှင့် ဆောင်ရွက်၍နေရကား၊ ပါကီစတန်နိုင်ငံတကာ အစိုးရအဖွဲ့ တခုလုံးမှာ၊ ၎င်းတို့၏လက်တွင်းဘွင် မွန်းမံ့ချယ်လှယ်သမျှကိုခံ၍နေကြရလေသည်။ ပါကီစတန်က လုပ်သမျှ လုပ်ငန်းများမှာလည်း အင်္ဂလန်ပြည်နှင့်တကွ- ဗြိတိန်နိုင်ငံများ၊ ကိုလိုနီနိုင်ငံများနှင့် အင်ပိုင်ယာနိုင်ငံများကိုထိခိုက်၍ နေရကား၊ တန္တယ်ငင်-တငင်ပါ ဆိုသလို၊ နေရှင်နစ်၏ လက်ချက်ကြောင့် နစ်နာခြင်းခံရလေသည်။ ထို့ကြောင့်- လက်နက်လျော့ပေါ့ရေး လုပ်ငန်းသည် ၎င်းတို့အတွက်- အကျိုးမဖြစ်ထွန်းဘဲ အကျိုးယုတ်စေသည့် လုပ်ငန်းဖြစ်ရကား၊ လက်နက်လျော့ပေါ့ရေးကို ပါကီစတန်တခုလုံးက သဘောမတူနိုင်ဘဲရှိလေသည်။ ဤသည်ကိုထောက်လျှင်-အင်္ဂလန်ပြည် အစိုးရအဖွဲ့၏ စိတ်ဓာတ်မှာ မသန့်ရှင်းကြောင်းကို သိရ ပေလိမ့်မည်။

## (၆) နိုင်ငံပေါင်းချုပ်အသင်း၊

နိုင်ငံပေါင်းချုပ် အသင်းကြီးသည်၊ ဥရောပတိုက်ရှိ-ပြည်များသာမဟုတ်ဘဲ၊ ကမ္ဘာလုံးရှိ ပြည်များကိုပါ ညှိ၍သွင်းထားသဖြင့်၊ အသင်း ကြီး-အလယ်လယ်ပ ဟူသော စကားကဲ့သို့ ထိထိရောက်ရောက် ဘာကိုမျှ မလုပ်နိုင်ချေ။ ထို့အသင်းကြီးတွင်-ဒီးပွားရေးနှင့် ပတ်သက်၍၎င်း၊ နိုင်ငံ

ရေးနှင့်ပတ်သက်၍၎င်း၊ ငွေရေးကြေးရေးနှင့်ပတ်သက်၍၎င်း၊ မတရားအညွန့်ခူးမှုများကို၎င်း၊ ထိထိရောက်ရောက် ဖိတ်ပင် တားမြစ်စေသည့် အာဏာမရှိသည့်ပြင်၊ နိုင်ငံပေါင်းချုပ်အသင်းဟူ၍ နာမည် မှည့်ထား ခေါ်သည်။ နိုင်ငံအသီးသီးကထိထိရောက်ရောက် လုပ်ဆောင် နိုင်စေမည့် အသင်းကြီးတရပ်မပေါ်ပေါက်ရန် လုပ်ဆောင်ခြင်းပင် ဖြစ်လေသည်။

ဤအသင်းကြီးမှာ၊ နိုင်ငံ အသီးသီးက-ကိုယ်စားလှယ်များ၊ အခြား ရိုးသားသည့်တိုင်းသူပြည်သားများကို ဖြည့်စားရန်ဖြစ်လေသည်။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ၊ နိုင်ငံအသီးသီးက-၎င်းတို့၏ ကိုယ်စားလှယ်များ လုပ်သမျှကို အများဆုံးဖြတ်ချက် အရ-လိုက်နာပါမည်ဟူသော အာဏာပေးမထားခြင်း ကြောင့် ဖြစ်လေသည်။ ထို့ကြောင့်- ဤနိုင်ငံပေါင်းချုပ် အသင်းကြီးအပေါ်တွင်၊ အထူးသဖြင့်၊ လက်အောက်နိုင်ငံပြည်များနှင့် အင်အားချိ့ သောပြည်များက အင်အားကြီးသည့်ပြည်များ ကောင်းကျိုးအတွက် တည်ထောင်ထားသည့် 'အေးဝါးပွဲ' အသင်းကြီးဟု ခေါ်ဆိုကြလေသည်။

## အင်္ဂလန် လက်အောက်ခံ ပြည်များ။

အင်္ဂလန်၏ လက်အောက်တွင်၊ ကနေဒါ၊ ဩစတြေးလီးယား၊ အာဖရိကတောင်ပိုင်း၊ နယူးဇီလန်-စသော ဒိုမီနီ

ယ နိုင်ငံများ အပြင်-မလေးကျွန်းဆွယ်၊ မိုးဂုတ်စ်၊ နိုဘင်ကြီးမိုးယား၊ ထမိန်နီဒတ်ကျွန်း၊ ဂိုဒ်ဗီးယား၊ ကေညာ၊ တန်ဂန်ညီကာ၊ ဇချူးနားလင်၊ အာဖရိက အနောက်တောင်ပိုင်း၊ ဗါစူရှိကျွန်း၊ ဖြစ်ထိသျှီယာနား၊ ဖော့ကလံကျွန်း၊ သီဟိုဠ်ကျွန်း၊ ဇေဒ်နီဗူ၊ ပါလစ်စတိုင်း-ငဒေသ ကိုလိုနီနိုင်ငံများ အပြင်၊ အိန္ဒိယပြည်နှင့် မြန်မာပြည် အစိုးရိယာ နိုင်ငံများဖြစ်လေသည်။

ဤလက်အောက်ခံပြည်များကို အသီးသီးဘုရင်ခံများခန့်ထား၍ သီးခြားအုပ်ချုပ်ရေးပေး၍ထားသော်လည်း ၎င်းတို့အပေါ်တွင် အင်္ဂလန် ပါလီမန်ကချုပ်၍အုပ်စိုး၏။ ဤကဲ့သို့အုပ်စိုးရာတွင် အာဏာနှင့်တမျိုး၊ ငွေကြေးငွေနှင့် တမျိုးဟူ၍ အုပ်စိုးပုံများ ကွဲပြားခြားနားလေသည်။ အာဏာမှာ ဗြိတိသျှပါလီမန်၏အက်ဥပဒေများနှင့် အစွယ်အပွားဖြစ်သောစစ်တပ်နှင့် အခြားလက်နက်အင်အားများဖြစ်၏။ အခြားတချက်မှာ ငွေအင်အားဖြစ်၍ အင်္ဂလန်ပြည်မှ ငွေအလုံးအရင်းသုံ့သောင်းခါ၊ ထိုပြည်များတွင်၊ တသ တသ မြှုပ်နှံ၍ထားရာဘူး၊ ယခုအခါ ကနေဒါနှင့် နယူးဖေါင်လန် ပြည်များတွင်၊ ရွှေဒင်္ဂါး ၄၄၃-သန်း၊ ဩစတြေလီးယားနှင့်နယူးဇီလန်တွင် ၆၅၁-သန်း၊ အိန္ဒိယပြည်နှင့် သီဟိုဠ်ကျွန်းတွင် ၄၃၇-သန်း၊ ထို့ပြင် အခြားပြည်နယ်များတွင်လည်းအလားတူ ငွေပေါင်း မြောက်များစွာ မြှုပ်နှံထားသည်ကိုတွေ့ရှိရပေလိမ့်မည်။ ဤကဲ့သို့ ငွေကြေးငွေနှင့်၎င်း၊ အာဏာနှင့်၎င်း အုပ်စိုး၍ နေရကား၊ ထိုပြည်များမှာ အင်္ဂလန်

ပြည်၏ ငါကြီးထဲတွင် တဝဲလည်လည်နှင့် နေရသည်ကို တွေ့ရှိရပေလိမ့်မည်။

အင်္ဂလန် တို့သည် သာမန်အားဖြင့်၊ ထိုပြည် များကို ကိုယ်ပိုင် အုပ်ချုပ်မှုပေးသည်ဟုဆိုသော်လည်း အမှန်မှာ၊ မိမိပြည်အရေးကို၊ မိမိ သဘောအတိုင်း၊ ဆုံးဖြတ်နိုင်ခွင့် ရှိသင့်သလောက်မရှိကြချေ။ ထိုအခွင့်အရေးမျိုး ရအောင် လုပ်ရန်မှာ ဤပြည်များ၏ တာဝန်ဝတ္တရားဖြစ်၍၊ ထိုအခွင့် အရေးမျိုး မပေးအောင် လုပ်ရန်မှာ- အင်္ဂလန်ပြည်ရှိ နေ ရှင်များကြီးမှုးသော ပါဒ်မန်ဘွင်ရှိသည့် ငါးပွါးရှင် အ မတ်ကြီးများ၏ တာဝန်ပင်ဖြစ်လေသည်။

ထိုပြည်များအနက်-အိန္ဒိယပြည်နှင့် မြန်မာပြည်၏ အ ခြေအနေမှာ သာ၍ ဆိုးဝါးလေသည်။ အိန္ဒိယ ပြည်က အိန္ဒိယ အုပ်ချုပ်ရေး အက်ဥပဒေဟူ၍ရှင်း။ မြန်မာပြည် အား-မြန်မာပြည် အုပ်ချုပ်ရေးအက်ဥပဒေ ဟူ၍ရှင်း။ အုပ် ချုပ်ရေးများ ပေးပြီးလျှင်၊ ဗိုလ်ကရေစီခေါ်-အများ စနစ် ဒီခရေ။အုပ်ချုပ်ရေးဆန်ဆန် ပေးအပ်ခဲ့လေသည်။ ဤကဲ့သို့ ပေးအပ်ခဲ့သော်လည်း၊ အုပ်ချုပ်ရေးမှာ- ဗိုလ်ကရေစီထက် များစွာ အောက်တန်းကျသည်ကို တွေ့ရှိရပေ လိမ့်မည်၊ ဤအုပ်ချုပ်ရေး များကို အိန္ဒိယပြည်နှင့် မြန်မာပြည်တွင် ကျွန်ုတချုပ် အသင်းကြီးဟူ၍ (Char ter of Slabery) ဟူ၍ခေါ်ခါ၊ မကြေမနပ် ဖြစ်ကြသဖြင့်၊ အဝေး ဆူပူကြ၏။ ကန့်ကွက်ကြ၏၊ အင်္ဂလန် အစိုးရအပေါ်တွင် မကြေမနပ် ဖြစ်ကြကြောင်းကို အတိအလင်း ထုတ်ဖော် ပြောဆိုခါ

နေကြ၏။ သို့ရာတွင် အင်္ဂလန်ပြည်၊ ဒိုင်ဟတ်သမား အယင်များကမူကား၊ ဤမျှမကောင်းသော အုပ်ချုပ်ရေးများ ပေးရန်ပင်လျှင်၊ အတော်ကန့်ကွက်ကြသည်ကို တွေ့ရှိရပေလိမ့်မည်။

ဤကဲ့သို့၊ တဘက်သတ် ကိုယ်ကျိုးရှာ ဒေ့ရှုင် များက ကန့်ကွက်၍ နေသောအခါ၊ ထိုသူများ-စိတ်နှစ်သိမ့် စေရန် အလို့ငှါ၊ အိန္ဒိယပြည်နှင့် မြန်မာပြည်ဆိုင်ရာ နိုင်ငံခြားဝန်ကြီး သာ-ဆဲမြူရယ်ဟိုးက ၁၉၃၃-ခုမတ်လ ၂၇-ရက်နေ့တွင်၊ ဘိလပ်ပါလီမန်၌ အောက်ပါအတိုင်း ပြောဆိုခဲ့လေသည်။ "အိန္ဒိယပြည်တွင် ဘုရင်ခံချုပ်နှင့် ပြည်နယ် ဘုရင်ခံများ အမြင့်-အမြဲ ရာထူးကြီးများကို၊ အင်္ဂလန်ပြည် ရှင်ဘုရင်ကပင် ခန့်ထား ရပေလိမ့်မည်။ ပနိုညာဉ်ထမ်းရာထူးများ၊ ပြည်ထောင်စုဗဟိုရ်၏ အုပ်ချုပ်ခန့်ခွဲသည့် အရာရှိများ၊ ပြည်နယ်အစိုးရ လက်အောက်ခံ ရာထူးများကို ပါလီမန်က ခန့်ထားပြီးလျှင်၊ ပါလီမန်ကပင် ကာကွယ်စောင့်ရှောက်ရပေလိမ့်မည်။ အိန္ဒိယပြည်ကို အုပ်ချုပ်ရာတွင် အခရာဖြစ်သော စစ်တပ်ကိုလည်း ပါလီမန် လက်အောက်တွင်၊ လုံးဝရှိ၍ နေကြောင်း။ ဤကာကွယ်ချက်များသည် စက္ကူပေါ်တွင် သာမန်ရေးထားသော ကာကွယ်ချက်များမဟုတ်။ အစိုးရ အဖြစ်ဖြင့် ထိုင်ဆိုးမှ အုပ်ချုပ်ရန် ခွင့်ပြုထားသော သူများ၏ လက်တွင် အာဏာကြီးများကိုပေးအပ်ပြီးလျှင်၊ ထိထိရောက်ရောက် အသုံးချနိုင်ခွင့်

ကိုလည်း ပေးချို့ထားကြောင်းကို ထုတ်ဖော် ပြောဆို လေသည်။

စစ်ဗိုလ်ချုပ်ကြီး တဦး ဖြစ်သော ဆာ အဲလ်ဖရက် နော့(စ) (Sir Alfretknox) က ၁၉၃၄-ခုနှစ်ဝင်ဘာလ ၄-ရက်နေ့တွင် ပြောဆိုသည်မှာ- အိန္ဒိယ ပြည်သည် ဒိုမိုကရေစီ အုပ်ချုပ်ရေးစနစ်ကိုလော် ခံရန်-အဆင်သင့် မရှိသေးကြောင်း၊ သာမန်မဲဆန္ဒရှင်မှာ ၆-နှစ်သား အရွယ်ကလေးလောက်သာ ပြည်ရေးပြည်ရာ ရပ်ငန်းကို တတ်သိကြောင်း၊ ထုတ်ဖော် ပြောဆို လေသည်။ ဤသည်ကို ထောက်သဖြင့်၊ အင်္ဂလိပ်အစိုးရတို့သည် မြန်မာပြည်-အိန္ဒိယပြည် အမျိုးရှိသော ပြည်များကို လွတ်လပ်ရေးပေးရန် မဆိုထားဘိ၊ ဒိုမိုကရေစီစနစ်အစေ့ကိုပင်မပေးလိုကြောင်း ထင်ရှားလေသည်။

ဂျေ-စတူးဝတ်မီလ် (J.Stuart Mill) ခေါ်-ပညာရှိ တဦးက ၁၈၆၁-ခုနှစ်တွင်၊ ထုတ်ဝေထားသည့် တင်မြှောက် အုပ်ချုပ်သည့်အစိုးရ(Representative Government) စာအုပ်တွင် အောက်ပါအတိုင်း ရေးသား ထားသည်ကို တွေ့ရှိရပေ လိမ့်မည်။

"The Government of a people by itsele has a meaning and a reality, but sush a thing as Government of one people by another does not and cannot exist. One people may keep another as a warren or preserve for its own use, a place to make money in, a human cattle

farm, to be worked for the profit of its own inhabitants; But if the good of the Governed is the proper business of a Government, it is utterly impossible that a people should directly attend to it."

“တိုင်းပြည်ကိုမိမိလူမျိုးနှင့်အုပ်ချုပ်ခြင်းသည်အဓိပ္ပါယ်ရှိ၏၊ အဘစ်အမှန်ဖြစ်၏။ လူမျိုးတမျိုးကို အခြားတမျိုးက-အုပ်ချုပ်ခြင်းမှာ မရှိသင့်ချေ၊ လူမျိုးတမျိုးသည် လူမျိုးတမျိုးကို ၎င်းတို့၏ အကျိုးကျေးဇူးအတွက် စီးပွားရှာရန်နှင့်၎င်း၊ ကျွဲနွားတိရစ္ဆာန်ကဲ့သို့ အသုံးပြုခြင်းအားဖြင့်၎င်း၊ မိမိတို့ အကျိုးစီးပွားအတွက်သာလျှင် ထားနိုင်ပေလိမ့်မည်။ သို့ရာတွင်-အုပ်ချုပ်ခြင်း ခံရသောသူများ၏ အကျိုးစီးပွား အတွက်-လုပ်မည်ဟုဆိုလျှင်၊ ဤနည်းသည် အထမြောက် နိုင်မည်မဟုတ်ချေ”ဟုရေးဆိုထားသဖြင့်၊ တိုင်းသူပြည်သား အကျိုးစီးပွားအတွက် လုပ်သည်ဟု မည်သည့် နည်းနှင့်မျှ မဆိုနိုင်ချေ။

အထက်ပါအချက်များကိုထောက်ခြင်းအားဖြင့်၊ အင်္ဂလန်ပြည်အစိုးရတို့သည် လက်အောက်ခံ တိုင်းပြည်များ အကျိုးထက်၊ မိမိတို့အကျိုးကိုလိုလားကြောင်းမှာ- ထင်ရှားလေသည်။ အင်္ဂလန်တို့သည် နယ်ချဲ့သောစနစ်ကို- ဝတင်လုပ်ဆောင်လာခဲ့သည်မှစ၍ စစ်ပွဲပေါင်းမြောက်များစွာ တိုက်ခိုက်လာခဲ့ကြရာ၊ ထိုစစ်ပွဲများမှာ၊ ၎င်းတို့၏-ရန်သူများက အလွန်အမင်းမတရားမှုများ ပြုလုပ်သဖြင့်၊ မခံနိုင်၍ တိုက်ရသောစစ်ပွဲများမဟုတ်ဘဲ၊ မိမိတို့ အကျိုး

စီးပွားများတိုးတက်ရန်၎င်း၊ နယ်သစ်များရရန်၎င်း၊ နယ်သစ်များရှာဖွေရာတွင်-နယ်ချဲ့သမားအချင်းချင်း အကြီးတရန်သူ ဟူသကဲ့သို့ နယ်လုရာမှစ၍ ဖြစ်ရသည့် စစ်ပွဲများဖြစ်လေသည်။

ဤကဲ့သို့ တိုက်ပွဲများတွင်-ဆင်းရဲသား အမြောက်အမြား၊ ဇုံးဟာများမှာ ဘာမျှမသိကြရဘဲ၊ ဓနရှင်များ ပိုင်သည့်သတင်းစာကြီးများက အမျိုးမျိုးလှည့်စား ရေးသားခြင်း၊ အခြားဝါဒဖြန့်ဖြူးခြင်း မဟုတ်တာကို အဟုတ်ဖြစ်အောင်-သတင်းအမျိုးမျိုးထွင်ခြင်းအားဖြင့်၊ဆင်းရဲသားများမှာဟုတ်နိုးရာရာထင်မှတ်ပြီးလျှင် ထိုတိုက်ပွဲများတွင် ပါဝင်ကူညီတိုက်ခိုက်ကြရလေသည်။ အင်္ဂလန်ပြည်ရှိ ဆင်းရဲသားများသာမဟုတ်၊ အခြားလက်အောက်ခံပြည်များမှ ဆင်းရဲသားများမှာလည်း ထိုနည်းတူ- အသက်စွန့်၍ ပါဝင်တိုက်ခိုက်ကြလေသည်။ ဤကဲ့သို့တိုက်ခိုက်ရန် အတွက်အမျိုးမျိုးမြှောက်ပင့်ချက်များပေးခဲ့လေသည်။ ၎င်းတို့ လိုလားချက်များ ပြည့်သောအခါ ငွေဂတိပေးချက်များကို-တစုံတရာလိုက်နာခြင်းမပြုဘဲ၊၎င်းတို့၏ အလိုပြည့်သည့်အခါ၊စစ်သားများမှာအလုပ်လက်မဲ့များဘဝသို့ပြန်၍ရောက်ရလေသည်။ဤကဲ့သို့အချင်းအရာများကို တစတစ သွေးမိလာသောအခါ၊ ထိုဓနရှင်နယ်ချဲ့စစ်ပွဲများတွင်၊ ပါဝင်တိုက်ခိုက်လိုသည့်စိတ်ဆန္ဒများ နည်းပါး၍လာသည်ကိုတွေ့မြင်ရပေလိမ့်မည်။အချို့ကိုလိုနီနိုင်ငံနှင့် ပိုင်နယ်နိုင်ငံများကမူကား၊စစ်တိုက်သည့်အခါတွင်၎င်း၊ စစ်ပြေငြိမ်း

သည့်အခါ တွင်ရင်း၊ မိမိတို့၏သဘောကို တစုံတခုရသူ့ခြင်းမရှိ သဖြင့်၍စစ်ပွဲကြီးတွင်ပါဝင်ကူညီတိုက်ခိုက်ခြင်းပြုကြမည့် မဟုတ်ကြောင်းဆုံးဖြတ်ကြသည်ကို တွေ့ရှိရပေလိမ့်မည်။

မြန်မာပြည်အတွင်းမှာ မူကား-ယခု ဂျာမဏီနှင့် ဖြစ်ရသည့်စစ်ပွဲနှင့်ပတ်သက်၍ အင်္ဂလိပ်အစိုးရ၏ ကြေညာချက်မှာ-တစုံတခုကြောင့်တွယ်ရာမရှိချေ။ အင်္ဂလိပ် အစိုးရက- ဟစ်တလာ၏ နာဇီဝါဒသည် လွတ်လပ်ရေးနှင့် ဒီမိုကရေစီခေါ်-အများသဘောနှင့် အုပ်ချုပ်သည့် နည်းမျိုးကို ဖျက်ဆီးသည့်ဝါဒဖြစ်ရကား-လွတ်လပ်မှုနှင့် ဒီမိုကရေစီ အတွက် စစ်တိုက်ရသည် ဟူ၍ အကြောင်းပြလေသည်။ သို့ရာတွင်-လွတ်လပ် မလွတ်လပ်၊ ဒီမိုကရေစီနည်း အရလည်း၊ အုပ်ချုပ်ခြင်းမခံရသော သူများအား၊ လွတ်လပ်မှု နှင့်ဒီမိုကရေစီအတွက် စစ်တိုက်ရသည်ဟု ဆိုသဖြင့်၊ မြန်မာလူမျိုးများက၊ ၎င်းအတိုင်း မှန်လျှင် ထိုကြေညာချက်နှင့် လျောက်ပတ် ညီညွတ်ရန် မြန်မာပြည်အား၊ ပဌမဦးစွာ လွတ်လပ်မှုနှင့် အများသဘောအရ၊ ပြဌာန်းနိုင်မှုကို ပေး မှသာလျှင် ယုံကြည်နိုင်လိမ့်မည် ဟူသော အဖြေကိုသာ လျှင် ပေးရန်ရှိလေသည်။

ကမ္ဘာ အဝှမ်းလုံးရှိ ဆင်းရဲသားများမှာ ဓနရှင်စနစ် တည်းဟူသော ရောဂါဆိုးကြီး ၎င်းတို့အပေါ်တွင် နှစ် ပေါင်းများစွာ အိပ်စီး နှိပ်စက်လာခဲ့ရာ-ထိုရောဂါဆိုးကြီး ကို ပပျောက်ရန်အလို့ငှါ၊ဆေးဝါး အမျိုးမျိုး ရှာဖွေလျက် ရှိလေသည်။

## စစ်ဖြစ်လျှင် မည်သူ အကျိုးရှိသနည်း။

စစ်ဖြစ်သည့်အခါ၊ လူပေါင်း များစွာတို့မှာ အသက် ဆုံးရှုံးခြင်း၊ အနာတရ ဖြစ်ခြင်း၊ ကိုယ်လက်အင်္ဂါ ချို့ယွင်းခြင်း-စသည်ဖြင့် အမျိုးမျိုးခံစားကြရ၏။ ထိုသူများ အနက်၊ လူပေါင်း များစွာတို့မှာ အောက်တန်းစား၊ လက်လုပ်လက်စား၊ ဗုံးစာ-အမြောက်စာများ ဖြစ်၍၊ လူအနည်းငယ်မျှသာလျှင် အလယ်အလတ် တန်းစားများ ထဲမှ ပါဝင်သည်ကို တွေ့ရှိရလေသည်။ အထက်တန်းစားများ မှာမူကား-ထိထိရောက်ရောက် ပါဝင် တိုက်ခိုက်သူ လွန်စွာနည်းလေသည်။ ဤသူများမှာ-အသက်တများ ခွန်ဝေး ခါတိုက်ခိုက်၍ နေရသော်လည်း၊ နောက်ပိုင်းဌာန မှာမူကား နေရှင်များမှာ-စည်းစိမ်ရှစ်၍ နေကြလေသည်။ ပါလီမန် အမတ်များအနက်၊ သုံးပုံနှစ်ပုံတို့မှာ နေရှင်နှင့် နေရှင်၏ ကိုယ်စားလှယ်များ ဖြစ်ရကား- အင်္ဂလန်ပြည်နှင့် တကွ လက်အောက်ခံ ပြည်နယ် များ၏ အရေးမှာ- ၎င်းတို့၏ လက်တွင်းတွင် တည်ရှိ၍နေလေသည်။

### (၁) ကွန်ဆာဗေးတစ် ပါတီ။

အင်္ဂလန်ပြည်တို့ယခုလက်ရှိ အုပ်ချုပ်နေသည့် အစိုးရအဖွဲ့မှာ၊ ကွန်ဆာဗေးတစ် အဖွဲ့ဖြစ်၍၊ အမတ်ဦးရေ-၆၀၀ ရှိသည့်အနက်-ကွန်ဆာဗေးတစ် ပါတီတွင် အမတ် ၄၀၀

ခန့်ရှိလေသည်။ကွန်ဆာဗေးတစ် ပါတီကို ၀င်နိုင်သောသူ များမှာ၊အနည်းဆုံးတနှစ်လျှင် ၀င်ငွေ ၅ွဒင်္ဂါးတသောင်း (မြန်မာငွေ တသိန်းခွဲခန့်) နှစ်ဝည့် ၀င်ငွေရှိသူများသာလျှင် ၀င်နိုင်လေသည်၊ ၎င်းသူများသည် ရွေးကောက်ပွဲများတွင် စရိတ်အဖြစ်ဖြင့်၊ ငွေ ၆,၀၀၀ိ-မှ ၁၇,၀၀၀ိ-အထိ၊ အကုန်ခံကြရသည့်အပြင်၊နှစ်ပည့် နှစ်တိုင်း၊ပါတီကို ၇၅၀ိ မှ ၁၅,၀၀၀ိ-ထိ အလှူငွေ ပေးကြရလေသည်။ ဤထက်နည်း၍ ငွေကုန်ခံသူများမှာ ကွန်ဆာဗေးတစ် ပါတီတွင် ပါ၀င်ရန် မသင့်ဟူ၍ အယူ ရှိကြသဖြင့်၊ ရွေးကောက်ပွဲတွင်ပင်၊ ၀င်ရောက် အရွေးခံခွင့် မရကြချေ။ ဤကဲ့သို့ ကွန်ဆာဗေးတစ် ပါတီဝင် အဖြစ်ဖြင့်- အရွေးမခံရသည့် အခါ၊အခြား လစ်ဗရယ် (Liberal) အဖွဲ့ဝင် အဖြစ်ဖြင့် ရင်း၊လေဘာ (Labour) အလုပ်သမား အဖြစ်ဖြင့်ရင်း၊ ဆိုရှယ်လစ် ဆင်းရဲသား ဒုံ၀ါဒ သမား (Socialist) အဖြစ်ဖြင့်ရင်း၊အရွေးခံကြ ရလေသည်။

ကွန်ဆာဗေးတစ်ပါတီ (Conservative Party) ၀င် အဖြစ်ဖြင့်-အရွေးခံခွင့်ရရန်၊လွန်စွာ ခဲယဉ်းသဖြင့်၊ အင်္ဂလန်ပြည်တွင် ဆိုရိုးစကား ရှိသည်မှာ-အင်္ဂလန်ပြည် ပါလီမန်လွှတ်တော်သို့၊ကွန်ဆာဗေးတစ် ပါတီဝင် အဖြစ်ဖြင့်၊ ဆင်းရဲသားတယောက် ၀င်ခွင့်ရရန်မှာ၊ ကုလားအုပ်တကောင်ကို အင်ပေါက် အတွင်းမှ ထုတ်ယူ၍ သွားသည် နှင့်တူလေသည်။ ဆိုလိုရင်းမှာ- မဖြစ်နိုင်ဟူ၍ တထစ်ချ မဆိုလိုသော်လည်း၊ လွှချမ်းသာတဦး ကောင်းကင်နိဗ္ဗာန်

ဒုဂတိသို့ ရောက်ရန် ခဲယဉ်းသည့်အလား၊ ခဲယဉ်းသည်ဟုပြောဆိုလေ့ ရှိလေသည်။

ဤအချက်ကိုထောက်ခြင်းအားဖြင့်၊ ပါလီမန်တွင် အမျိုးရအဖွဲ့ဝင်ကွန်ဆာဗေးတစ် ဂိုဏ်းသားများမှာ-သူဌေး သူကြွယ်များ ဖြစ်သည်ကို သိနိုင်ပေလိမ့်မည်။ ကွန်ဆာဗေးတစ်ပါတီအမတ်များအနက်၊အမတ် ၁၈၁-ယောက်မှာ-ကုမ္ပဏီကြီးပေါင်း ၇၇၅-ခုတွင် ဒါရိုက်တာ လူကြီးများဖြစ်သည်ကို တွေ့ရှိရ လေသည်။ ၎င်းကုမ္ပဏီများမှာ စစ် အသုံးအဆောင်များ တည်းဟူသော လက်နက်တိုက်ကြီးများ၊လေယာဉ်ပျံ လုပ်ရုံကြီးများ၊ အစားအသောက်လုပ်ငန်းများ၊ အထည်အလိပ်များ၊ ဓါတ်ဆီများ စသည်ဖြင့်၊ပစ္စည်း အမျိုးမျိုးကို လုပ်သည့် ကုမ္ပဏီကြီးများတွင် အစုဝင်များ ဖြစ်ရကား-စစ်ဖြစ်သည့်အခါ၊ မိမိတို့ပစ္စည်းများကို ရောင်းရခြင်းအားဖြင့်၎င်း၊မိမိတို့ဘဏ်နှင့် အသက်အာမခံ တိုက်ကြီးများမှ- ငွေများကို အစိုးရတို့က ချေးသည့်အခါ-အတိုးများ ရသဖြင့်၎င်း၊ အထူး စီးပွါးလင်းဖြောင့်၍ နေကြလေသည်။

အထက်ပါ နေ့ရှင်ကုန်သည်ကြီးများ အပြင်-လယ်ပိုင်ရှင်ကြီးများ ရှိကြသေး၏။အချို့ လယ်ပိုင်ရှင်များမှာ-အနည်းဆုံးဧက ၅,၀၀၀-ရှိ၍၊ ဗျူးကလေ့ချ်မြို့စား(Duke of Buccleuch) ပိုင်လယ်မှာ-ဧကပေါင်း ၄၅၉,၁၀၈ ဧကရှိ၍၊တနှစ်လျှင် ဝင်ငွေရွှေဒင်္ဂါး ၂၁၆,၄၇၃-ခန့်ဖြစ်လေသည်။ ၎င်းနည်းတူ အခြား မြေပိုင်များ ရှိရာ-ဖြန်းမှု

ကြေးအားဖြင့်၊ တဦးလျှင်ကေပေါင်း ၈၃,၆၆၆-ကေ မှီ ဝင်ငွေမှာ ရွှေဒင်္ဂါး ၆၄,၃၃၈-ပြားခန့် ရှိသည်ကို တွေ့ရှိရလေသည်။

ဤကဲ့သို့ မြေပိုင်ရှင်ကြီးများ စက်ရုံနှင့် လုပ်ငန်းရှင်ကြီး များ၏ သားသမီးများ-တွေသား နှောင်မယ်များ၊ တို့သည် ပါသီမန်သို့ တက်ရောက်သည့်အခါ၊မဲဆန္ဒရှင်များမှာ-၎င်း တို့၏လုပ်သားများ၊လယ်ငှါးများ ဖြစ်ကြသည်သာ မက- ငွေ ကြောင်များစွာလည်း အကုန်ခံရ၍သာ၊ ၎င်းတို့သာ လျှင် အရွေးခံကြ ရသေသည်။ ဆင်းရဲခြင်း၏ အကျိုးအ ကြောင်းကိုတစုံတရာမသိသည့် သူများဖြစ်သော အဲရစ် ဗတိုကရက် (Aristocrat) ခေါ်-မွေးဥ်အခါကာစ၍-စီးပွါး ဓာင်အားနှင့် ပြည့်စုံခါ၀ဝရကား၊ ၎င်းတို့မှာ-ဆင်းရဲသား များအပေါ်တွင်၊တစုံတရာ ထောက်ထား ညှာတာရမည် ဟုမသိရချေ။၎င်းတို့၏ စိတ်တွင်၊ ဆင်းရဲသား များသည် ၎င်းတို့ခိုင်းစေရန်-အဆင့်ခံအဖြစ်ဖြင့်၊ ထာဝရ ဘုရားက ဖန်ဆင်း၍ထားသည်ဟု ယူဆကြလေသည်။ ထို့ကြောင့် ဤ သူများသည် ဆင်းရဲသားများ အပေါ်တွင် တစုံတရာ ထောက် ထား ညှာတာခြင်း မပြုဘဲ နေခြင်း ဖြစ်လေ သည်။

အင်္ဂလန်ပြည်တွင်၊အလုပ်သက်မဲ့ များကို ထောက်ပံ့ ကြေးပေးရေးနှင့် ပတ်သက်၍ ဆွေးနွေးစဉ်က- ကွန်ဆာ ဗေးတစ်အဖွဲ့ဝင်အမတ်ကြီးတဦးက ပြောဆိုသည်မှာ-လူ ချမ်းသာများထံမှ၊ပိုက်ဆံများကို-ငှဲ၍ ကင်ရင်စားသောက်

ရန်၊တရုတ်တချာမခံယဉ်းသောကောင်ပါးယပ်ပါးများအားပေး ရမည်ဖြစ်ရာ-ဦးနှိုဒ်ကင်ရပ် စားသောက် နေသူများသည် မိမိတို့သားသမီးများမည်ကဲ့သို့သောအခြေသို့ရောက်မည်ကို ဂရုမစိုက်နိုင်ဘဲ၊ယုံများကဲ့သို့ ကလေးများ မွေးချင်တိုင်း မွေးချနေသည်ဟုချ၍ ပြောဆိုလေသည်။ သို့ဖြစ်သဖြင့်-ဦးသူများ သည် တရုတ်တချာ ဆင်းရဲသား များနှင့် လောက် အောက်ခံတိုင်းသူပြည်သားများ၏ အကျိုးကိုမလုပ်ဆောင်ဘဲ၊မိမိတို့ပီးပွါးရေးအခင်အသား တိုးတက်မှုကိုသာချင်း၊ဂရုစိုက်လေ့ ရှိလေသည်။

ဦးမှုမကာသေး၊ပါတီမန်ဘူင် ဘိုးစည်သောင်ဆက်မှ စ၍ ချုပ်းသာခဲ့သူမြောက်များစွာ ပါဝင်ကြောင်းကို အောက်ပါစာရင်းဘူင် ကြည့်ခြင်းအားဖြင့် သိနိုင်လေသည်။

| | | |
|---|---|---|
| (၁) | ပီးယားခေါ်-(Peer)လော့ဒ်ဘွဲ့ခံ | ၁-ယောက်။ |
| (၂) | တခင် သေလျှင် ပီးယား ခေါ်-လော့ဒ်ဘွဲ့ အမွေခံမည့်သူ | ၁၈ ။ |
| (၃) | ပီးယားခေါ်-လော့ဒ်၏ သားမယ်များ | ၁၃ ။ |
| (၄) | ပီးယားဘွဲ့ခံများ၏ သမက် | ၂၅ ။ |
| (၅) | ပီးယားဘွဲ့ခံများ၏ တူသား နှောင်မယ်များ | ၂၄ ။ |
| (၆) | ပီးယား ဘွဲ့ခံများ၏နှမ,တူမများ၏ လင်နှင့်မယား ညီအစ်ကိုများ | ၁၂ ။ |

(၇) မြေပိုင်ရှင် ကြီးများ ၅၅ ၊
(၈) သားစဉ်မြေးဆက် ဘဲရောနက်
(Baronet) ခေါ်- ဆာဘွဲ့ခံများ ၂၄ ၊
(၉) သာမန်ဆာဘွဲ့ရသူများ ၆၄ ၊

ရုစုပေါင်း ၂၃၆

အထက်ပါသူများမှာ-ပါလီမန် အမတ်များဖြစ်၍၊ ငွေ ဓနရှင်းဘွင်-စက်ပိုင်ရှင် လုပ်ငန်းရှင်၊ မြေရှင် ကြီးများ။ မယည့်သွင်း ရသေးသဖြင့်၊ ဤသူများသည် မည်သူ၏အ ကျိုးကိုသည်ပိုး ရွက်ဆောင်မည်ကိုစဉ်းစားချိန်ဆ၍ သိနိုင် ပေလိမ့်မည်။

## နိုင်ငံချဲ့စနစ်။

အင်္ဂလန်ပြည့်မှ- အရှေ့ အိန္ဒိယ ကုမ္ပဏီခေါ်- ကုမ္ပဏီ တခုသည်၊ အိန္ဒိယပြည်သို့ လာရောက် အခြေတည်ပြီးလျှင် တစ တစ အိန္ဒိယပြည်နှင့် မြန်မာပြည်ကို သိမ်းပိုက်ခဲ့ သ ဖြင့်၊ ဤပြည်ကြီးများမှာ-အင်္ဂလန် ပြည်ရှိ မြေရှင်ကြီးများ၊ စီးပွါးရှာရန်ဈေးကွက်ကြီးတခုပင် ဖြစ်လေသည်။ ဤကဲ့သို့ အကျိုး ဖြစ်ထွန်း၍ နေစဉ်- တရုပ်ပြည်နှင့် ကုန်ကူးသန်း ရောင်းဝယ်ရေးကို ချဲ့လိုက်ပြန် ရကား၊ တနှစ် တနှစ်လျှင် တရုပ်ပြည်မှ-ဖွဲ့ခေါင်း ၄-သန်းခန့် တန်ဘိုးရှိသောလဘက်

ခြောက် များကို ရှောင်ရှေ ပျောက် ရှိပေသည်။ ယခင် ခြောက် အပေါ်တွင် တဆောင်နီ အမြွက်အစွမ်းရှား၍ဖြစ်၍။ အတော်ပင် စီးပွါးလမ်းကြောင်းပျောက် ရှိလေသည်။

## တရုတ်ပြည်အခြေနေ။

ယင်ကဲ့သို့-စီးပွါးကြောင်း၍ နေရာသွင်း၊လေသာကို မချုပ် တည်းနိုင်သဲ- စီးပွါး ဖြစ်သည့် ပေါက် ဖြစ်ရာ အလို့ငှါ ၁၈၃၉-၄၁-ခုနှစ်တွင်- တရုတ် ပြည် တွင်းသို့ ဘိန်းများ တင်ပို့ရောင်းချရာမှ-တရုတ် အစိုးရတို့နှင့် ရန်ဖြစ်သဖြင့်၊ ၃-နှစ်တိုင်တိုင် စစ်တိုက် ပြီးသော အခါ၊ ဟောင်ကောင်း ကျွန်းကို သိမ်းပိုက်ပြီးလျှင်၊တရုတ် သင်းဘောဆိပ် မြို့ကြီး ၅-မြို့သို့၊လွတ်လပ်စွာ ကုန်ကူးသန်း ရောင်းဝယ်ခွင့်ကို ရ လေသည်။ ယင်းနောက်-ဒုတိယ အကြိမ် ၁၈၅၆-၅၈-ခုနှစ် တွင် စစ်ဖြစ်ပြန်ရာ- ယံစီ မြစ်ဝှမ်း တလျှောက် တွင်- ကုန်ကူးသန်း ရောင်းဝယ်ခွင့်ကို ရပြန်လေသည်။ ဤစစ် ဖြစ်ရခြင်းမှာ-တရုတ် လူမျိုးတို့အား- အတင်းအကြပ် ဘိန်း စါးများဖြစ်ရန်လုပ်သည်ကိုတရုပ်များကမခံမရပ်နိုင်ကြသ ဖြင့်ရန်တိုက်ခိုက်ခြင်းဖြစ်ရကား၊ဤစစ်ပွဲအတွက်အင်္ဂလိပ် တို့အဘို့ အတော်ပင်ရာဇဝင်ရိုင်းလေသည်။ရာဇဝင် ရိုင်း သည်ထက်၊တရုတ်လူမျိုးအား-ဘိန်းစားဖြစ်အောင် ပြုလုပ် သဖြင့်တရုတ်လူမျိုးများစာရိတ္တပျက်ပြားရကား၊ယင်းစာရိတ္တ ပျက်ပြားရခြင်းမှာ၊အင်္ဂလိပ်တို့၏တာဝန်လည်း မကင်းချေ။

## အီဂျစ်ပြည်။

အီဂျစ်ပြည်မှာ-တင့်တောင်းတင့်တယ်၊ တူရကီအစိုးရ လက်အောက်ခံတွင်နေရာမှ၊ ပြင်သစ်နှင့်အင်္ဂလိပ် မှုးပေါင်း ခါ၊ ရအောက်တူးမြောင်းကိုတူးရန်ထွယ်ခြင်းကြောင့်၊ အီဂျစ် ပြည် ဘုရင်မှာ- နွားယောင်ပြီးလျှင်၊ ၁၈၆၄-ခုနှစ် နှင့် ၁၈၇၃-ခုနှစ်အတွင်း ငွေရုံပေါင်းရွှေဒင်္ဂါး ၅၂၅-သိန်း ကို အတိုးနှုံးကြီးစွာနှင့် ချေးငှါးရ၏၊ ညီငွေများအနက် အီဂျစ်ဘုရင်မှာ ရွှေဒင်္ဂါး ၃၅၄-သိန်းသာရ၍၊ ကျန်ငွေ များကို အင်္ဂလန်ပြည်ထောက် တိုက်သူဌေးကြီးများ ဆက် သွယ် ပေးရသည့်အတွက်-ပွဲခအဖြစ်ဖြင့်၊ ပွဲစားများကို ပေးခဲ့လေသည်၊ ၎င်းအနက်-အလက်ဇင်ဒရီယာမြို့ သင်္ဘောဆိပ်ကြီး ဆောက်လုပ်ရန်၊ ရွှေဒင်္ဂါး ၂၅-သိန်းပေးရာ အမြတ်ငွေ ရွှေဒင်္ဂါး ၁၁-သိန်းကို ကန်ထရိုက်ကြီးများက ရလေသည်၊ အီဂျစ်တို့မှာ-ဤကဲ့သို့ ငွေချေးမိသဖြင့်၊ တစ ဘစကြွေးတင်၍လာရာ၊ ၁၈၇၆-ခုနှစ် ကျရောက်သော အခါ၊ အကြွေးမှာ-ရွှေဒင်္ဂါးသိန်းပေါင်း ၈၀၀-သို့တိုးတက် ၍သွား၏၊ ၎င်းအနက်အတိုးမှာ တနှစ်လျှင် သိန်းပေါင်း ၆၀ ပေးရသောကြောင့်၊ အီဂျစ်ပြည် တပြည်လုံး၏ အခွန်ငွေ ရွှေဒင်္ဂါးသိန်းပေါင်း ၁၀၀-နှင့်စာလျှင်၊ အတိုးပေးပြီးသည့် အခါ၊ တတိုင်းပြည်လုံးတွင် သုံးရန်အတွက် ရွှေဒင်္ဂါး သိန်း ၄၀-သာ ကျန်ရှိလေသည်။

ငွေထွက်ငွေဝင် မမျှသောအခါ၊ တိုင်းသူ ပြည်သား

များကို ညှစ်၍ ငွေတောင်းရ၏၊ အခွန်အတုပ် ကြီးလေးသောကြောင့်၊ တိုင်းသူပြည်သားများက ဆူပူသောအခါ၊ အင်္ဂလိပ်ပြည် တပြည်လုံးကို၊ ဗြိတိသျှတို့က သိမ်းလိုက်၏၊ သိမ်းစဉ်အခါက-တိုင်းပြည် မငြိမ်မသက်ဖြစ်၍နေသဖြင့် အခွက်အတာ အသွင်းသာလျှင်၊ သိမ်း၍ယူသွားမည်ဟူ၍ ဂတိများပေးခဲ့သော်လည်း၊ အင်္ဂလိပ်ပြည်ကို ယနေ့မှစ၍၊ တခါတည်း လက်မလွှတ်တော့ချေ။

အင်္ဂလိပ်ပြည်ကိုတိုက်၍ပြီးသောအခါ၊ဆူဒန်ပြည်ကိုတိုက်ပြန်၏၊ ဆူဒန်ပြည်နှင့်အင်္ဂလိပ်ပြည်မှာ-တဝင်တည်းဖြစ်၍နေရကား၊ စစ်စရိတ်ငွေဒေါ်လာ ၂၅-သိန်းအနက်၊ အင်္ဂလိပ်ပြည်အစိုးရက အကြောင်းမဲ့ သုံးပုံ-နှစ်ပုံကိုခံရ၏၊ ထို့နောက် ဆူဒန်ပြည်ကြီးသည်ကားရှဲအလို ၌၊ မြိုမြင်သည့်အတွက် ကျန်ကျသောမြေများကို၊ အင်္ဂလိပ်တို့က-အကြောင်းမဲ့ကူ၍ ခံရသေး၏၊ဆူဒန်နယ်မှာ-အကောင်းဆုံး ဝါဂွမ်း ထွက်သဖြင့်၊ ထိုဝါဂွမ်းများကို အလိုရှိကြရကား၊ နှန်းရင်းဝန်အက်(စ်)ကွစ်ကိုယ်တိုင်ကြွ၍ ဖွံ့ပြီးလျှင်၊ ဆူဒန်နယ်တွင် အညွှန်ရှုံးမှုများကို လုပ်ဆောင်လေသည်၊ ၎င်းတို့ လုပ်ဆောင်ပုံမှာ- ဆူဒန်လူမျိုး မြေပိုင်ရှင်များထံမှ အင်္ဂလိပ်ကုန်သည်ကြီး များက၊ တကေလျှင် တနှစ် ၅-၆ ရှီးနှင့်၌ငှါးပြီးလျှင်၊ ဆူဒန်လူမျိုးလုပ်သားများကို၊ ထိုမြေများပေါ်တွင် ဝါဂွမ်းစိုက်ပျိုးစေ၏၊ စိုက်ပျိုးပြီး၍ ထွက်သည့် ဝါဂွမ်းအနက်၊ ဆူဒန်ဝါဂွမ်းသမားများက၊ မိမိဝမ်းစာ အထွက် ၄၀- ရာခိုင်နှုန်းကို ယူပြီးလျှင်၊ ၆၀-ရာခိုင်နှုန်းကို

ဗြိတိသျှအစိုးရနှင့် အင်္ဂလိပ် ကုန်သည်ကြီးများ ဝေ၍ယူ ကြ၏။ ဤဆူဒန်နယ်မှ တနှစ်လျှင် ဝါဂွမ်းရွှေခါး ကသန်းဘိုး မှ ထယတယ သန်းပေါင်း ၃၀-ဘိုးခန့် အင်္ဂလန်ပြည်သို့ တင်ပို့ရလေသည်။ ဤသည်ကိုထောက်သဖြင့်၊ ဤပြည်များ မှ မည်မျှ အမြတ်အစွန်း၊ ဖြစ်ထွန်းသည်ကို သိနိုင် လေ သည်။

## အာဖရိကတိုက်တောင်ပိုင်း။

အာဖရိကတိုက်တောင်ပိုင်းနှင့် အရှေ့ဘက်ပိုင်းပင်လယ် ကမ်းရိုးတန်းတလျှောက်၌ ဗြိတိသျှကုန်သည်ကြီးများ အ ထူးဘက်၊ အထူးအကျိုးဖြစ်ထွန်းစေလေသည်၊ ဤပြည်များ တွင် နေသော လူရိုင်းများကို၊ သကြား မိုက်ပျိုးရာတွင် ကျွန်အဖြစ်ဖြင့် အသုံးချလိုသောကြောင့်၊ ကပ္ပလီ ပေါင်း မြောက်မြားစွာကို ဖယ်ယူကြလေသည်။ ဗြိတိသျှ ကုန် သည်များသည် ပင်လယ် ကမ်းရိုးတန်းသို့ သွားပြီးလျှင်၊ ကျွန်များကို ရနိုင်သမျှ ဖမ်းဆီးပြီးလျှင်၊ သကြားခြံရှင် များထံသို့ပို့၍ ရောင်းချရာသာ။ အကျိုးစီးပွါးများစွာဖြစ် ထွန်းကြ၏။ ပင်လယ်ကမ်းရိုးတန်းရှိ-အာဖရိကတိုက်သား များ ကုန်သဘောက် ရှိသောအခါ။ ၎င်းတို့အား-လက် နက်များ ပေးအပ်ပြီးလျှင်၊ အတွင်းပိုင်းရှိ လူရိုင်းများကို လက်နက်အသုံးပြု၍ ဖမ်းဆီးစေပြီးလျှင်၊ ကျွန်အဖြစ်ဖြင့် ခြံရှင်များသို့ရောင်းချကြပြန်လေသည်။ ထိုစဉ်အခါက အ

မေရိကန်ပြည်သို့ ရောင်းချသည့် ကျွန်များ၏ လူဦးရေမှာ ၈ သန်းခန့်ဖြစ်၍ ဘယ်ဆီးစဉ်အခါကရင်း၊ ၎င်းတို့လူမျိုးအချင်းချင်း လက်နက်အပ်၍ဘယ်ဆီးရောင်း၍ရင်း၊ လမ်းခရီး၌ရင်း၊ သေဆုံးသည့် လူဦးရေမှာ-သန်းပေါင်း ၄၀-ခန့်ရှိသည်ဟု ခန့်မှန်းရလေသည်။

၁၈၀၇-ခုနှစ်တွင် ကျွန်ရောင်းကျွန်ဝယ် မလုပ်ရဟူ၍ အမိန့်ထုတ်သော်လည်း၊ ထိုအမိန့်မှာ လက်အောက်ခံပြည်နယ်များတွင် ၁၈၃၄-ခုနှစ် ကျရောက်သော အခါမှ အတည်ပြုလေသည်။ထိုဥပဒေအရ-ကျွန်များကို ဖွတ်ရမည်ဟုဆိုသဖြင့်၊ဗြိတိရှင်များမှာ-အစိုးရထံမှ လျော်ကြေးအဖြစ်ဖြင့်၊ ရွှေဒင်္ဂါးသိန်းပေါင်း ၂၀၀-ရသောကြောင့်၊ ၎င်းတို့မှာ-သကြားရောင်းရသည်ထက် ပို၍စီးပွါးဖြစ်ထွန်း ပြန်လေသည်။ထိုအချိန်တွင် တောင်အမေရိကတိုက်ဗရာဇီလ်ပြည်နှင့် ကျူးဗါကျွန်းတွင် သကြား လုပ်ငန်း ထွန်းကား၍ လာရကား၊ ကျွန်ရောင်း-ကျွန်ဝယ်မလုပ်ရဟူသောဥပဒေ မရှိသေးသည့်ပြည်များဖြစ်ရကား၊ ထိုပြည်များသို့ ကျွန်များပို့ပြီးလျှင်၊ ကျွန်ကုန်ကူးခြင်းအားဖြင့်၊ စီးပွါးရှာကြပြန်လေသည်။ထိုအချိန်တွင်ဗြိတိသျှရေတပ်ကြီးမှာ-အာဖရိကတိုက်ကမ်းရိုးတန်းတလျှောက်တွင် ကျွန်များတင်ပို့၍နေရသည့်အလုပ်နှင့်အဝေးအလုပ်များ၏၊ စီးပွါးလမ်းဖြောင့်၍နေလေသည်။တဘက်တွင် ကျွန်ရှာရင်း၊အခြားတဘက်တွင် အာဖရိကတိုက်၌၊ တောင်ထယ်ဆီ-ကိုကိုးမှစ၍၊ ရွှေနှင့်အခြား ဓါတ်သတ္တုများထွက်သည်ကို သိရသောအခါ၊ ဗြိတိသျှ

အရှေ့အာဖရိက ကုမ္ပဏီ၊ ဗြိတိသျှ တောင်အာဖရိက ကုမ္ပဏီ၊ ရွိုင်ရယ်နိုင်ဂျာကုမ္ပဏီစသည်ဖြင့်၊ ဗြိတိသျှလူမျိုးပိုင် ကုမ္ပဏီကြီးပေါင်း မြောက်များစွာ ပေါ်၍လာလေတော့သည်။

## ယုဂန္ဒာနှင့်ကေညာနယ်သစ်။

၁၈၈၆-ခုနှစ်တွင် ဗြိတိသျှနှင့်ဂျာမဏီတို့ မှုးပေါင်းပြီးလျှင် အာဖရိက တိုက်အရှေ့ပိုင်းကို ခွဲဝေ၍ယူကြရန်စီမံကြလေသည်။ ၎င်းတို့စီမံပုံမှာ အာရပ် လူမျိုးများသည် ၎င်းတို့မကြိုက်သော ကျွန်ကုန်ကူးသည့် လုပ်ငန်းများကို ချက်ချင်းစက်စက် လူ-လူချင်းတိရစ္ဆာန်များကဲ့သို့ ရောင်းစားနေသဖြင့်။ ကျွန်ဖြစ်ရမည့် လူများကို သနားသောကြောင့်၊ ဝဿရားရှိသည့်အတိုင်း ကာကွယ်မည်ဟု အကြောင်းပြ၍။ အာဖရိကတိုက်အရှေ့ပိုင်းသို့ စစ်တပ်များ ယူဆောင်၍လာကြ၏။ ထို့နောက်- အာဖရိကတိုက် အရှေ့တပိုင်းလုံးကို သိမ်းပိုက်ပြီးလျှင်၊ ယုဂန္ဒာနှင့် ကေညာနယ်များကိုပါ၊ ဆက်လက်သိမ်းပိုက်လေသည်။ ဤမြေများတွင် အဘိုးထိုက်အတိုးတန်ပစ္စည်း မြောက်မြားစွာ ရနိုင်သည်ကို၊ အင်္ဂလိပ် ခရစ်ယာန်သာသနာပြု ဆရာများက ရှေ့တော်ပြေးအဖြစ်ဖြင့်၊ ရဲဝံ့အတိုင်း သွားရောက် ရှာဖွေပြီးလျှင် ပေါ်အောင်ရှာ၍ပေးခဲ့သဖြင့်၊ နောက်လိုက်လာသည့် စစ်တပ်များအတွက်၊ ဝင်ရန် မခဲယဉ်းတော့ချေ။

ကေညာ ပြည်ကို သိမ်းပြီးသောအခါ၊ ၁၈၉၈-ခုနှစ်တွင် မြေဟူသမျှကို၊ အစိုးရကသိမ်းသည်ဟူ၍ ကြေငြာပြီးလျှင် အကောင်းဆုံးမြေများကို မျက်နှာဖြူများအား- အခမဲ့ သော်၎င်း၊ အဘိုးအခနှင့်၎င်း၊ ရောင်းချပေး၏။ ၎င်းတို့မလိုချင်သည့် မြေများကိုသာလျှင် တိုင်းရင်းသားများ ရကြ၏။

ထိုမြေများကို စိုက်မျိုးလုပ်ကိုင်စားသောက်နိုင်ရန် အလုပ်သမားများလိုရကား၊ အလုပ်သမားများ ရရန်အလို့ငှါ၊ တိုင်းရင်းသားများအပေါ်တွင် ကြီးလေးသောအခွန်များကို ကောက်ခံစေ၏။ တိုင်းရင်းသားများမှာ ထိုကြီးလေးသော အခွန်များကိုမဆောင်နိုင်သဖြင့်၊ မျက်နှာဖြူများထံတွင် အခကြေးငွေ အနည်းငယ်ယူ၍ ကျွန်ခံကြရလေသည်။ ၎င်းတို့ပေးဆောင်ရသည့်အခွန်မှာ တနှစ်လုံးအလုပ်လုပ်၍ရသည့်ငွေ၏ ၆-ပုံ ၁-ပုံဖြစ်ရကား၊ ၁၉၁၃ ခုနှစ်တွင် ကေညာပြည်တရင်ခံကိုယ်တိုင်က ဤကဲ့သို့မပေးနိုင်လောက်အောင် ကြီးလေးသည့် အခွန်ကောက်ခြင်းမှာ၊ ၎င်းတို့အား-လုပ်သားအဖြစ်ဖြင့် ခိုင်းစေနိုင်ရန်အလို့ငှါ၊ ကောက်ခံရခြင်း ဖြစ်ပါသည်ဟူ၍ ဝန်ခံခဲ့ဘူး လေသည်။

အထက်ပါနည်းအတိုင်း-အင်အားချဲ့သည့် ပြည်များ တပြည်ပြီးလျှင်တပြည် သိမ်းပိုက်၍ နေသည်ကို အောက်ပါစာရင်းကိုကြည့်ခြင်းအားဖြင့် သိနိုင်လေသည်။

၁၈၆၀-ခုနှစ်တွင်၊ဗြိတိသျှပိုင်မြေမှာ-စတုရန်းမိုင် ၂၅-သိန်းရှိ၍ လူဦးရေ၁၄၅သန်းရှိ၏။

၁၈၇၀-ခုနှစ်။ ။ ။ ၇၇-သိန်း၊ ၂၆၈-သန်း

၁၈၉၉- ။ ။ ။ ၁၁၆-သိန်း၊ ၃၄၅-သန်း

ယခုအခါတွင် စတုရန်းမိုင် ၁၂-သန်းနှင့် လူ သန်းပေါင်း ၄၅၀-ကျော်ခန့်ရှိလေသည်။

ထို့မှတပါး-တကမ္ဘာတဝှမ်းလုံးသို့ ဗြိတိသျှတို့၏ ငွေများကို ဖြန့်၍ထားရာ၊ ၁၉၀၀-ခုနှစ်တွင် ရွှေဒင်္ဂါး သန်းပေါင်း ၂၀၀၀-ရှိ၍၊ ၎င်းအပေါ်မှ တနှစ်လျှင် အမြတ်ငွေ သန်းပေါင်း ၁၀၀-ကျော်ရလေသည်။ ၁၉၁၄-ခုနှစ်တွင် အရင်းငွေမှာ-နှစ်ဆလောက်တိုး၍လာ၏။ ယခု ၁၉၄၀-ခုနှစ်တွင် အရင်းငွေမှာ ၃-ဆခန့်တိုး၍ လာသည်ဟူ၍ ခန့်မှန်းရသေးသည်။ ဤသည်ကို ထောက်သဖြင့်၊ ဗြိတိသျှတို့ အိုးပွါးရာမှုနှင့်နယ်ချဲ့မှုလုပ်ငန်းများကို အနည်းငယ်ခန့်မှန်းမိနိုင်ကြပေလိမ့်မည်။

## ဓနရှင်ဝါဒ။

မြန်မာပြည်တွင်၊ ဆင်းရဲသားနှင့် ဓနရှင် ဟူသောဝေါဟာရ စကားမှာ-ပေါ်ပေါက်၍ လာရာ-ထိုပေါ်ပေါက်၍ လာသည့်နေ့မှစ၍၊ မြန်မာလူမျိုး အချင်းချင်း၊ တဦးပေါ်တွင်-တဦးအတော်ပင် မေတ္တာပျက်ခဲ့ကြလေသည်။ ဤကဲ့

သို့ဖြစ်ရခြင်းမှာ၊ ဗိုက်ခံ ၂-၀ ရှိသူအား၊ ၂-ပြားကြေး တင်သူများက-ခနွရှင်ဟူ၍ ခေါ် ဆိုခြင်းကြောင့် ဖြစ်လေသည်။ အမှန်မှာ-မြန်မာပြည်ဘွင်၊ နေရှင်ဟူ၍ အမည်ခံ ထိုက်သည့်၊မြန်မာလူမျိုး တဦးတယောက်မျှမရှိချေ။ သို့ ရာတွင်-စားနိုင်သောက်နိုင်၊ လယ် တကွက် နှစ်ကွက် ရှိသူအား၊ လယ်ငှါးစားသူများက-နေရှင်ဟူ၍ ထင်မြင်သဘော ပေါက်စေသဖြင့်၊ လယ်တကွက် နှစ်ကွက် ရှိသူကလည်း-မိမိသည် နေရှင်လယ်ငှါးသူ ဆင်းရဲသား ဟူသောစိတ်ဓါတ်များ ပေါ်ပေါက်၍ လာရကား၊ တဦးနှင့် တဦး လူမျိုးအချင်းချင်း ကွဲပြားခါ အတိုက်အခံ ဖြစ်ကြရလေသည်။ ဤကဲ့သို့ မြန်မာလူမျိုး အချင်းချင်း သွေးကွဲမှုများကို အားမပေးကြရန် အထူး သတိ ပြုသင့် ပါ့လေသည်။

ခနွရှင်နှင့်ဆင်းရဲသားများအကြောင်းကို ပတ်သက်၍ သရုပ်ပေါ်အောင် ရေးသည့် ဘုံဝါဒ စာရေး ဆရာကြီး ကားလ်မတ်(စ)၏ အလိုအရလည်း၊ မြန်မာပြည်တွင် ခနွရှင်ဟူ၍ခေါ်ဆိုလောက်သည့် သူများ မရှိသည်ကိုတွေ့ရလေသည်။အထူးသဖြင့် ကျွန်နိုင်ငံသားများသည် နင်းပြား များဖြစ်၍နေရကား-သာ၍ပင် နေရှင်ဟု ခေါ်ဆိုနေသည့် ဝေါဟာရစကားနှင့် မညီညွတ်သည်ကို တွေ့ရှိရ ပေလိမ့်မည်။မြန်မာလူမျိုး စားနိုင်သောက်နိုင် ရှိသူများသည်၊ အနောက်နိုင်ငံ ခနွရှင်ကြီးများ ကဲ့သို့ ယုတ်မာသည့် စိတ် ထားမျိုးမရှိကြချေ၊အနောက်နိုင်ငံ နေရှင်ကြီးများမှာ-မိမိ

အကျိုးရှိစိမ့်သောငှါ- အမျိုးမျိုးသော ယုတ်မာသည့် လုပ်ငန်းများကို လုပ်လေ့ရှိလေသည်။ဓနရှင်များ၏ စိတ်ထားမည်မျှဆိုးဝါးကြောင်းကို အောက်ပါ အဖြစ်အပျက် များကို ထောက်၍ သိနိုင်ပေလိမ့်မည်။

ပမာဆိုလျှင် ၁၉၂၀-ခုနှစ်၊ စက်တင်ဘာလ ၁-ရက်နေ့တွင် ဖရဲသီးများကို၊ မီးရထားတွဲပေါင်း ၃၀-နှင့် အပြည့်တင်၍ယူလာပြီးလျှင် ပိုတိုမက် (Potomec River) မြစ်ကမ်းခြေ တောင်ကုန်းပေါ်သို့၊ မီးရထားကြီး ဆိုက်၍လာသည်ကို တွေ့ရှိရလေသည်။ ထိုအခါ အလုပ်သမားများသည်၊ မီးရထားကို ရပ်စေပြီးလျှင်၊ ဖရဲသီးတွဲ တံခါးများကိုဖွင့်၍ ရှိသမျှဖရဲကြီးများကို မြစ်ထဲသို့သွန်၍ချလိုက်ကြ၏။ဖရဲသီး များမှာ တလုံးအပေါ် တလုံးကျ၍၊ အားလုံးကွဲ၍ သွားပြီးလျှင်၊ မြစ်ကြီးတခုလုံးမှာ- အစိမ်းအနီရောပြွမ်းခါနေသည်ကို တွေ့ရှိရ လေသည်။ များမကြာမီဖရဲသီးကွဲများမှာ-ရေထဲတွင် တစ တစ ချောခါပင်လယ်သို့ ရောက်ပြီးလျှင်- မည်သူမျှ အသုံးမပြုနိုင်ဘဲ ဆုံးရှုံးရလေသည်။ဤကဲ့သို့ ဖရဲသီးပေါင်း မြောက်များစွာကို မြစ်အတွင်းသို့ ပစ်၍ချခြင်းမှာ- ထိုနှစ်က ဖရဲသီး- အသီးများသဖြင့်၊ ဈေးပေါပေါနှင့် ရောင်းလျှင်၊ နောင်နှစ်များတွင် ဖရဲသီးဈေး တသမတ်တည်း ဖြစ်၍ သွားမည် စိုးသဖြင့်၊ ဆင်းရဲသားများ- မစားသောက်နိုင်ရန် အလို့ငှါ၊ ဤကဲ့သို့ ဖြုန်းတည်းလိုက်ခြင်း ဖြစ်လေသည်။ ထို့မှတပါး နွားနို့များကို ဈေးပေါပေါနှင့် ရောင်းရမည်စိုး၍ လူတိုင်း ဝယ်

ရှုမသောက်နိုင်ရန် အလို့ငှါ၊ ဤကဲ့သို့ ဖြုန်းတည်းလိုက်
ခြင်း ဖြစ်လေသည်။ ထို့မှတပါး နွားနို့များကို ဈေးပေါ
ပေါနှင့် ရောင်းရမည်စိုး၍၊ လူတိုင်းဝယ်၍ မသောက်နိုင်
ရန်အလို့ငှါ၊ နှစ်စဉ်နှစ်တိုင်း ဂါလံပေါင်း များစွာသော
နွားနို့များကို မြစ်များ၊ချောင်းများ အတွင်းသို့ သွန်ချပစ်
လိုက်၏။ဤကဲ့သို့ သွန်လိုက်ခြင်းမှာ- လူများ သုံးစွဲ၍ မကုန်
နိုင်သဖြင့်-ပိုလျှံခြင်းကြောင့်၊ သွန်ပစ်ခြင်းမဟုတ်။ အဟာ
ရမှီဝဲရန်၊ ဝိုက်ဆံ ကြေးငွေ မရှိသဖြင့်၊ အငတ်နေရသူ
မြောက်များစွာရှိ၏။ သို့ရာတွင် ထိုသူများကို ကျွေးခြင်း
အားဖြင့်၊နို့ဈေးကျ၍ သွားမည့်အရေး၊ မိမိတို့ ဈေးကြီး
ကြီးနှင့် အမြတ်အစွန်း များများ ရအောင် ရောင်း၍စား
နိုင်ရန်အလို့ငှါ ဤကဲ့သို့ အလဟဿ သွန်ပစ် လိုက်ခြင်း
ဖြစ်၏။ဤသည်ကို ထောက်လျှင်၊နေရှင် ဝါဒသည် မည်မျှ
ယုတ်မာဆိုးသွမ်းသည်ကို သိနိုင်ပေ လိမ့်မည်။

အခြား နမူနာ တခုမှာ-လယ်ပိုင်ရှင် သူဌေးကြီးများ
သည်၊ဂျုံများ, ပြောင်းများကို လိုသည်ထက် ရိ၍ထွက်
-သောအခါ၊ ဈေး ပေါပေါနှင့် ရောင်းရမည် စိုးသဖြင့်-
ကျောက်မီးသွေးအစား-ဂျုံများ ပြောင်းများကို ထမင်း
ဟင်းချက်ရာတွင်- အသုံးပြုကြရန် အားလုံး တညီတညွတ်
တည်း ညှိ၍-မီးရှို့ပစ်လိုက်ကြလေသည်။ နှစ်စဉ် နှစ်
တိုင်း- သခွါးသီးများ- အထွက်များသဖြင့်၊ အပုတ်ခံပြီး
လျှင်၊ပုတ်သည့်အခါမှ-စွန့်ပစ် လိုက်ကြလေသည်။ မကြာ
မကြာ-အာလူးများကို ဈေးနှဲ့နှဲ့နှင့် ရောင်းရမည်စိုးသဖြင့်၊

မြေကြီးမှ တူးဖော်ခြင်းမပြုဘဲ၊ အာပုတ်ခံလော ရှိ၏။ အဝတ်ရှိ အထည်အလိပ်များကို ရေးပေါ်ပေါ်နှင့် ရောင်းရမည်မိုး သဖြင့်၊ ပါဠွမ်းများများ မရရန် အလို ၅၊ ဝါဠွမ်းကို ဖျက် သည့် ဗိုးတမျိုးကို တမင် မွေးမြူပြီးလျှင်၊ ဝါပင်များကို ဖျက်ဆီးစေလေသည်။ ဘုံနည်းတူ အသုံးပြုပြီးသော မော် တော်ကားများကို ငွေကြောက်များစွာ အကုန်ခံ၍၊ ဖျက် ဆီးလိုက်ခြင်း။ သင်္ဘောများကိုဝယ်၍ ဖျက်ဆီးလိုက်ခြင်း- ပေသောအမှုများကို၊ မိမိတို့ အကျိုးစီးပွါး အလို ၅၊- လုပ် ဆောင်သည်ကို တွေ့ရှိရလေသည်။ မြန်မာပြည်တွင် မူ ကား-ဤကဲ့သို့စနစ်များ မရှိသည့်ပြင်-ဤစနစ်များ အတိုင်း လိုက်နာနိုင်သည့် ဓနရှင် အခေါ်ခံထိုက်သောသူ တဦး တယောက်မျှမရှိသည်ကို တွေ့ရှိရပေလိမ့်မည်။

အင်္ဂလန်ပြည်တွင် ရှေးအခါက- ဤကဲ့သို့သော စိတ် ထားများမရှိကြချေ။ သို့ရာတွင် ခရစ်သက္ကရာဇ် ၁၈၀၀ ခုနှစ်အကျော်တွင်၊ စက်မှုလက်မှု လုပ်ငန်းများ ကူးသန်း ရောင်းဝယ်ရေးလုပ်ငန်းများ ကုမ္ပဏီ ထူထောင်ရေး လုပ် ငန်းများ- နယ်ချဲ့သည့် စနစ် လုပ်ငန်းများ- တောင်လုပ် ဆောင်သည့် အခါမှစ၍၊ အညွန့်ရှုးလိုသောစိတ်ထားများ ကိုမွေးမြူစပြုကြလေသည်။ အစဦးစွာ အင်္ဂလန်ပြည်တွင် မျူးနဲ့ဝေစု (**Feudal Lords**) ခေါ်- မြေကောပေါင်း ကြောက်များစွာပိုင်သည့် မြို့စားကြီးများစွာ ရှိရာ-၎င်းတို့ ၏အောက်တွင်- စေ်သား အလုံးအရင်း အင်အားများစွာ ရှိသဖြင့်၊ ၎င်းတို့သည် ပြည်ထောင်မင်း အချင်းချင်း စစ်

တိုက်ရာတွင်၊ အရှုံးအနိုင်ကို ဆုံးဖြတ်နိုင်သည့် အင်အား ရှိရကား၊ ၎င်းတို့ ပါဝင်တိုက်ခိုက်သည့် ဘက်က-အနိုင် များသောကြောင့်-ပါးရည် နပ်ရည် ရှိသော ရှင်ဘုရင် များက-၎င်းတို့၏အင်အားကို တစ တစ ပျက်ပြားအောင် လုပ်လိုက်လေသည်။ သို့ရာတွင် ၎င်းတို့၏လက်တွင် လယ် ပေါင်းမြောက်များစွာ ကျန်ရှိသေးရကား-၎င်းတို့၏ တန် ခိုးအာဏာများမှာ-ရှေးအခါ ကလောက် မကြီးမားသော် လည်း ၁၇၁၅-ခုနှစ်တွင်၊ နန်းတက်သည့် ပဉ္စမမြောက် ရှေဘုရင့်လက်ထက်တွင်၊ ပါလီမန် ရွေးကောက်ပွဲများ ကျင်းပသော အခါ-၎င်း မှူးရှင်ကြီးများ မြောက်များစွာ အရွေးခံကြရလေသည်။ ၎င်းအခါမှ အစဉ်တစိုက် လွှတ် တော်တွင် အရွေးခံကြရကား၊ ၎င်းတို့၏ တန်ခိုးအင်အား မှာ-ကြီးမားသည်ထက် ကြီးမားလာလေသည်။ ရှေးအ ခါက မြေများကို အကာအရံမရှိဘဲ၊ လုပ်နေရာမှ- မြေဥပ ဒေများထုတ်ခါ- အကာအရံများ ထားရမည် ဟုသော ဥပဒေ ထုတ်လိုက်သောအခါ၊ မိမိ၏ လယ်ဧက အနည်း ငယ်ကို၊ လုပ်၍ စားသည့် လယ်သမားမှာ၊ မိမိလယ်ကို အကာအရံဖုတ်တိုင်းလုပ်ရန်-ငွေကုန် မခံနိုင်သဖြင့်၊ အနီးရှိ လယ်ပိုင်ရှင်ကြီးများအား၊ ရသမျှနှင့် ရောင်းချလိုက်ကြ ရလေသည်။ ဤကဲ့သို့အစိုးရနှင့် လယ်ပိုင်ရှင်ကြီးများ ပူး ပေါင်းခါ-လယ်ပိုင်ရှင်ကလေးများ၏ မြေများကိုလု၍ ယူ လိုက်သဖြင့်၊ လယ်ပိုင်ရှင် ကလေးများမှာ-လယ် လက် မဲ့ဘဝသို့ ရောက်ကြရလေသည်။ ထိုအခါမှစ၍ အလုပ်

အဘိုင်များမရှိသဖြင့်၊ မိမိလယ်ယာမှ ဖယ်ရှားခြင်းခံရသော မြေယာမဲ့ လယ်သမားများသည် မြို့ကြီးများသို့ ပြောင်းရွှေ့ကာ အလုပ်ရှာဖွေကြရသည်။ ...

ထိုအချိန်တွင်-အင်္ဂလန်ပြည်၌ လက်မှု စက်မှု လုပ်ငန်းများ-ထွန်းကား၍ လာသဖြင့်၊ လယ်လက်မဲ့ ဖြစ်သူများမှာ၊ ထိုလက်မှု-စက်မှု လုပ်ငန်းကြီးများတွင်၊ လုပ်သားအဖြစ်ဖြင့်ဝင်ရောက်၍ အလုပ်လုပ်ကြရလေသည်။ အိန္ဒိယပြည်အထိ-ကုန်ကူးသန်းရောင်းဝယ်ခြင်း၊ အာဖရိကတိုက်၊ အမေရိက တိုက်- စသော တိုင်းပြည်များနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများကို စတင် လုပ်ကိုင်သဖြင့်၊ ကုန်တိုက်ကြီး, ပွဲစားတိုက်ကြီး များမှာလည်း တနေ့တခြားတိုး၍လာသည်။ ဟော့ကင်း(**Hawkins**) ဒရိတ် (**Drake**) ဆာဝေါလ်တာရဲလေး (**Raleigh**) ဂျင်ကင်း (**Jenkin**) စသော်ရှင်ဘုရင်ကိုယ်တိုင် အသိအမှတ်ပြုသည့် နိုင်ငံခြားပြည်များ၏ သင်္ဘောများကိုတိုက်ခိုက်၍၊ နိုင်ငံခြားပြည်များမှ-စီးပွါးဥစ္စာများကို ရသမျှ ယူဆောင် လာပြီးလျှင် ဘုရင်များ၊ အစိုးရကြီးများနှင့် အတူ၊ ဝေစုခွဲ၍ လုပ်ဆောင်နေကြရကား၊ စီးပွါးရေး အင်အားမှာ- တနေ့တခြားတိုးပွါး၍လာလေသည်၊ အရှေ့ဘက် တိုင်းတခွင်မှ ကရဝေး,လေးညှင်း,ဖါလာ, သစ်ကြပိုး စသော အမွှေးအကြိုင်များနှင့် တရုတ်ပြည်မှလဘက်ခြောက်များကို တင်ပို့ရောင်းချခြင်း၊ အာဖရိကတိုက်မှ ကျွန်များကို ဖမ်းပြီးလျှင်၊ ကျွန်ကုန်ကူးခြင်း၊ လက်အောက်ခံ ပြည်နယ်များ

တွင် မီးရထား၊ မီးသင်္ဘောများနှင့် အခြားကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို တည်ထောင်ခြင်း အားဖြင့်၊ အင်္ဂလန်ပြည်ရှိ မြေရှင်ကြီးများမှာ၊ ဗိုလ်ရေကဲ့သို့ စီးပွါးရေး အင်အား တနေ့တခြား တိုး၍ လာလေသည်။ စီးပွါးရေးအင်အားတိုး၍လာသည့်အခါ၊ တိုး၍လောဘကြီးလာ၏။ နယ်ချဲ့မှုများကို ပြုလိုသည့်စိတ်ဆန္ဒများလည်းတိုး၍လာသည်ထက်- တိုးလာပြီးလျှင် အညွန့်ချိုးချင်တိုင်းအားနည်း၍ နေကြလေသည်။

ဤအချိန်တွင် ကားလ်မတ်၊ အိန်ဂဲလ်၊ အစရှိသော သူများက-နေရှင်စနစ် တည်းဟူသော ကင်ဆာရောဂါကြီး အမြစ်စွဲနှိပ်စက်နေသည်ကို မြင်ကြသဖြင့်၊ ဆင်းရဲသားများမှုပေါင်းခါ ၎င်းစနစ်ကိုဖြိုဖျက်ရန်လုပ်ဆောင်ခြင်း ဖြစ်လေသည်။ ကားလ်မတ်၏ စနစ်မှာ-ပျံ့နှံ့သလောက် ပျံ့နှံ့၍လည်း မြေရှင်များ လုပ်ချင်တိုင်း မလုပ်ဝံ့ဘဲ- အကန့်အသတ် အတားအဆီးနှင့် လုပ်သည်ကို တွေ့ရှိရပေလိမ့်မည်။

## ဆင်းရဲသားများ၏ ဝုန်ကန်မှု။

အင်္ဂလန်ပြည်တွင် ရှေးနှစ်ပေါင်း ၁၁၀၀-ခန့်က မြေပိုင်ရှင်သူဌေးကြီးများ လက်တွင် ကျွန် အဖြစ်ဖြင့်၊ အမှုထမ်း၍၊ နေရသူ မြောက်များစွာ ရှိလေသည်။ ၎င်းတို့မှာ မြို့စားကြီး များ၏ လယ်များကို တဝမ်းတခါး အတွက် လွန်ယက်လုပ်ကိုင်ပြီးလျှင်၊ မြို့စားကြီးများ အလိုရှိသည့်

အခါ၊ စစ်မှုကို ထမ်းကြရလေသည်။ အချို့ မြေပိုင်ရှိသူ မြေပိုင်ရှင် ကလေးများပင်လျှင်- ကျွန်အဖြစ်ဖြင့် အမှုထမ်းရ၏။ အချို့ မြေလည်းမရှိ-လက်ငွေ။ လည်း မလုပ်သော သူများကို အရည်အတွက် ထဲတွင် ထည့်သွင်းခြင်း မပြုချေ။ ၎င်းတို့မှာ ကျွန်ပင် ဖြစ်သော်လည်း အဘွင်းပစ္စည်း သဘွယ် မြေပိုင်ရှင်- မြို့စားကြီးများက အသိအမှတ် ပြုကြလေသည်။ ထိုစဉ်အခါမှ စ၍၊ ကျွန်နှင့် လွတ်လပ်သောသူ ဟူသော ဝေါဟာရ စကားများ ပေါ်ပေါက်၍ လာချေ။ တိုင်းသူပြည်သားများသည် ကျွန်ဘဝသို့ ရောက်ရန် အရေးလုံးပမ်း အားထုတ်ကြလေသည်။

ခရစ်သက္ကရာဇ် ၁၅၀၀-ကျော်က အလုပ်မရှိဘဲ နေခဲ့သူများကို ဖမ်းဆီးခေါ်ဆုံးမရ၏။ ဒုတိယအကြိမ် အပြစ်ပေးခံရလျှင်၊ ၎င်းတို့၏ နားရွက်များကို ဖြတ်လိုက်ကြ၏။ တတိယအကြိမ် အပြစ်ပေးခံရလျှင်၊ အသေသတ်ရမည်ဟု ဥပဒေထုတ်ထား၏။ ၁၅၄၇-ခုနှစ်တွင် အလုပ်မလုပ်သူများကို တရားစွဲလျှင်၊ တရားစွဲသူ၏ ကျွန် အဖြစ်ဖြင့်၊ အလုပ်ကိုလုပ်ရ၏။ ဤကဲ့သို့ လုပ်ရာတွင် ထွက်၍ ပြေးမည်ရိုးသဖြင့်၊ ၎င်းတို့ကို သံကြိုးများနှင့်ချည်၍ထားပြီးလျှင်၊ ကြာပွတ်များနှင့်ရိုက်ခါ ခိုင်းရ၏။ ဤကဲ့သို့ နိုင်ထက်စီးနင်း မှုများပြုကြသဖြင့် ဆင်းရဲသားများသည် မခံမရပ်နိုင် ဖြစ်ခါ-ဘုရားသခင် ဖန်ဆင်းသည့်အခါက အတူတူဖြစ်လျက် ယခု အဘယ်ကြောင့်၊ ဤကဲ့သို့ ကျွန်နှင့်သခင် ခွဲခြားရမည်

နည်းဟူ၍ ဆုမုခါ သိမ်တို့၏ အခွင့်အရေးများကို တောင်းဆိုကြလေသည်။

အိုင်ယာလန်ပြည်တွင်လည်း၊ အိုင်ယာလန် သားများ အပေါ်တွင်အခွန်ထုရိုင်စက်ကြ၍၊ အိုင်ယာလန်သားများက မခံနိုင်သဖြင့်၊ ချခံတိုက်ခိုက်ကြသောကြောင့်၊ လူပေါင်းများစွာ သေဆုံးကြ၍။ နှစ်ငည့် နှစ်တိုင်း အင်္ဂလိပ်တို့၏ ကိုလိုနီနိုင်ငံအသင်းဖြစ်သော အမေရိကပြည်သို့ အိုင်ယာလန်လူမျိုးပေါင်း များစွာတို့ကို။ အမေရိကန်ပြည်ရှိ၊ မြို့ကြီးများတွင် ကျွန်အဖြစ်ဖြင့်၊ ခိုင်းစေရန် တင်ပို့လေ့ ရှိလေသည်။ ၁၆၅၃-ခုနှစ်တွင်၊ အမေရိကပြည်သို့ လူပေါင်းနှစ်သောင်း ကျော်ကို ကျွန် အဖြစ်ဖြင့်ခိုင်းစေရန် တင်ဆောင် ပို့လိုက်ကြလေသည်။ သို့ဖြစ်ရကား။ ၁၆၄၁-ခုနှစ်တွင် လူဦးရေတသိန်းခွဲရှိသော အိုင်ယာလန်ပြည်တွင် ၁၆၅၂-ခုနှစ်တွင်၊ လူဦးရေ ၈-သိန်းခွဲ သာလျှင် ကျန်ရှိလေတော့သည်။အတိုချုပ် သဘောမှာ-အိုင်ယာလန်ပြည်မှာ၊ အင်္ဂလန်ပြည်သားများ ကောင်းစားရေး အတွက်၊ သက်သက် အနစ်နာခံ၍ လုပ်ပေးရသော ပြည်ဖြစ်လေသည်။အိုင်ယာလန်လူမျိုးတို့သည်၊ သိုးများ နွားများကို မွေးမြူပြီးလျှင်၊ သိုးသား နွားသား.များကို ရောင်းချခြင်း၊ သိုးမွေးများ ရောင်းခြင်းအားဖြင့်၊အသက်မွေးမြူ၏။ အိုင်ယာလန်ပြည်မှ-သိုးသား- နွားသား- သိုးမွေးများ အမြဲများသဖြင့်၊ အင်္ဂလန်ပြည်တွက် ပစ္စည်းများ ဈေးကျလာသောအခါ၊ အိုင်ယာလန်ပြည်သားများအား၊ ၎င်းပစ္စည်း

များကို အင်္ဂလန်သို့ တင်ပို့ခြင်း မပြုရန် ပိတ်ပင်ထားခြင်း လေသည်။ အိုင်ယာလန် လူမျိုးများမှာ အမျိုးမျိုးအနှိပ် စက်ခံရခြင်း၊ အညွန့်ချိုးခြင်း ခံရသဖြင့်၊ လွန်စွာ အတိဒုက္ခ ရောက်ကြရလေသည်။ ၎င်းကြောင့် စာရေးဆရာ တဦးက မူကား၊ အင်္ဂလိပ် အကြံသမားများ ထွက်၍ သွားသည့်အခါ၊ ကျန်ရှိသော မြေများမှာ- တောမီး လောင်သကဲ့သို့၊ ဟာလာဟင်း အနှစ်မရှိဘဲ ကျန်ခဲ့လေသည်ဟု ရေးသား လေသည်။ (Where the English Adventurer passed he left the land as naked as if a forest fire had swept over the country.)

အင်္ဂလန် ပြည်တွင်လည်း ဆင်းရဲသားများမှာ အနှိပ် စက်ခံရဖန်များသဖြင့် ဒုက္ခရောက်ရှိကြလေသည်။ ၁၆၇၉ ခုနှစ်တွင်၊ ဒုတိယ မြောက် ချားလ်(စ) (Charles II) လက်ထက်တွင်၊ အပြစ် ရှိသည်ထင်၍ ဖမ်းလာသူ အကျဉ်းသားတဦးအား တရားသူကြီးနှင့် ရုံးပြိုင် သက်သေ များကို စစ်ဆေးပြီးလျှင်၊ အပြစ်ရှိမရှိ ဆုံးဖြတ်ရမည်ဟူ သော (Habeas Corpus act) ဟေးဘီး ယပ် ကော့ ပတ်စ်အက်ဟူသော ဥပဒေရတ်ပြုခဲ့လေသည်။ သို့ရာ တွင် ဆင်းရဲသား အလုပ်သမား များမှာ- အနှိပ်စက်ခံရ ဖန်များသဖြင့်၊ ဒုက္ခသင့်ရှားခြင်း ပြုသောအခါ၊ ဟေးဘီး ယပ်ကော့ပတ်စ်အက်ကို ၁၇၉၄-ခုနှစ်တွင် ခေတ္တ ရပ် ဆိုင်းပြီးလျှင်၊ အစိုးရသဘောအတိုင်း တိုင်းပြည်ကို ချုပ် ချယ်၍ ဒုက္ခသူများကို အပြစ်ပေးလေသည်။ ငွေတန်းလင်း

ရှောက်ခြင်း၊စည်းဝေးပွဲများ ကျင်းပခြင်းတို့ကို ဖိတ်ပင် လိုက်၏၊ အသင်းအပင်း များကိုလည်း မတရားအသင်း ဟူ၍ ကြေညာ၏၊ ၎င်းအချိန်တွင် တော့ မတ်(စ) ပိန်း (Thomas Paine) ဆိုသူ- သူပုန် စာရေးဆရာကြီးမှာ လူ့၏အခွင့်အရေး (The Rights of Man) ဟူသောစာ အုပ်ကိုရေးမိသဖြင့်၊၎င်း၏စာအုပ်ကို မဘတ်ရဟု ပိတ်ပင် ထားဖြစ်ပြီးလျှင်၊၎င်းကို ဘမ်းမည် ပြုသောအခါ၊ ပိန်းမှာ ပြင်သစ်ပြည်သို့ ထွက်ပြေးတိမ်းရှောင်၍ နေရလေသည်။ ထိုစဉ်အခါက-လူပေါင်း များစွာတို့မှာ၊ အဘမ်းခံရ၏။ အချို့မှာ- ပုလိပ်များနှင့် အမိကရုဏ်းဘွင် အသက်ဆုံး ရှုံးကြရ၏။

ဤကဲ့သို့ အလုပ်သမား များသည် အစဉ်တစိုက် ဆူပူ လာခဲ့ရာ ၁၈၁၇- ခုနှစ်ဘွင် အစိုးရအား ပုန်ကန်ရန်ကြံ စည်မှုများကို တွေ့ရသဖြင့်၊ ဟေးဘီးယပ် ကော့ပတ်စ် အက်ဥပဒေကို ပြင်၍ ပယ်ဖျက်သိမ်းပြီးလျှင်၊ စည်းဝေးခြင်း၊ စိတ်ကြွလမ်းရှောက်ခြင်း၊ အသင်းအပင်း ဖွဲ့ခြင်း၊ စာရွက် စာတမ်းများ ပုံနှိပ် ဝေငှခြင်းများကို ပိတ်ပင် လိုက်လေ သည်။

ဤကဲ့သို့ ဟေးဘီးယပ်ကော့ပတ်စ်အက်ကိုပိတ်လိုက် သဖြင့်၊တရားလက်မဲ့ တိုင်းပြည်ဖြစ်သည်ကို မခံနိုင်ကြ ရကား-လူငါးထောင်-ခြောက်ထောင် ရုံးစုံ၍ မန်ချက်စ တာမြို့မှ-လန်ဒန်မြို့သို့ ခြေလျင်ရှောက်၍ လာပြီးလျှင်၊၎င်း တို့၏ တော်မူတ်ခေါင်းပါးပုံနှင့် ဟေးဘီးယပ် ကော့ပတ်စ်

ဥပဒေကို ပိတ်လိုက်ခြင်း ကြောင့် မကြေနပ်ကြောင်း။ အသွားတဘောင် ရေးသားပြီးလျှင်၊ လာရန် ဗိုလ်ရာ-ထိုလမ်း ရှောက်လာမည့် သူများအား၊ ပုလိပ်များက မလာနိုင်ရန် လှုရုခွဲပစ်လိုက်သဖြင့် လူအနည်းငယ် သာလျှင်၊ ထွက်ခွါ၍လာနိုင်သော်လည်း ၎င်းတို့ကိုလည်း လမ်းတဝက်တွင်ပင် ဖမ်းလိုက်လေသည်။ ဤကဲ့သို့ ဆင်းရဲသားများဆူပူကန့်ကွက် ကြခြင်းမှာ-မြေပိုင်ရှင် သူဌေးကြီးများက-မိမိတို့၏ဂျုံများကို ဈေးကြီးကြီးနှင့် ထင်ရှိရောင်းချနိုင်ရန် အလို့ငှါ၊ ၁၈၁၅-ခုနှစ်တွင် ဂျုံ ဥပဒေခေါ် (Corn law) ဥပဒေတို့ထုတ်ပြန် ကျေညာ လိုက်ခြင်းကြောင့် ဖြစ်လေသည်။ အလုပ်သမားများ၏ အခကြေးငွေမှာ လျော့သည့်ထက် လျော့၍ သွားသော်လည်း၊ ဂျုံနှင့် တကွ၊ အခြားပစ္စည်းများမှာ-ဈေးကြီး၍ နေရကား၊ ခေတ္တရှင်ကြီး များ၏ လောဘ ကြီးမှုကို ဆင်းရဲသားများ အနစ်နာခံ၍ အားပေးရသည့်ဥပဒေ ဖြစ်ရကား -တတိုင်းပြည်လုံး ဆူပူသုံးသပ်ရှားဘွယ် ရှိလေသည်။

ပထမအကြိမ် ဆူပူ သူများကို ဖမ်းမိ၍ ပြီးသော်လည်း ၁၈၁၉-ခုနှစ်တွင်ဆူပူသုံးသပ်ရှားမှုများ ပေါ်ပေါက်၍ လာပြန် လေသည်၊ သို့ဖြစ်ရကား- ဩဂုတ်လ ၁၆-ရက်နေ့တွင် အလုပ်ရုံများ တည်ရာ ဖြစ်သော မန်ချက်စတာမြို့ရှိ စည်းဝေးပွဲ ကြီးသို့-ပျင်းပ ရာ- လူ ပေါင်း ၈-သောင်းခန့် တက်ရောက်၏။ ဤကဲ့သို့ စိန့်ပီတာဥယျာဉ်

ကြီးတွင် စည်းဝေး၍နေစဉ် ပုလိပ်တို့သည် ဓါးလွတ်ကိုင်၍ အတင်း ဝင်ရောက် ၎င်းရုတ် သဖြင့် လူပေါင်း ၁၁-ယောက်သေဆုံးပြီးလျှင်၊ယောက်ျား,မိန်းမ ပေါင်း-၄၀၀ ခန့် ဒါဏ်ရာရရှိ၍ သွားကြလေသည်။အစိုးရတို့မှာ ခေါင်းဆောင် များကို ဖမ်းဆီး ပြီးလျှင်၊ ချုပ်နှောင်၍ ထားပြီး အချို့ ခေါင်းဆောင် များမှာလည်း အမေရိကာ ပြည်သို့ ထွက်၍ ပြေးကြ လေသည်။ ၎င်းနောက်- အစိုးရ တို့က လတ်တလော ဥပဒေ ၆-ခုကို ထုတ်ပြန် ကြေညာလိုက်ပြီ၊ ထိုဥပဒေ ၆-ခုမှာ တရားသူကြီး များအား- ဝီတန်း လမ်း ရှောက် ခြင်းနှင့် စည်းဝေး ပွဲများ ကျင်းပ ခြင်း၊ လက်နက် များရှိ သည့် ထင်သော အိမ်များကို ရှာဖွေခြင်း၊ ဖွဲ့ဆော် ပေးသည့် စာတမ်း ထုတ်သူ များအား၊ ထောင်ချခြင်း- တကျွန်း ပို့ခြင်း- သတင်းစာနှင့် ကြေညာစာတမ်း ထဲဖော်လျှင် ငွေ- အခွန် ပေးရမည် ဟူ၍ ဥပဒေများ ထုတ်ပြန်ကြေညာပြီး၊ဤကဲ့သို့ ပါသီမန်က အရမ်းကာရော-ဥပဒေများကို ထုတ်ပြန်ကြေညာ၍ နေရကား တိုင်းသူပြည်သားများမှာ-မခံမရပ်နိုင်ဖြစ်၍၊ ပါသီမန်ကို မည်ကဲ့သို့ ဆုံးမရမည်ဟူသော အချိန်အခါကို သာလျှင် စောင့်၍နေကြလေသည်။ ၎င်းအတောအတွင်း ၁၈၂၀-ခု ဖေဖေါ်ဝါ ရီလတွင် ပါသီမန်အမတ် အားလုံးကို မျက်ဆီးသုတ်သင်သတ်ဖြတ်ရန်၊ လျှို့ဝှက်သောအကြံတရပ်ကို စီမံလုပ်ဆောင်ရာတွင် အထ မြောက်မှီ၊ ပုလိပ်သူလျှို တယောက်က သတင်းပေးလိုက်သဖြင့်၊ ခေါင်းဆောင်များ

ကို သိမ်းဆီးပြီးလျှင်-အားလုံးသတ်ဖြတ်လိုက်သဖြင့်၊ ထို အကြီးအကဲမှာ ပျောက်၍သွားရလေသည်။

ထိုအချိန်အတောအတွင်း ဂလောစကိုမြို့တွင် လူပေါင်း ခြောက်သောင်းခန့် ရုံးပြီး၊ ဤလုပ်ငန်းများကို သပိတ် မှောက်ရန်စီစဉ်ကြလေသည်။ ဤကဲ့သို့ စီစဉ်ကြသည့်အခ ဖြစ်၍၊ တတိုင်းပြည်လုံး သူပုန်ထလိမ့်မည်ဟူသောသတင်း တရပ်မှာ- ပေါ်ပေါက်၍လာရကား၊ အင်္ဂလန် ပြည်တွင် အထူးတုန်လှုပ်ချောက်ခြား၍နေလေသည်။ တိုင်းပြည်တွင် ဆူပူမှုများကို ဖန်တည်း၍ပေးသူ- နန်းရင်းဝန်ကြီး ကာ စတယ်လ်ရေး(Castle Reagh)သည်၊ဆက်လက်ခါဒါတ် မခံနိုင်သဖြင့်၊ မိမိ၏လည်ပင်းကိုဓါးနှင့်လှီး၍ အဆုံးစီရင် လိုက် လေသည်။ နန်းရင်းဝန်ကြီး သေဆုံးသည့် အခါ၊ ဝက်(စ်)မင်းစတား ဘုရားရှိခိုးကျောင်းကြီးသို့ယူဆောင် ၍သွားသောအခါ၊ တိုင်းသူပြည်သားများမှာ-၎င်းတို့အား ဖိစီးနှိပ်စက်သူတဦးသေဆုံးသွားပြီဟူသော အထိမ်း အ မှတ်နှင့်၊ နှစ်သောင်း အားရဖြစ်ခါ၊ အလောင်းကို ယူ ဆောင်သွားသည့်အခါ၊ ဝိုင်း၍ ဩဘာပေးကြလေသည်။

## ရွာများတွင် ပဋိပက္ခဖြစ်ခြင်း။

မြို့ကြီးများရှိ စက်ရုံအလုပ်သမားများသာမဟုတ်၊ ရွာ များတွင်လည်း မြေပိုင်ရှင်နှင့်လယ်သမားများမှာ မသင့် မတင့်ဖြစ်၍ နေကြ၏။ လယ်မြေကို ခြံကာရေး ဥပဒေ

ကြောင့်၊ သူဌေးများက-ဆင်းရဲသား လယ်ပိုင်ရှင်ကလေး
များထံမှ၊ လယ်ပိုင်ကြီးများကအလကားလိုလို အနည်း
ဆုံးနှုန်းလေးများကိုပေးခါ၊ မြေများကိုသူယူလိုက်ရကား
လယ်ဆုံးရှုံးရသည့် မြေပိုင်ရှင်ကလေးများမှ အထူး မ
ကြေမနပ်ဖြစ်၍ နေကြလေသည်။ အလုပ်သမား များမှာ
လည်း၊ လုပ်ခလျော့ခြင်းခံရ၍၊ အိမ်ငှါးခနှင့် အစား အ
သောက်ဈေးမှာ တက်၍နေရကား၊ တောရွာများတွင် သူ
ပုန်ထမည့်ကဲ့သို့ ဖြစ်၍နေလေသည်။ ၎င်းအတောအတွင်း
လယ်ပိုင်ရှင်သူဌေးကြီးများနှင့် ဆင်းရဲသားများ အချင်း
ဖြစ်ပွားသည့်အချက်တရပ်မှာ၊ လယ်ပိုင်ရှင်သူဌေးကြီးများ
ပိုင်သော တောများအတွင်းသို့ ဝင်ရောက်ခါ၊ ဆင်းရဲ
သား များက သမင်-ဒရယ်-ကျီငယ်-စိုင် ဆတ် စသော
တောသတ္တဝါများကို၊ ပစ်ခတ် စားသောက် သည်ကို
သူဌေးတောပိုင်ကြီးများ ကမိမိတို့တောကစားရန်အတွက်
ထားသည့် တောဖြစ်သဖြင့်၊ ဝိတ်ပင်တားမြစ်ရာမှ တဦး
နှင့်တဦး ပဋိပက္ခဖြစ်ကြရလေသည်၊ ထို့ကြောင့်-သူဌေး
ကြီးများသည် ပါလီမန်တွင် အက်ဥပဒေများ ထုတ်ခါ၊
ဆင်းရဲသား-အလုပ်သမားများကိုတမ်းဆီးခါ၊ ထောင်
ချခြင်း- ဒုတိယအကြိမ် ဖြစ်မှုကျူး-လွန်သူအား-ထောင်
ဒါဏ်နှစ်နှစ်ချခြင်း၊ ၎င်းတို့အားဖမ်းသည့်အခါ အဖမ်း
မခံဘဲ ခုခံတော်လှန်သူအား၊ သေဒါဏ်ပေးရမည် ဟူသော
ဥပဒေကို ထုတ်ပြန်လေသည်။ ဤဥပဒေနှင့် မလုံလောက်
သေးဟုထင်သဖြင့်၊ ၁၈၁၇-ခုနှစ်တွင် ထုတ်ပြန်ကြေညာ

သည့် ဥပဒေတရပ်မှာ၊ ဆင်းရဲသားများသည် အခွဲလိုက် ရန် တစုံတရာအခွင့်အရေးမရှိရကား။ ဤကဲ့သို့အခွဲလိုက် ခွင့် မရှိသူတယောက်ကို လက်နက်များနှင့်ရင်း၊ ထောင် ချောက်များကျော့ကွင်းများနှင့်ရင်း၊တွေ့ရှိသည့်အခါ၊ ၎င်း သူကို ဘမ်းဆီးပြီးလျှင် တသက်တကျွန်း ပို့ရမည်ဟူသော ဥပဒေကို ထုတ်ပြန်လေသည်။ဤကဲ့သို့ဥပဒေများထုတ်ပြန် သော်လည်း၊ဆင်းရဲသားများအခွဲလိုက်သည့် အလေ့အ ထမှာ-ပပျောက်ခြင်းမရှိဘဲ၊တိုးတက်၍ လာသည်ကိုသာ တွေ့ရှိ ရလေသည်။ ၁၈၂၇-ခုနှစ် ၁၈၂၈-ခုနှစ် အထိ အခွဲလိုက်မှုနှင့်ပတ်သက်၍ အပြစ်ခံရသူများမှာ ၈၅၀၀ ကျော်ရှိသည်ကို တွေ့ရှိရလေသည်။ ဤကဲ့သို့ အခွဲလိုက် ကြခြင်းမှာ-အခွဲလိုက် ဝါသနာပါ၍မဟုတ်ဘဲ ငတ်မွတ် ခေါင်းပါးလှသဖြင့်၊အခွဲလိုက်၍ရသော သားငါးကိုရောင်း ချ၍ စားကြခြင်းအားဖြင့်၊ မိမိတို့ဝင်ငွေအနည်း ငယ်တိုး တက်လာရန် အတွက် လုပ်ဆောင်ရခြင်း ဖြစ်လေသည်။ တထက်တွင် အလုပ်သမားများရေးကျ၍၊ငတ်မွတ်ခေါင်း ပါးခြင်းဖြစ်၍ နေသည့်အချိန်တွင် မြေပိုင်ရှင်ကြီးများက ပေါ်နိုင်ခ-သိမ်းခ-နယ်ခများ သက်သာရန် အလို့ငှါ၊ ဂျုံ နိုင်သည့်စက်များကို စတင်အသုံးပြုကြပြန်သဖြင့်၊ဆင်းရဲ သားများမှာ-မခံမရပ်နိုင်ဖြစ်ခါ၊ ရုန်းပြီးလျှင် ၎င်းစက်များ ကို ချိုးဖဲ့ဖျက်ဆီးခြင်း၊ လယ်များ၌ ကောက်လှိုင်းပုံများ ကို မီးရှို့ခြင်းစသော အကြမ်းမှုများကို စတင်ပြုကြလေ

သည်။ ဤသို့သို့ ဆူပူကြသဖြင့် ခေါင်းဆောင်လုပ်သူများကို ဖမ်းဆီး၍ အပြစ်ပေးလိုက်၏။

ထိုနှစ်က- ရုပေါင်း ခေါင်းဆောင် ကိုးယောက်မှာ ကြိုးပေးခံရပြီးလျှင်၊ လူ ၄၅၇-ယောက်တို့မှာ၊ တကျွန်း အပို့ခံရလေသည်။ ၁၈၃၉-ခုနှစ်တွင် လန်ဒန်မြို့ရှိ အလုပ်သမားများသည်၊ အလုပ်သမား အသင်းတခုကို တည်ထောင် လိုက်ကြ၏။ ၁၈၃၇-ခုနှစ်တွင် ထိုအသင်းက ကြိုးပမ်း၍၊ အစိုးရထံသို့ ပြည်သူပြည်သားတို့၏ စာချုပ် (People's Charter) ကြီးခေါ် တောင်းဆိုချက် ၆-ချက်ပါ သည့် စာချုပ်ကြီးတွင် တောင်းဆိုချက်များမှာ၊ လူတိုင်း မဲဆန္ဒပေးနိုင်ခွင့်နှင့် ပစ္စည်း မည်၍မည်မျှရှိမှသာလျှင်၊ ပါ လီမန် အမတ် အရွေးခံသင့်သည် ဟူသော စည်းကမ်း သတ်မှတ်ချက်ကို၊ ပယ်ဖျက်ရန်အချက်များမှာလည်း ပါ ဝင်သည်။ ဤအချက်တွင် တောင်းဆိုချက်ကို ထောက်ခံ သည့် အစည်းအဝေးပွဲကြီးများကျင်းပရာ၊ ဂလင်စကိုမြို့ စည်းဝေးပွဲသို့ လူနှစ်သိန်းခန့် တက်ရောက်၏။ နယူကာ ဆယ်မြို့တွင် ရှစ်သောင်း၊ လိဒ်(စ်)မြို့တွင် နှစ်သိန်းခွဲ၊ မန် ချက်စတာမြို့တွင် သုံးသိန်းစသည်ဖြင့်၊ မြို့တွင်းတွင် ကျင်းပ သော အစည်းအဝေးပွဲများသို့၊ လူပြောက်များစွာ တက် ရောက် ကြလေသည်။ ထို့နောက်-ထိုစာချုပ်ကြီးကို လူ ပေါင်း တသန်းနှစ်သိန်းရှစ်သောင်း လက်မှတ်ထိုးခါ၊ ပါ လီမန်သို့ တင်သွင်းရာတွင် ပါလီမန်က၊ ထိုစာချုပ်ကြီးကို ပယ်ချလိုက်လေသည်။

ဤစာချုပ်ကြီးနှင့် ပတ်သက်၍ ဘာမင်ဂမ်မြို့တွင် အလုပ်သမားများကို၊ လန်ဒန်မြို့မှအထူးပုလိပ်များဖြင့် ဆင့်ခေါ်၍၊ ရက်ရက်စက်စက်ဖိနှိပ်လိုက်သဖြင့်၊ ခေတ္တမျှ ငြိမ်ဝပ်၍သွားသော်လည်း၊ ဂလပ်စကို-နယူကာဆဲလ်-ဆန်ဒါလင်နှင့် လန်ကရှိုင်းရှားနယ်တွင်ရှိသော မြို့များမှ ပုလိပ်နှင့်အလုပ်သမားများမှာ-အထူးပဋိပက္ခဖြစ်ကြလေသည်။ အချို့ကျောက်မီးသွေးတူးသမားများမှာ-မခံမရပ်နိုင် သဖြင့်၊ လက်နက်များကိုင်ခါ၍ထွက်၍လာသောအခါ၊ အစိုးရတို့က- ဆီး၍ပစ်သတ်လိုက်သဖြင့်၊ ဒဏ်ရာရသူရ-သေဆုံးသူ သေဆုံးကြပြီးလျှင်၊ ဗိတာန်းလမ်းရှောက်လာသည့် ကျောက်မီးသွေးတူး အလုပ်သမားများမှာ၊ကာဆင့်ကာရဲ ထွက်ပြေးကြရလေသည်။

၁၈၄၁-ခုနှစ် ဩဂုတ်လတွင် ဒုတိယအကြိမ်မြောက် လွှာကြီးကို တင်သွင်းပြန်ရာ၊ လူပေါင်း သုံးသန်းသုံးသိန်း ထသောင်းငါးထောင်ကျော် လက်မှတ်ထိုးကြလေသည်။ ဤကဲ့သို့လက်မှတ်ထိုးလိုက်သော်လည်း၊ ပါလီမန်ကတာဝန် ပယ်၍ချလိုက်၏၊ ဤကဲ့သို့ပယ်၍ချလိုက်သောအခါ၊ တိုင်းသူ ပြည်သားများမှာ မခံမရပ်နိုင် ဖြစ်ပြီးလျှင်၊ ၎င်းတို့ တောင်းဆိုချက်မရမချင်း သပိတ်မှောက်၍နေကြရန် ဆုံးဖြတ်ကြလေသည်။ တိုင်းသူပြည်သားများမကြေမနပ်ဖြစ်သည်ကို အစိုးရတို့သိသောအခါ၊ ထိုဆူပူသူများကို နှိပ်ကွပ်ရန် စစ်သားများစုဆောင်း၍၊ အဆင်သင့် ပြင်ဆင်ထားလေသည်။ စစ်တပ်နှင့်လုံ့လောက်သည် မထင်သော

ကြောင့်၊ အထက်တန်းစားနှင့် အလယ်တန်းစားများအနက် လူပေါင်းများစွာတို့ကိုခေါ်ယူပြီးလျှင်၊ အထူးပုလိပ်အဖြစ် ခန့်ခါ၊ ဆူပူသူများကို ဖိနှိပ်ရန်ခိုင်းဉ်ခါ၊ မြို့အသီးသီးတွင် တော်လှန်ခေါင်းပါးခြင်းဖြစ်ကြ၍၊ ဆူပူသူများအား-သေ နပ်လက်နက်များကို အသုံးပြုခါ နှိမ်နင်းလိုက် လေသည်။ ဤကဲ့သို့ တိုင်းသူပြည်သားလူအများ၏ ဆန္ဒနှင့် ဆန့်ကျင် ခါ၊ စချင်ကြီးများကို ပါလီမန်ကပယ်၍ ချလိုက်ခြင်းမှာ ပါလီမန်အဖွဲ့ဝင်များသည်၊ ပစ္စည်းဥစ္စာ ကြွယ်ဝသည့်သူ ဌေးကြီးများ၊ မြေပိုင်ရှင်ကြီးများဖြစ်သဖြင့်၊ အသက်ပြည့် သူတိုင်း ဆန္ဒမဲပေးနိုင်ခွင့်ရစေရမည်၊ ပစ္စည်းဥစ္စာ အင် အားတစုံတရာမရှိသော်လည်း၊ ပါလီမန်အမတ်အဖြစ်ဖြင့် အရွေးခံနိုင်ခွင့်ရှိစေရမည်ဟူသော အချက်များကို မနှစ် သက်နိုင်ကြချေ။ အသယ်ကြောင့်ဆိုသော်-လူတိုင်း မင်း တိုင်ပင်အမတ်အဖြစ် ရွေးခံနိုင်ခွင့်ရှိစေရမည်ဟု ဆိုလျှင်၊ ဆင်းရဲသားများသည် ပါလီမန်သို့တက်ရောက်ခါ၊ ၎င်းတို့ နှင့် ရင်ဘောင်တန်းထိုင်၍ နေသည်ကို နေရှင်များက မ ကြည့်နိုင်ကြချေ၊ လူတိုင်းဆန္ဒမဲပေးနိုင်ခွင့်ရှိစေမည်ဆိုလျှင်၊ ထိုမျှခြောက်ခြားသော သူများကို နေရှင် သူဌေးကြီးများ မြေပိုင်ရှင်ကြီးများက-ချုပ်ချယ်နိုင်မည် မဟုတ်ရကား-ထို မျှ ခြောက်ခြားစွာသောသူများ ဆန္ဒမဲ ပေးသ်ကိသဖြင့်၊ ဆင်းရဲသားပါလီမန်အမတ်များ၊ ပါလီမန်တွင် ဝင်ရောက် လာမည်ကိုစိုးရိမ်သဖြင့်၊ တောင်းဆိုချက်များကို မပေးကြ ဘဲနေခြင်းဖြစ်လေသည်။ ဤသည်ကိုထောက်သဖြင့် အင်

လန်ပြည်ရှိ ဓနရှင်-မြေပိုင်ရှင်သူဌေးကြီးများသည်၊မည်မျှ ကိုယ်ကျိုးရှာသည့် စိတ်သဘောများ-များသည်ကို သင်နိုင်ပေ လိမ့်မည်၊အထူးသဖြင့်-မိမိတို့လူမျိုးအချင်းချင်း ပေါ်တွင် ပင်လျှင်၊ဤကဲ့သို့ ရက်စက်ကြမ်းကြုတ်မှု တည်းဟူသော သတ်ဖြတ်မှုများကို ပြုလုပ်၍နေသည့် ဓနရှင်များသည်၊ လက်အောက်ခံ နိုင်ငံခြားသားများအပေါ်တွင် သောက် ထားညှာတာခြင်းမရှိသည်မှာ အံ့ဩဘွယ်ရာ မဟုတ်ချေ၊ ဤကဲ့သို့ သောက်ထားညှာတာခြင်းမရှိဘဲ၊ အညွန့်ခူးခြင်း စသော အမှုများကိုပြုကျင့်ခါ စီးပွါးရှာမှုရကား၊ ၎င်းတို့ စီးပွါးရှာသည့် တိုင်းပြည်များမှာ- စီးပွါးရေးအရ နလ မထူနိုင်ကြဘဲ၊တနေ့တခြား လုံးပါးပါး၍သွားကြပြီးလျှင်၊ ထိုတိုင်းသူပြည်သားများမှာ- အတိဒုက္ခ ဆင်းရဲခြင်းများ ဖြစ်ခါ၊ကျွန်ဘဝမှ မလွတ်နိုင်ဘဲ ရှိလေသည်၊

အင်္ဂလန်ပြည်သား-စီးပွါးရှာသူများရောက်၍ သွားသော နေရာတိုင်းမှာ၊ထောသီးလောင်သကဲ့သို့-အတိဒုက္ခ ဆင်းရဲ ခြင်းရောက်ရသည်ဟူသောစကားမှာ၊အထူးအမိပ္ပါယ်နှင့် ပြည့်စုံသဖြင့်၊ထိုစကားကိုဆင်ခြင်ဝေဖန်၍ ကြည့်လျှင်၊ အဓိပ္ပါယ်ပေါ်လွင် ထင်ရှားလာပေလိမ့်မည်၊ အင်္ဂလန် ပြည်တွင်မှုကား-ဓနရှင်နှင့် အလုပ်သမားများမှာ၊ မနား မနေ အတိုက်အခံလုပ်ခါ သူမှုသောင်းကြမ်းကြသဖြင့်၊အ လုပ်သမားများ၏ သူမှုတောင်းဆိုချက်များကို တစတစ လျော့၍ပေးလိုက်ရကား၊ ယခုအခါ ဆင်းရဲသားများမှာ အခွင့်အရေး အသင့်အတင့်ရကြသည်ကို တွေ့ရှိရပေလိမ့်

မည်။ဤကဲ့သို့ ရကြခြင်းမှာလည်း အလွယ်တကူနှင့်တောင်း ဆိုရ၍ရခြင်းမဟုတ်ဘဲ။လူပေါင်းမြောက်မြားစွာနှင့် အနှစ်နှစ်ကာ။ မရ-ရအောင် လုပ်ဆောင်ကြခြင်းကြောင့်၊ ရသည့် အခွင့်အရေးများဖြစ်လေသည်။သို့ရာတွင် အင်္ဂလန်ပြည်တွင် နေ့ရှင်းစနှစ် အွန်မိုးရှာသဖြင့်၊ယနေ့တိုင်ဆင်းရဲသားတို့မှာ-အောက်ကျနောက်ကျ သဝမျိုးတွင် နေကြရသေးသည်ကို တွေ့နိုင်ပေလိမ့်မည်။အမေရိက ပြည်သည်ငှင်းဖြင့်သစ်ပြည်သည်ဖြစ်၊နေ့ရှင်းစနစ်အွန်မိုးသည့် ပြည်များဖြစ်ရကား-ဆင်းရဲသားများ အထက်တန်းသို့ ရောက်မည်ကို အတူးဖိုးခိုကြလေသည်။ရုရှားပြည်ကဲ့သို့ဆင်းရဲသားများသည်၊ တိုင်းပြည်ကိုအုပ်ချုပ်ရသည့် အခြေသို့၊ နိုင်ငံအသီးသီးရောက်၍ သွားမည် ဖိုးသဖြင့်၊ နေ့ရှင်းနိုင်ငံများတည်းဟူသော အင်္ဂလန်နှင့်ပြင်သစ်နောက်မှ အမေရိကတို့မှာ၊ မှုးတွဲမှုးတွဲလုပ်၍၊ အဘူင်းသက်ပုန်း ခုတ်ခါ၊ ဖွယ်နေသည်များကို ကောင်းစွာ တွေ့မြင်နိုင်ပေ လိမ့်မည်။

အမေရိကတို့မှာ လက်အောက်ခံ ပြည်များမှု၍ အထွန်းရှုးခြင်းမရှိသော်လည်း၊နေကြေးငွေအင်အားနှင့် ဇိမ်ခံနိုင်ပွါးရှာနေသည့်ပြည်တပြည်ဖြစ်ရကား၊အမေရိကတို့၏စိတ်ထားမှာ-အင်္ဂလန်တို့နှင့် မတူးခြားလှချေ၊အမေရိကတို့မှာ- အခြားတိုင်းပြည်များ၏ အရေးတွင် သဘောသမတ်လုပ်လေဟန်နှင့် အသံကောင်းဟစ်၍ နေကြသော်လည်း၊ အမေရိကန်ပြည်တွင် ကပ္ပလီလူမျိုးများကို တန်းတူ အခွင့်

အရေးမပေးသဲ နိုင်ငံကာလူမျိုးရှိနေသည်ကို ထောက်ရှု ခြင်းအားဖြင့်၊ အမေရိကန်တို့၏ သမာသမတ်-လုပ်ငန်းဟူ၍ ဘယ်မှဖြစ်ပြီးလျှင်။ နိုင်ငံခြားပြည်များတွင် လုပ်၍နေသည့်လုပ်ငန်းများမှာ၊ အဓိပ္ပါယ် ကင်းမဲ့သောလုပ်ငန်းများ ပင်ဖြစ်လေသည်။ အမေရိကန်တို့သည်အင်္ဂလိပ် ပြင်သစ် တို့ကဲ့သို့ ရုရှားပြည်၏ ထုံဝါဒစနစ်ကြီး-ဥရောပတိုက်သို့ ပျံ့နှံ့ လာမည်ကို အထူးစိုးရိမ်ကြလေသည်။ ယခု စစ်ကြီးတွင်ရုရှားနှင့်ဂျာမဏီ ပူးပေါင်းမိသဖြင့်။ အမေရိကန်တို့သည် အခြားပြည်များ နည်းတူ၊ ခွေးခြေ မီးလောင်ဖြစ်ခါ၊ အမျိုးမျိုးပရိယာယ်နှင့် ဤ ရုရှား ဂျာမဏီ ပူးပေါင်းမှု ပျက်ရန်၊ သို့မဟုတ်သ်ထိုပူးပေါင်းမှုကို ဝိုင်းဝန်းဖြိုဖျက်ရန်။ ယခုအခါ အမေရိကန်မှ ကိုယ်စားလှယ်ဖြစ်သော မစ္စတာဆမ်းမနားဝဲလ်(စ်) (Sumner Welles)ကို ဂျာမဏီ-အီတလီစ သောပြည်များသို့ စေလွှတ်ခါ၊ အမျိုးမျိုး ကြိုးဆွဲ နေသည်တို့ ထောက်၍ သိနိုင်ပေ လိမ့်မည်။

မေရိကန်၏ကိုယ်စားလှယ် ဆမ်းမနားဝဲ(စ်)သည်၊ အီတလီပြည် အစိုးရ အဖွဲ့ဝင်၊ ရောမမြို့ရှိ ပုပ်ရဟန်းကြီးနှင့် ၎င်း-တွေ့ဆုံပြီးလျှင် စေ့စပ်ပြောဆို၍နေရကား။ အကယ်၍ အီတလီသည် ပဌမတကြိမ်အလိမ်ခံရသည်နှင့် မကြာခင်သဖြင့်၊ အင်္ဂလန်အမှူးရှိသော မဟာမိတ်တို့ကိုယုံကြည်၍ ယခု စစ်ပွဲတွင်၎င်းတို့ထက်မှ ကူညီတိုက်ခိုက်မည်ဆိုလျှင်၊ တရုတ်တရော ထိထိရောက်ရောက်-လက်ဆုပ်လက်ကိုင်ရ၍ သာလျှင် တိုက်ခိုက်သည်ဟူ၍ ယူဆဘွယ်ရာရှိလေသည်။

အဘယ့်ကြောင့်ဆိုသော်လွန်ခဲ့သည့်ကမ္ဘာစစ်ကြီးကာ၏ တဆီမှါလူကျွန်ပြေပမ်းနှင့်တိုက်ခိုက်ခဲ့ရသော်လည်းစစ်ပြေ ငြိမ်းသည့်အခါဘုရင်ခံမူကားအခြားပြည်များသာလျှင် လက် အောက်ခံနိုင်ငံ အဝီးဝီးရရှိကြ၍ ဆီတလီမှာ မူကား- တစုံတရာမရရှိသည့်အတွက်ယခုတိုင်မကြေမနပ်ဖြစ်၍ နေသည်ကို တွေ့ရှိရလေသည်။ အထက်ပါ အကြောင်း အရာများကိုသောက်ရှုခြင်းအားဖြင့်၊ အရေးကြီးသည့်အခါ ဓနရှင် များသည် တွေ့မျိုးမစဉ်ရဘဲ၊ ၎င်းတို့ အချင်းချင်း ကျောချင်းကပ်-ရင်ချင်းအပ်၍ တည့်အညွှတ်တည်း ကျည် ဖိုင်းဝန်း၍၊ လုပ်ဆောင်ကြသည်ကို တွေ့ရှိရပေလိမ့်မည်။ ဆင်းရဲသားများသာလျှင် တဦးနှင့်တဦး စည်းလုံးညီညွတ် ၍မရနိုင်သဖြင့်၊၎င်းတို့မှာ-အစဉ်ထာဝရ နှင်းပြားအဖြစ် ဖြင့် ခံ၍ နေကြရသည်ကို တွေ့မြင်ရ ပေလိမ့်မည်။ ထို့ ကြောင့်လည်း ဆင်းရဲသားသု ဝါဒ တည်ထောင်သူများ က၊ကမ္ဘာပေါ်ရှိအလုပ်များတို့စည်းလုံးညီညွတ်ကြလော့။ (Workeis of the World Unite,) ဟူ၍ စည်းလုံး ညီ ညွတ်ကြရန်အကြံပေးခြင်းဖြစ်လေသည်၊ ၎င်းတို့အကြံပေး သည့်အတိုင်း လိုက်နာသည့် ပြည်များဘုင်မူကား၊ဆင်းရဲ သားများ အထွန်းအထိပ်ရောက်၍ အကျိုးခံစား၍ နေရ သည်ကို ကောင်းစွာတွေ့မြင်ကြရပေလိမ့်မည်။သို့ရာတွင် ဆင်းရဲသားများမှာ ခေတ္တ၊ကာမျှသာလျှင် ညီညွတ်နိုင်ကြ ၍၊အရှည်သဖြင့် မညီညွတ်ကြရကား၊ ၎င်းတို့မှာ-အစဉ် ထာဝရ ထိပ်တန်းဘုင်မနေရဘဲရှိလေသည်။ ထို့ကြောင့်-

ခနုရှင်စနစ်သည် ဆင်းရဲသားများ အပေါ်တွင် ဤမျှအ ရှည်ကြာရှည်စွာ နှိပ်စက်နေနိုင်သည်ကို သိနိုင်ပေလိမ့်မည်။

## ခနုရှင် အဆွယ်အပွါး။

ခနုရှင်စနစ်မှာ သာမန်ဆင်းရဲသားစနစ်ကဲ့သို့မဟုတ်ဘဲ အကျိုးစီးပွါးအနည်းငယ်ပြခါ၊ နေ့ဘ်လိုက်နေ့ဘ်ပါအင်အား များစွာကိုဆွဲနိုင်သောအစွမ်းရှိလေသည်။အတိုင်းတိုင်းအ ပြည်ပြည်တွင် ခနုရှင်များပိုးမိုးမိသည့်အခါ၊ ထိုတိုင်းသူ ပြည်သားများကိုမိမိတို့ နောက်လိုက်အနေဖြင့်၊ ခြေသည်း လက်သည်းပါ မကျန်အောင်- လုပ်ဆောင်လေ ရှိလေ သည်။ ဒိုင်ယာလန်ပြည်ကို ပဌမဦးစွာ ခနုရှင်နိုင်ငံလုပ် စဉ်ကဒိုင်ယာလန်သားအချို့ကို ရာထူးရာခံများ ပေး ခြင်း၊မြေပိုင်ရှင်များအား၊ဘွဲ့တံဆိပ်များပေးပြီးလျှင် မိမိတို့ ပြည်သား အချင်းချင်းပေါ်တွင် နှိပ်စက်ရန် စီမံချက်များ လုပ်၍ ပေးလေသည်။ဤကဲ့သို့ စီမံရာတွင် ထိထိ ရောက် ရောက် လုပ်နိုင်ရန်အလို့ငှါ၊၎င်းတို့၏လက်တွင်လက်နက် ကိုင် စစ်သားများ-ပုလိပ်များ အပ်၍ထားရကား၊ ဒိုင် ယာလန်သား-ခနုရှင်အဆွယ်အပွါးများမှာ၊ မိမိတို့လူမျိုး အချင်းချင်းအပေါ်တွင် ခနုရှင်စနစ်၏စေခိုင်းချက်အရ၊ အ ညွန့်ရိုးခြင်းစသောအမှုများကို၊ ရက်ရက်စရာစရာ ပြုကြ လေသည်။ ၎င်းတို့မှာ-ဒိုင်ယာလန်လူမျိုးများ ဖြစ်သော် လည်း၊သားသွေးများကို အင်္ဂလန်ပြည်သို့ရှိပြီးလျှင်၊ကျွန်လူ မျိုးမဟုတ်သကဲ့သို့-ကျိုးကို-ဓါင်းတောင်များ ဆင်စေ

ပြီးလျှင်၊ ဒေါင်းများနှင့်သွား၍ပေါင်းသင်းသောအခါ၊ ဒေါင်းရော ကျိုးပါအပေါင်းအသင်း မလှုပ်သကဲ့သို့ ဓနုရှင်၏မြေသည်း လက်သည်းများမှာ-ကမြွှားများအဖြစ်ဖြင့် နေကြရလေသည်။ အကယ်၍ ဤကဲ့သို့ အင်္ဂလိပ်ဓနုရှင်များ ပေါင်းသင်းသည့် အတိုင်း မလှုပ်ဘဲ မျိုးချစ်စိတ် ရှိပြီးလျှင်၊ မိမိလူမျိုးများ အပေါ်တွင် စေတနာထား ညှာတာသော စိတ်များ ထားမည်ဆိုလျှင်လည်း၊ မိမိပိုင်ပစ္စည်းများကို သိမ်းပြီးလျှင်၊ မိမိအား-အပ်နှင်း၍ထားသည့် အခွင့်အရေးများကို ပြန်၍ယူတော်သိမ်းလိုက်လျှင်၊ မိမိကိုယ်တိုင် ဆင်းရဲဒုက္ခဖြစ်မည်စိုးသဖြင့်၊ တစေတစနှင့် ဓနုရှင်များ၏ အလိုသို့ လိုက်၍သွားရလေသည်၊ ထို့ကြောင့်လည်း ဓနုရှင်အမိုးရများ၏ လက်ပါးစေ- အောက်ဆုံးက ကျွန်ကလေးများပင် မိမိတို့ကိုယ်ကို-သခင်တိုင်းပြည်မှ လာရောက်ခါ အုပ်ချုပ်သည့် သခင်ကြီးများဟု ယူဆကြပြီးလျှင်၊ မိမိလူမျိုးအချင်းချင်းကိုနှိပ်စက်ကာလူ ပြုလေ့ ရှိကြလေသည်။ ဤကဲ့သို့သော အဖြစ်အပျက်များမှာ၊ အိုင်ယာလန် ပြည်တွင် သာလျှင် မဟုတ်၊ အိန္ဒိယပြည်-မြန်မာပြည်မှစ၍၊ အင်္ဂလိပ်-ပြင်သစ် ဒတ်ချ်-စသော လက်အောက်ခံနိုင်ငံဖွဲ့၍ထားသည့် ဓနုရှင်တိုင်းပြည်တိုင်း၌ ဤစနစ်အရ လုပ်ဆောင်လေ့ ရှိလေသည်။

ဤကဲ့သို့ နိုင်ငံထက်စီးနင်းလုပ်သည့်အမှုများအပြင်၊ ပရိယာယ်နှင့် လုပ်သည့် လုပ်ငန်းများရှိသေး၏။ မိမိတို့လုပ်ငန်း အောင်မြင်ရန်အတွက် လုပ်ဆောင်သည့် အခါ၊ မတရား

သည့်-တရားသည်ကို ပဓါနမထားဘဲ၊ သုပ်ငန်းအောင်မြင်မှုကိုသာ လုပ်သည်ကိုတွေ့ရလေသည်။ ပမာဆိုလျှင်-ဒိုင်ယာလင်မြည့်အား ၁၉၀၁-ခုနှစ်၊ အင်္ဂလိပ်ဥပဒေအရ ဗဲလင်မြို့တော်တွင်၊ ဒိုင်ယာလင်မြည့်ပါသိမန့် ဖွင့်၍ထားပေးရာ၊ ထိုပါသိမန့်သည် ဘုပုန်များ အခြေ တည်ရာ ဌာနကြီး ဖြစ်၍လာသည်ကို သိရသဖြင့်၊ နှန်းရင်း ဝန်ကြီး-ပစ်ကာ၊ ထိုပါလီမန့်ကို ဖျက်သိမ်းရန်၊ စီစဉ်ရာတွင် ရွှေဒင်္ဂါးတသိန်း အကုန်ခံပြီးလျှင်၊ မဲအများရအောင် ဝယ်ယူပြီးမှ၊ ဒိုင်ယာလင် ပါလီမန့်ကို ဖျက်သိမ်းရလေသည်၊ ဒိုင် ယာ လင် ပါလီမန့်တွင် ရှိသော အမတ်များသည်၊ မိမိတို့၏ အခွင့်အရေးများကို ပယ်ဖျက်လိုက်မှန်းသိလျက်နှင့်၊ မိမိတို့အားသတ်ရန် ရည်ရွယ်သည့်၊ ဥပဒေကို ဝိုက်ဆံ၏မျက်နှာထောက်၍ မဲပေးလိုက်သည်ကို ကြည့်ခြင်းအားဖြင့်၊ နေ့ရှင်များက-ဆင်းရဲသားများအပေါ်တွင် မည်မျှအခွင့်အရေးသာအောင်လုပ်နိုင်သည်ကို သိရှိပေလိမ့်မည်၊

ယခုစစ်ပွဲကြီးဘွင်ရင်း၊ ရှေးအခါက စစ်ပွဲတွင်ရင်း၊ ဓနရှင်များသည့် ၎င်းတို့၏ အရေးနှိမ့်မည်စိုးသဖြင့်၊ တဦးနှင့်တဦး ဂေ့ဘချင်းကင်- ရင်ချင်းအပ် ဆိုသလို အားပေးလေ့ရှိလေသည်၊ စစ်ပွဲများတွင်သာမဟုတ်၊ နေ့ရှင်လုပ်ငန်းများ ကြီးပွါးရေးတွင်၊ ၎င်းတို့မှာ တဦးနှင့်တဦး အလွန်ညီညွတ်လေ့ရှိလေသည်၊ ၎င်းတို့၏ အကျိုးစီးပွါးကို ထိခိုက်မည်ဟု ထင်သောအခါ၊ အင်အားရှိသမျှ ရပေါင်း

ခါ၊ ချစ် ကာကွယ်လေ့ ရှိလေသည်။ သို့ရာတွင် ဆင်းရဲသား များမှာမူကား။ ၎င်းကဲ့သို့သော စည်းလုံး မှုများ မရှိ။ ၎င်းစည်းလုံးမှုများ မရှိခြင်းကြောင့်၊ တနေ့နေ့တွင် မိမိ တို့လည်း အတိဒုက္ခ ရောက်ကြ ရလိမ့်မည် ဟူသော အချက် များ ကိုလည်း မတွေးမိ။ အမှုမဲ့ - အမှတ်မဲ့ နေလေ့ ရှိသဖြင့်၊ မိမိတို့ အရေးမှာ အစဉ့်နိမ့်ကျလျက်ရှိလေသည်။ အင်္ဂလန်ပြည် ပါလီမန်တွင် အိုင်ယာလန်ပြည်-အမျိုးသားပါလီမန် အဖွဲ့ဝင်များသည်၊ အထူးသဖြင့် ဆူပူလေ့ရှိသောကြောင့်၊ လက်အောက်ခံ နိုင်ငံများတွင်၊ အညွန့်ချိုးမှု-နိုင်ထက်စီးနင်း မှုများကို ထိထိရောက်ရောက် မလုပ်နိုင်ဘဲရှိရာ-ပါလီမန် အမတ်-ဓနရှင်တဦးဖြစ်သော မစ္စတာ ရုတ်(စ)သည် အာဖရိကတိုက်ရိုဒက်ရှီးယား ပြည်တွင်၊ ရွှေတွင်း-စိန်တွင်းများကို လွတ်လပ်စွာ တူးယူလိုသောအခါ၊ ၎င်းတူးယူခွင့်ကို ပါလီမန်တွင် မဲထောက်ခံ-မစ္စတာပါနဲလ်-အမှူးရှိသော အိုင်ယာလန်ပြည်သား-အမျိုးသားအမတ်အဖွဲ့အား ဟုမ်းရူးလုပ်ငန်းကို ကြိုးပမ်းအားထုတ်ရန်ဟုအကြောင်းပြပြီးလျှင်၊ ရွှေဒင်္ဂါးတသောင်းကို လှူလိုက်ရကား၊ ရိုဒက်ရှီးယား ပြည်တွင် ကုမ္ပဏီဖွင့်၍ လုပ်ကိုင်စားသောက်ရေးနှင့် ပတ်သက်သောအခွင့်အရေးများကို တောင်းဆိုသည့်အခါ၊ မည်သူတဦးတယောက်ကမျှ မကန့်ကွက်ချေ။ ၎င်းကုမ္ပဏီမှ မစ္စတာရုတ်(စ)ပါ သုံးဦးသော အစုရှင်တို့မှာ- အမြတ်ငွေ ရွှေဒင်္ဂါး-နှစ်သန်းခန့် ရသဖြင့်၊ ဆင်းရဲသားဘက်မှ-အထူး နှစ်

နာခြင်း ဖြစ်ရလေသည်၊ သို့စဉ်အခါက-မည်သူမျှ ဆေးမှုကန့်
ကွက်ခြင်း မရှိသဖြင့်၊ ယခုအခါ ဗိုဒ္ဒါဟ်ဆိုးယားပြည်မှာ
အင်္ဂလိပ် နေ့ရှင်များ ကြီးရိုး၍၊ လုပ်ချင်တိုင်း လုပ်သည့်
စားကျက်ကြီးသဖွယ် ရောက်ရှိရ လေသည်။ ဤကား-နေ
ရှင်များ- ညီညွတ်ကြပုံနှင့် ဆင်းရဲသားများ မညီညွတ်ပုံ
ကို ထင်ရှားစေသည့် သက်သေကြီးများ ဖြစ်လေသည်။

နေ့ရှင်းနစ်သည် ကြီးပေါင်းပင်-ချောင်ပင်ကဲ့သို့၊ အ
ခြားအပင်များအပေါ်တွင် ထွန်းရိုး၍၊ တစ တစ မျိုးသကဲ့
သို့၊ နေ့ရှင်းနစ်မှာလည်း အခြားတိုင်းပြည်များကို မျိုလေ
ရှိလေသည်။ အမျိုခံရသော ပြည်များမှာ-စီးပွားရေး- နိုင်ငံ
ရေး-ပညာရေး- အမျိုးသားရေး- စသည်တို့ ချောက်ခမ်း
၍-လွတ်မြောက်ရေးအတွက်၊ တော်လှန် ပုန်ကန်ခြင်း မပြု
နိုင်ဘဲ၊ ရေပိမ်တွင် နစ်ရလေသည်။ ဘို့ကြောင့်လည်း လူ
ဦးရေ သန်းပေါင်း ၄၅-ကျော်၊ စတုရန်းမိုင် ရှစ်သောင်း
ကျော်မျှရှိသော အင်္ဂလန် ပြည်ကလေးသည် ၎င်းထက်
အဆပေါင်း များစွာ ကြီးသည့် နိုင်ငံများကို မိုင်ပေါင်း
ရှစ်သောင်းကျော်-တသောင်းမှနေ၍-အုပ်ချုပ် နေသည်ကို
၎င်း၊ သြစတြေးလျပြည်၊ ဟော်လန်ပြည်၊ စသော ပြည်က
လေးများပင်လျှင်၊ လက်အောက်ခံ နိုင်ငံကလေးများဖွင့်
၍ထားသည်ကို တွေ့ရှိရပေလိမ့်မည်။ ဤသို့နေ့ရှင် နိုင်ငံများ
မှာ-မြေပိုင်ရှင် ကြီးများ၊ လုပ်ငန်းရှင်ကြီးများ၊ သူဌေးကြီး
များ-ကြီးမှူး၍ အင်ချုပ်နေသည် ပြည်များဖြစ်ရကား၊ ၎င်း
တို့ပိုင်-အရင်း ကုမ္ပဏီကြီး များသည်၊ လက်အောက်ခံ

တိုင်းပြည်တိုင်းတွင် ရှိသဖြင့်၊ ထိုပြည်များတွင် ရှိသော အစိုးရနှင့် ကုန်သည်ကြီးများမှာ-နေရာတကာတွင် ကျော ချင်းကာင်-ရင်ချင်းအောင် ဆိုသလို- တဦးကိုတဦး ကျည်းခါ လုပ်ဆောင်လျက် ပြိုင်ကြခြင်း ဖြစ်လေသည်။သို့ဖြစ်သဖြင့် လက်အောက်ခံပြည်များတွင် ရောက်လာသည့် နိုင်ငံခြား သား ကုန်သည်ကြီးများသည့်ရင်း၊ အစိုးရ အမှုထမ်းများ သည့်ရင်း၊ ရည်ရွယ်ချက်တခုတည်းနှင့် လာကြသူများဖြစ် လေသည်။ရင်းတို့၏ ရည်ရွယ်ချက်မှာ မိမိတို့လာရောက် အုပ်စိုးခြင်း၊ ကုန်သန်းရောင်းဝယ်ခြင်းပြုသည့် ပြည်များမှ ထွက်သည့်စီးပွားဥစ္စာများကို တာ တာ။မိမိတို့ကိုယ်ကျိုး အတွက်၊ ရှာဖွေစုဆောင်း ယူငင်ရန် အတွက် ဖြစ်လေ သည်။ သို့ဖြစ်သဖြင့်၊ ခေတ်ရှင် နိုင်ငံများတွင် ဒီမိုကရေစီ ခေါ်-အများဆန္ဒအရ အုပ်စိုးနည်း စနစ်မှာ-အခန့် အသင့် လောက်သာ ရှိ၍၊ အမှန် အများဆန္ဒနှင့် အုပ်စိုးခြင်း မ ဟုတ်ပေ။ ထို့ကြောင့်-လက်အောက်ခံ နိုင်ငံများကို ဒီမိုက ရေစီ၊လွတ်လပ်ရေး ကိုယ်ပိုင် အုပ်ချုပ်ရေး စသည်ဖြင့် ပေးသည်ဆိုသော စကားများမှာ-လုံးဝ အဓိပ္ပါယ် မရှိ သောစကားများ ဖြစ်လေသည်။ အဘယ့်ကြောင့် ဆို သော်-ဈေးအခါက- လက်အောက်ခံ ပြည်များတွင် အစိုး ရအမှုထမ်းများအဖြစ်ဖြင့် အလုပ် လုပ်သူများသည် အ ရင်းကာရော ငွေကိုလိုချင်တိုင်းရ၍၊ အင်္ဂလန်ပြည်သို့ ပြန် သောအခါ၊ မိမိတို့ လက်တွင်ရှိသော ငွေပင် ငွေရင်းနှင့် အင်္ဂလန် ပြည်တွင် လူတောထဲသို့ ဝင်ပြီးလျှင်၊ ကုန်သည်

အရင်းရှင် ဒါရိုက်တာလူကြီးများအဖြစ်ဖြင့်၎င်း၊ ထို့နောက် ပါလီမန်အမတ် အရွေးခံခြင်းဖြင့်၎င်း၊ အင်္ဂလန်ပြည် ဓနရှင် အကျိုးတို့၊ အကန့်အသတ် မရှိ ဆင်ခြင်တုံ တရားကိုပင် သဘောမပိုက်နိုင်ဘဲ၊ လုပ်ဆောင်ကြလေသည်။ ကိုလိုနီ နိုင်ငံများမှ-ပင်စင်စားများ-အင်္ဂလန်သို့ ပြန်ပြီးလျှင် ပါလီ မန်တွင် ဝင်ရောက်အမှုထမ်းသည်မှစ၍၊ 'မှတ်မိကောင်း ဖြစ်-ဖြစ်မရှုမ်းသော'ဆိုသကဲ့သို့ လက်အောက်ခံ ပြည်များ မှာ-ဒီမိုကရေစီနှင့် လွတ်လပ်ရေးအရသာတို့နှင့် ဝေးချင် တိုင်း ဝေး၍နေလေသည်။ထို့ကြောင့် လက်အောက်ခံ နိုင် ငံများအကြောင်းနှင့် ပတ်သက်၍ ဂျေ-အေ-ဟော့ပဆင်း (J.A. Hopson) ခေါ် ပါလီမန် အမတ်တဦးက ရေးသား ထားသည်မှာ- များသောအားဖြင့်- ကျွန်ုပ်တို့၏ လက် အောက်ခံ အင်ပိုင်ယာ နိုင်ငံများတွင် နေသည့် လက် အောက်ခံနိုင်ငံသားများ၏ လက်ရှိအစိုးရ အခြေအနေမှာ ဗြိတိသျှတို့ နေပုံနှင့် လုံးဝမတူဘဲ- အုပ်ချုပ်ပုံမှာ- လက် အောက်ခံ နိုင်ငံသားများ၏ သဘောအရမဟုတ်၊ အုပ်ချုပ် သူများ သဘောအတိုင်းအုပ်စိုး၍၊ အုပ်ချုပ်ရေးစနစ် တ ပြည်နှင့် တပြည် ကွဲပြား ခြားနားသော်လည်း၊ အရေး အကြီးဆုံး တည်းဟူသော မလွတ်လပ်သည့် နေရာတွင် မူကား-ညီတူ ညီမျှ ခံစားကြသည်ကို တွေ့ရှိရလေသည်။ (The presen t condition of the Goverment under which the vast majority of our fellow-subjects in the Emprire live is eminently un-British, in that it is based, not on the

consent of the Governed, but upon the will of Imperial officials, it does indeed betray a great variety of forms, but they agree in the essential of un-freedom.)

ဤကဲ့သို့ အင်္ဂလန်ပြည်သား အချင်းချင်းက ပင်လျှင်၊ လက်အောက်ခံပြည်များကို၊ အသက်ပါ နည်းအတိုင်း- အုပ်ချုပ်၍နေသည်ဟု ဆိုထားရကား၊ အင်္ဂလန်ပြည်သည် ယခုအခါ ဒီမိုကရေစီအတွက် စစ်တိုက်ရပါသည်။ လွတ်လပ်ရေးအတွက် စစ်တိုက် ရပါသည် ဟူ၍ ပြောဆိုခြင်းမှာ ပြောရုံးပြောစဉ်မျှသာ ဖြစ်လေသည်။

ဤကဲ့သို့ အရေးကြီးသည့်အခါ၊ ဗြိတိသျှ အစိုးရတို့သည် ဂတိအမျိုးမျိုးကို ပေးလေ့ရှိသော်လည်း၊ ၎င်းတို့၏ လိုလားချက်များပြီးမြောက်သည့်အခါ၊ ပွဲပြီး မီးသေဟူသော စကားကဲ့သို့ ထို ဂတိများကို သတိမရကြတော့ချေ။

ဗြိတိသျှနေ့ရှင်များ မိမိတို့အကျိုးအတွက် ပြီးမြောက်သဖြင့်၊ သတိ မေ့တတ်သော်လည်း၊ တသက်လုံး ဆင်းရဲသားများနှင့် ဒိုးတူ-ဘောင်ဘက်လုပ်၍ နေသောသူများသည် ဆင်းရဲသားများ အရေး အတွက်၊ လုပ်ဆောင်ရန် စေလွှတ်လိုက်သည့်အခါ၊ ၎င်းတို့၏ လုပ်ငန်းများကို မေ့ပျောက်၍၊ ၎င်းတို့ကိုယ်တိုင် နေ့ရှင်များ အကြားတွင်၊ စိန်နားဒေါင်းရောင်နှင့် ပါးပြောင် ဆိုသကဲ့သို့ မိမိတို့ကိုယ်တွင်-နေ့ရှင်ကြီးများ အငွေ့အသက်ဝင်၍၊ မိမိတို့ လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများကို၊ မေ့ပစ်လေ့ရှိ

လေသည်။ပမာဆိုလျှင် အိုင်ယာလန်ပြည်အား ဟုမ်းရူး ပေးသည့် ဥပဒေကြမ်းကို တင်သွင်းသည့် အခါတိုင်း- ကန့်ကွက်လိုက်သည့် ပါလီမန် လွှတ်တော်တွင် အိုင်ယာလန်ပြည် အမျိုးသားအဖွဲ့ဝင်များက-မိမိတို့ တိုင်းသူပြည်သားများ မကြေမနှင်ဖြစ်ခါ၊ သူပုန်ထရန် စီစဉ်၍နေသည့် အချိန်တွင်၊ မိမိတို့အား- နှစ်ပေါင်းများစွာ နှိပ်စက်လာသည့်-အင်္ဂလိပ်တို့အား၊ဂျာမဏီနှင့် တိုက်သည့်နေရာတွင် အိုင်ယာလန် ပြည်က-ရှေ့အလုံးအရင်းနှင့် ကူညီပါမည်ဟု၍ အိုင်ယာလန်ပြည်- အမျိုးသား အဖွဲ့ ခေါင်းဆောင်- ဝီလီယံ ရက်(ဒ)မောင် (William Redmond) ကထ၍ ပြောသည့်အခါ- အိုင်ယာလန်ပြည် တပြည်လုံးမှာ-ဒုတ်ဒုတ်ကျက်ကျက်- ဒေါသဖြစ်ခါ-အိုင်ယာလန် အမျိုးသား အဖွဲ့ဝင် အမတ်များအပေါ်တွင် အစိမ်းလိုက် ဝါးစားလိုသော-စိတ်ဆန္ဒများပေါ်ပေါက်၍လာလေသည်။အိုင်ယာလန်ပြည်သားတို့၏ဆန္ဒမှာ-အင်္ဂလန်တို့ ရှေ့ရိုင်းတွင် စစ်တိုက် နေသည့် အခါ၊ 'တောမီးလောင်- တောကြောင် လက်ခမောင်းခတ်' ဆိုသကဲ့သို့ နောက်ပိုင်းက-လွတ်လပ်ရေးကို အရယူရန် ရည်ရွယ်ချက်ရှိသည်သာ မက-အဆင်သင့်ဖြစ်၍လည်း ထားကြ၏။ ၎င်းကြောင့်လည်း ၎င်းတို့ အား၊လွတ်လပ်ရေးကိုမပေးလိုဘဲလျှက်၊မတတ်သာ၍ပေး လိုက်ရလေသည်။မိမိတို့အခွင့်အရေးကို ကောင်းစွာ သိ၍ ပြိဟ်သွားတို့၏စစ်တိုက်ရခြင်း၏ အကြောင်းများကို ကောင်းစွာသိရသော အိုင်ယာလန်တို့သည်၊ယခု စစ်အရေးတွင်

မည်သည့်ထက်မှ-ပါဝင် တိုက်ခိုက်ခြင်း ပြုမည် မဟုတ်ကြောင်းကို အတိအလင်း ထုတ်ပြန် ကြေညာခြင်းဖြစ်လေသည်။ အိုင်ယာလန်ဘို့ ပါဝင်တိုက်ခိုက်ခြင်း မပြုသည်ကို ထောက်ခြင်းအားဖြင့်-ယခုစစ်ပွဲသည် နေ့ရှင်များ စီးပွါးလုသည့် နယ်ချဲ့စစ်ပွဲဖြစ်ကြောင်းကိုထင်ရှားစေလေသည်။ အိုင်ယာလန် ပြည်သာမဟုတ်၊ ဗြိတိသျှ လက်အောက်ခံ အချို့ ကိုလိုနီ နိုင်ငံများကပင်လျှင်၊ ၎င်းတို့ သဘောတူညီချက်မရှိဘဲ၊ ကြေငြာသည့် နေ့ရှင် စစ်ပွဲများတွင် ဝင်ရောက်တိုက်ခိုက်ခြင်း ပြုမည် မဟုတ်ကြောင်းကို ရှေးကနည်းကပင် ကြိုတင်အကြောင်းကြားထားသည်ကို တွေ့ရှိရပေမည်။

ယခုအခါ ဗြိတိသျှတို့သည် ဥရောပတိုက်ရှိ ပြည်များနှင့်-အာရှတိုက်- အာဖရိကတိုက်ရှိ ပြည်များ အားလုံးရှုပေါင်းပြီးလျှင်၊ ဂျာမဏီ၊ ရုရှားစသည့် ပြည်များတို့၊ တိုက်ခိုက်ရန် အဆောင်ဘွဲ့၍ နေသည်သာမက- အမေရိကန်နှင့်တကွ၊ အခြားအမေရိကတိုက်ရှိ ပြည်များကိုလည်း၊ ကျည်းတိုက်ခိုက်ရန် စကားကမ်းလှမ်းလျက် ရှိလေသည်။ ၎င်းတို့၏ စကားကမ်းလှမ်းချက်အရ၊ အချို့ပြည်များမှာ-အင်္ဂလန်ထက်မှ ပါဝင်တိုက်ခိုက်လိုသည့်စိတ်ဆန္ဒများ ရှိကြောင်းကို သိရှိရလေသည်။ အထူးသဖြင့် အမေရိကန် တို့သည် အင်္ဂလိပ်တို့နှင့် ဘာသာချင်းတူ၍၎င်း၊ အမေရိကန် တို့မှာ အမေရိကတွင် သွားရောက်နေသည့် အင်္ဂလိပ်များပင် ဖြစ်ရကား-နေ့ရှင်စနစ်ချင်း တူသဖြင့်၎င်း၊ အင်္ဂလန်ပြည်ဘက်

နှ-ကျည်တိုက်ခိုက်လိုသည့် စိတ်ဆန္ဒများ ပေါ်လွှင်ထင်ရှားလျက် ရှိလေသည်။ အမေရိကန် လူမျိုးများ-အင်္ဂလန်အပေါ်တွင် မေတ္တာသက်ဝင်စေရန် အလို့ငှါ-အင်္ဂလန်တို့က-ငွေမြောက်များစွာ အကုန်ခံပြီးလျှင်၊ အမေရိကန်ပြည်တွင်-အင်္ဂလန် လူမျိုးတို့သည် ခြောက်ပြစ်ကင်း သူတော်ကောင်းများဖြစ်၍ဂျာမဏီလူမျိုးများမှာ လူဆိုး,လူယုတ်မာများ ဖြစ်သည့် အနေရောက်အောင်၊ ရေလဲအမျိုးမျိုးသုံး၍၊ အမျိုးမျိုးသော စာရွက်စာတမ်း-စာအုပ် များကိုထုတ်ဝေသဖြင့်၊ အမေရိကန် ပြည်တွင် ဘာမျှမတွေးစားတတ်သည့် အောက်တန်းစား-လူနုံ့, လူအ, လူနင်းပြားများမှာ-ထိုအစားများကို ဝါဒဖြန့်ဖြူးသည့် စာများမှန်းမသိကြသဖြင့်- ထိုစာများတွင် ရေးသားသည့် အတိုင်း(Gospel Truth) ဂေါ့စပဲလ်တရုသ်- သမ္မာစကား ကဲ့သို့ အမှန်ချည်းသာဟု၍ ယုံကြည်ပြီးလျှင်၊မိမိတို့ အပေါ်၌-လွှမ်းမိုးနေသည့် နေ့ရှင်စနစ်များကို သွယ်ဝိုက်၍ အားပေး၍နေကြလေသည်။ ဤကဲ့သို့ အားပေးလိုသည့် စိတ်ဆန္ဒများပို၍လာကြောင်းကို ရံဖန်ရံခါ-ဗြိတိသျှ စစ်သားများ၊သင်္ဘောသားများ၊ မြင်းသစ် စစ်သားများ ဝတ်ရန်အထည် အလိပ်ရှိကြခြင်း၊ ဆေးဝါးငွေများ လှူကြခြင်းစသည့် အမှုများကိုပြ၍၊အခြား တစ်ဘက်ကို မူကား-တစ်ခုထရာ အားပေးမှုသည်ကို မတွေ့ရချေ။ သို့ရာအခါ-အင်္ဂလန်တို့သည်- ဂျာမဏီကို ထိထိရောက်ရောက် စစ်တိုက်ခြင်းမပြုချေ။ ဟန်ပြလောက်သာ တိုက်ပြီးလျှင်၊ အခြားတစ်ဘက်

တွင် ပရိုသာသယ်စင်ပွဲ တည်းဟူသော လူအင်အားများမှု လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရလေသည်။ ထို့ပြင်တပါး-ဝါဒဖြန့်ဖြူးသည့် ဘက်တွင် ငွေပေါင်းခြောက်များစွာ အကုန်ခံကာ- ဗြိတိသျှတို့၏ ဘက်တော်သား များသည်ထက် များရန် လုပ်ဆောင်လျက် ရှိလေသည်။ဤကိစ္စနှင့် ပတ်သက်၍။ အမေရိက ပြည်တွင် ငွေခြောက်များစွာ အကုန်ခံပြီးလျှင်၊ ဝါဒ ဖြန့်ဖြူးသည့် အထွက်၊စာရေးဆရာတဦးက-အမေရိက ပြည်တွင်၊ အမေရိက သားတိုင်း၏ ခုတင် အောက်၌၊ အင်္ဂလိပ်လူမျိုး တယောက် ရှိသည်ဟူ၍ ရေးသား ပြောဆို လေသည်၊ [There is an English man Underneath every American's bed]၊

၁၉၁၄-ခုနှစ်ကမ္ဘာစစ်ကြီး အတွင်းကလည်း၊ အမေရိက တို့သည် (Neutrality Act.) ခေါ်-ကြားနေရေး-အခြားတိုင်းပြည်များ အရေးတွင် ဝင်ရောက် စွက်ဖက်ခြင်း မပြုရလျှင်ထားရှိ၍ နေရမည်ဟူသော ဥပဒေအထင် အရှားရှိသဖြင့်၊နေရှင်ချင်းဖြစ်သည့်အားလျော်စွာ အင်္ဂလန်လန်ဘက်မှ-ကူညီ တိုက်ခိုက်လိုလျက်နှင့် မတိုက်နိုင်သဖြင့်ရှိရာ-အင်္ဂလိပ် တို့၏ဝါဒ ဖြန့်ဖြူးချက်ကြောင့် တတိုင်းပြည်လုံး အင်္ဂလိပ်ကိုလိုလားနေရသော၊ စာထက်နေ့ရှင်ပါဝင်မန်အမတ်ကြီးများအလိုအတိုင်း အင်္ဂလိပ်ဘက်မှအကူအညီပေးကြ ရသည့်အခြင်း၊ စစ် ပေးမျှ ဝို ၍ တိုက်ခိုက် ပေလေသည်၊ ဒုတိယစစ်ကမ္ဘာစစ်ကြီးအတွင်းက၊ အင်္ဂလန်နှင့်

မဟာမိတ်တို့ဘက်မှ၊အမေရိကန်တို့ ဝင်ရောက် တိုက်ခိုက် ခြင်းမပြုသျှင်၊အင်္ဂလန်အမှုးရှိသော၊မဟာမိတ်တို့သည်၊ ‘ဗါ ဆေ စာချုပ်အရ၊ နိုင်ငံများကို ခွဲဝေယူခွင့်ရကြမည်မဟုတ် ချေ၊စစ်အခြေအနေမှာ၊ အမှန်ပင် တမျိုးတဖုံ ပြောင်းလဲ၍ သွား ဘွယ်ရာရှိသေသည်၊

ယခုအခါ၊ ရုရှားနှင့် ဖင်လန်တို့ စစ်တိုက်၍ နေကြရာ တွင်လည်း အမေရိကန်တို့သည်၊ ဖင်လန်ဘက်မှ ငွေ ချေး ခြင်းအားဖြင့်ဎင်း၊ လက်နက်များ ရောင်းချခြင်းအားဖြင့်ဎင်း၊ အကူအညီပေးလျက်ရှိ၏၊ အမေရိကန်တို့ အကူအညီ ပေးခဲ့ ခြင်း၏အကြောင်းပြချက်မှာ၊ နိုင်ငံတကာစီးနင်း လုပ်နိုင်သည့် အင်အားရှိ သောပြည်ကြီးများက၊ သေးငယ်သော ပြည်များ ကို၊အနိုင်အထက် တိုက်ခိုက်၍ နေခြင်းကြောင့် ဖြစ်သည် ဟူ၍ အကြောင်း ပြ၏၊ အခြား တဘက်တွင်(Neutality Act) ခေါ်–ကြားနေ ရေး ဥပဒေ ရှိသဖြင့်၊ ၄င်း ကဲ့သို့ ကူညီထောက်ပန့်ခြင်းမှာ၊မိမိတို့၏ဥပဒေ ကိုပင်၊ ဆန့်ကျင် ရာရောက်နေသည်၊ဖင်လန်ဘက်မှ အမေရိကန်တို့သွယ်ဝိုက် သော နည်းဖြင့်အားပေးခြင်းမှာ၊ ရုရှားပြည်၏ ဝါဒ ကမ္ဘာ ပေါ်သို့ ပြန့်နှံ့၍သွားမည်ကိုစိုးရိမ်သဖြင့်၊ ကူညီခြင်းဖြစ် သည်ဟူ၍သာ ယူဆဘွယ်ရာရှိသေသည်၊

အမေရိကန်တို့သည်၊ စိတ်ကောင်း စေတနာကောင်းရှိသူ တို့မှန်လျှင်၊ကမ္ဘာစစ်ကြီးပြီးစက၊ နိုင်ငံပေါင်းချုပ် အသင်း ကြီးတွင် မိမိကိုယ်တိုင်ပါဝင်ခါ၊ နိုင်ငံတကာ စီးနင်းမှုများပြု လျှင်၊ နိုင်ငံပေါင်းချုပ်အသင်းဝင်များက၊အင်အားရှိသမျှနှင့် ထိပ်ထိရောက်ရောက် ညီညီညာညာ တိုက်ခိုက်ကြမည်ဆိုလျှင်

မည်သည့်တိုင်းပြည်ကမျှ နိုင်ထက်စီးနင်းမှုများပြုကာ၊ တပြည်နှင့်တပြည် လုယက် တိုက်ခိုက်ခြင်းပြုမည် မဟုတ်ပေ။ သာချမှာမူ၊ အင်္ဂလန်နှင့်ပြင်သစ်တို့အား၊ လက်ဝါးကြီး အုပ်ခါ နိုင်ငံပေါင်းချုပ်အသင်းကြီးကို စိုးမိုးချုပ်ချယ်ခွင့် ပေးရကား၊ တရုတ်ပြည်တွင်၊ ဂျပန် ဝင်ရောက် တိုက်ခိုက်သည့်အရေးတွင်၊ ဂျပန် လွန်သည်ဟု၍ အတိအလင်း အစီရင်ခံချက်ရှိလျက်၊ ဂျပန် အပေါ်တွင်၊ တစုံတရာ အရေးယူခြင်းမပြုသည်ကိုထောက်၍ရင်း၊ ထို့နည်းတူ နိုင်ငံပေါင်းချုပ် အသင်းဝင်များ ဖြစ်ကြသည့် အီတလီ သည် အဘီစီနီးယားပြည်ကို တိုက်ခိုက်သွားကရင်း၊ တစုံတရာ ဝင်ရောက် စွက်ဖက်ခြင်းမပြုဘဲ၊ မိမိတို့အကျိုးကိုသာလျှင် ကြည့်ကာ လုပ်၍နေရကား၊ မည်သည့်တိုင်းပြည်ကမျှ ဤပြည်ကြီးများ အပေါ်တွင်၊ အယုံအကြည်မရှိကြချ၊ အမေရိကန်သည်၊ တဘက်တွင် စစ်ပြေငြိမ်းရေး လုပ်ငန်းများကိုရင်း၊ သဒ္ဒါစိတ်ထားများကိုရင်း၊ ထားကြရန် အမျိုးမျိုး ပြောဆို၍နေသော်လည်း၊ အခြားတဘက်တွင်မူကား၊ မိမိပြည်ဖြစ် လက်နက်များကို၊ ရန်သူမှ ဖြစ်ပွားနေသည့် ပြည်များအား၊ ရောင်းချ၍ နေသဖြင့်၊ အမေရိကန်လူမျိုးတို့၏ စိတ်ထားမှာ၊ ကျီးအာသီးကဲ့သို့ အပြင်တမျိုး-အတွင်းတမျိုး ဖြစ်သည်ကို တွေ့ရှိရပေလိမ့်မည်၊ အမေရိကန် နှင့်အင်္ဂလိပ်တို့မှာ၊ ဖိုးချွတ်နှင့် ကြောင်တဆိုင်းထဲဆိုသကဲ့သို့ချေးစပ်ကြသည့်အပြင်၊ နေ့ရှင်ဝါဒသမားများဖြစ်ကြချကား၊ များသောအားဖြင့်၊ စိတ်အနေအထားမှာ တူကြသည်ကိုတွေ့ရှိရပေသည်၊ အမေရိကန်တို့နှင့်ရည်ကဲ့သို့မျှမသက်ဆိုင်သည့်မြန်မာပြည်တွင်ပင်၊ နေ့ရှင်

စနစ်အရ၊ အမေရိကန်သာသနာပြု ဆရာများ၏ ထက်မြက်ကြောင့်၊ ဗုဒ္ဓဘာသာကရင်နှင့် ခရစ်ယာန်ကရင်ဟူ၍ကွဲပြားခြင်း၊ ကရင်နှင့်မြန်မာ စိတ်ဝမ်းကွဲပြားစေခြင်း၊ ချင်းလူမျိုးအချင်းချင်းကွဲပြားရခြင်း၊ ချင်းနှင့်မြန်မာ ကွဲပြားရခြင်း၊ ရေးအခါက မြန်မာစာများကိုသာ အသုံးပြုသည့်-ချင်း, ကချင်, ကရင်, လူမျိုးတို့အား၊ စာအသစ်ထွင်ပေးပြီးလျှင် လူမျိုးခွဲခြင်း၊ မြန်မာအချင်းချင်း၊ ဗုဒ္ဓဘာသာနှင့်ခရစ်ယာန်ဟူ၍ ကွဲပြားအောင် လုပ်ခြင်း၊ စသော အမှုများမှာ၊ အမေရိကန်လူမျိုးတို့၏ ဆိုးရွားရုံ လုပ်ငန်းများ ဖြစ်သည်ကို တွေ့ရှိရပေလိမ့်မည်၊ မြန်မာပြည်၌သာမဟုတ်၊ အိန္ဒိယပြည် တရုပ်ပြည် မှစ၍၊ တကမ္ဘာလုံးရှိ ပြည်များတွင်၊ အမေရိကန်သာသနာပြုဆရာများ ရောက်သည့် နေရာတိုင်း၊ ညီညွတ်သော လူမျိုး အချင်းချင်း စိတ်ဝမ်း ကွဲမှုများ ဖန်တည်း၍ပေးခဲ့သည်ကို တွေ့ရှိရသဖြင့်၊ ယခုအခါ၊ အတိုင်းတိုင်းအပြည်ပြည်တွင်၊ ခရစ်ယာန်သာသနာပြု ဆရာများအပေါ်တွင်၊ အယုံအကြည်ကင်းမဲ့၍နေသည်ကို၊ တွေ့ရှိရပေလိမ့်မည်၊

ကမ္ဘာစစ်ကြီးအတွင်းက၊ အမေရိကန်တို့မှာ၊ အခြားပြည်များစစ်ဖြစ်၍ နေခြင်းကြောင့်၊ အမေရိကန်ပြည်ဖြစ် ပစ္စည်းများကို၊ နိုင်ငံအသီးသီးသို့၊ ဆထက်တန်ကြိုး တိုး၍ ရောင်းချနိုင်ရခြင်းကြောင့်၎င်း၊ အမေရိကန်လုပ်ငန်းရှင်ကြီးများနှင့် သေနတ် အမြောက် ဗုံးစသောလက်နက်အမျိုးမျိုးကို ရောင်းချရခြင်းကြောင့်၎င်း၊ စီးပွားဖြစ်ထွန်း၍ နေရကား၊ ယခုအခါ၊ အမေရိကန်ပြည်သည်၊ ကမ္ဘာပေါ်တွင် အချမ်းသာဆုံး ပြည်

ဖြစ်၍နေသည်ကိုတွေ့ရပေလိမ့်မည်။ အမေရိကန်ပြည်ကား ကမ္ဘာ ပေါ်တွင် အချမ်းသာဆုံးသော ပြည်ဖြစ်သည်ဟု ဆိုခြင်း အားဖြင့်၊ အမေရိကန်လူမျိုးတိုင်း ချမ်းသာသည် ဟူ၍ မယူ ဆသင့်ချေ၊ နေ့ရှင် လက်ထရပ် သာသာသာထောင်သာလျှင်၊ ချမ်းသာကြ၍၊ အချို့ အဝတ်မှာ၊ စားနိုင် သောက်နိုင် မှု သောအဆင့်အတန်းသာရှိပြီးလျှင်၊ တချို့လူများမှာ၊ လူဆင်းရဲ ပါးများများ ဖြစ်သည်ကို တွေ့ရှိရပေလိမ့်မည်။ ထို့ကြောင့် လည်း၊ အမေရိကန်ပြည်တွင် အလုပ်လက်မဲ့ဖြစ်၍ စားရမဲ့ သောက်ရမဲ့ ဖြစ်၍ နေသူများ၏ ဦးရေမှာ အခြားပြည်များ နည်းတူ၊ သိန်း သန်း ချီ၍ ရှိသည်ကို တွေ့ရှိရပေလိမ့်မည်။

အထက်ပါ အချင်းအရာများကို ထောက်ခြင်းအားဖြင့်၊ စာဖတ်သူများသည်၊ မိမိတို့ဘတ်ရသမျှသောစာများသည်၊ အမှန်ကြီးသာမဟုတ်တဲ့၊ အများကြီးချော်ရင်း၊ အများနှင့် အမှန် တဝက်စီရော ပြွမ်း၍နေသည်ဟူ၍ရှင်း၊ အမှန်ပင်ဖြစ် စေကာမူ၊ မိမိတို့ လိုအင်သည့် အဓိပ္ပါယ်သို့ ရောက်အောင် ဆွဲ၍ ရေးသည်ဟူ၍ရှင်း၊ လူ၏စိတ်ဓါတ်များကို ဆွဲငင်ရန် အတွက် အသုံးချလို၍၊ လူသိများအောင် ဝါဒဖြန့်ဖြူးခြင်း ဟူ၍ရှင်း၊ ယူဆပြီးလျှင်၊ ချင့်ချိန်ပြီးမှ စာများကို ဘတ်ရန် သင့်လေသည်။

## မြန်မာလူမျိုးများ၏နေထိုင်ရေး

ဥရောပတိုက်တွင်၊ မြန်မာပြည်ကိုအုပ်စိုးသည့် ဗြိတိသျှ အမျိုးရှိသော ပြည်များနှင့်၊ ဂျာမဏီ အစရှိသော ပြည်တို့ ၁၉၁၄ ခုနှစ်တွင် စစ်ဖြစ်သည့်အခါ၊ မြန်မာပြည်ကို ဗြိတိ

အသီးသီးတွင်၊ စစ်စရိတ်အဖြစ်ဖြင့်၊ ငွေခေါင်းခြောက်များ ရွာကျိုးအခွန်ရိုင်၊ နယ်ရိုင်၊ မြို့ရိုင်၊ သူကြီး များမှ တဆင့် ရှင်း။(OUR DAY) 'အာဝါဒး' ခေါ်-ကျွန်ုပ်တို့နေ့ ခေါ် သည့်ပွဲများကို ကျင်းပပြီးလျှင်၊ယင်းကိုပင်က ကစားဝါသနာ ပါသည့် မြန်မာလူမျိုးများအား၊အတားအဆီးမရှိဘဲ၊ကစား ခွင့်ပေးထားသဖြင့်၊မြန်မာလူမျိုးတို့ကစားဝိုင်းတွင်ရှုံးသည့် ငွေထဲမှ၊အချို့ဆဝက်ခသော ရာနိုင်နှုံးများ၊ စစ်စရိတ်အဖြစ် ဖြင့်ဗိုလ်ကိုရသည့်ကို တွေ့ရှိရလေသည်၊ ငွေတွင်မကသေး စစ်သားများကိုလည်း ရှာဖွေ စုဆောင်းပြီးလျှင် မြို့ရသေး၏၊ စစ်သားများ အသုံးခံရအား နှင့်လာသည့်အခါ၊ဝိုင်းဝန်းကြို ဆိုကြပြီးလျှင်၊ မီးရထားရုံကြီးများ၌ ညည်ခံပွဲများ ကျင်းပ ကြပြီး ချီးမြှင့်ကြ၏၊ ကောင်းချီး ပေးကြ၏။ အမျိုးမျိုးသော ဆုတောင်းများကိုလည်း တောင်းကြ၏၊ ကျောင်းအသီးသီး တို့ကလည်း၊ တခေါင်းနှင့်တကျောင်း ဂုဏ်ပြိုင်ခါ၊ ကပွဲ များခင်းကျင်းပြသပြီးလျှင်၊ငွေအများဆုံး စစ်စရိတ် ထည့် နိုင်ရန်ကြိုးစားကြ၏၊ ထိုစဉ်အခါက၊မည်မျှ ခံထားရ ရက် ရော ကြသည်ကို၊အကျယ်တဝင့် ရေးသားချပ်ပြ ကုန်နိုင် မည်မဟုတ်ချေ။

ဗျူဒသုရင်နှင့်တကွ၊မြို့တိသျှတိုင်းပြည်၊ရှင်း၏ အင်ပိုင် ပသနိုင်ငံများနှင့် မဟာ မိတ်များအားလုံး၊ ချမ်းသာသုခ နှင့် ပြည့်စုံကြပြီးလျှင်၊ စစ်နိုင်ရန် ဆုတောင်းသီချင်းများ ဆို ကြ၏၊ "ဗျူဒသုရင်ရှေ့ရှိန်း၊ နေ့နှင့်းပမသတူ၊ထီးတရောသရမ့၊ အုပ်မိုးခါယူ၊ ဆရာဖိန်-တေးသီချင်း၊ ဝေးကင်းဆောင်ယူ၊

ဂရိတ်ဗြိတိန်–သာသာကြည်ကြည်ဝိုင်းတို့၊ ဘာလင်–ရှာမန်
တိုင်းကို၊ မဆိုင်းဘဲ–ခအောင်တော်မူ” ဟူသော–သီချင်း ကို၊
လူကြီး–လူငယ်–လူလတ်တိုင်း–အရသာ ခံ၍၊ သီဆိုကြ၏၊
ဘုန်းတော်ကြီးများအားလည်း၊ စစ်ရံပုံငွေထဲမှ၊ ဆွမ်းပင့်၍
ကျွေးပြီးသောအခါ၊ ဗြိတိသျှတို့စစ်နိုင်ကြစေရန်၊ ပရိတ် များ
ရွတ်ပြီးလျှင်၊ ခမေတ္တာပို့ခြင်း၊ ဆုတောင်းပတ္တနာပြုခြင်းများ
ကို၊ စိတ်အားထက်သန်စွာပြုကြ၏။

ထိုစဉ်အခါက၊ မြန်မာလူမျိုးများ၏ စိတ်တွင်းအောက်ယံ၌ အင်္ဂလိပ်တို့စစ်နိုင်လျှင်၊ မြန်မာပြည်ကလည်း၊ တနည်းတဖုံ အားဖြင့်၊ လွတ်လပ်ရေးမရစေကာမူ၊ တနည်းနည်း နှင့် အကျိုး ခံစားရလိမ့်မည်ဟု မျှော်လင့်ခဲ့ကြ၏၊ စစ်တပ်ထဲသို့ ဝင်ပြီး လျှင်၊ စစ်မှုထမ်းသူများကမူကား၊ “သေလျှင်မြေကြီး–ရှင် လျှင်ရွှေထီး” ဆိုသည့်စကားအတိုင်း၊ စစ်ပြီး၍ပြန်လာသည့် အခါတွင်၊ စစ်ဗိုလ်ကြီးများအဖြစ်ဖြင့်၊ စစ်မှုကိုဆက်လက်၍၊ ထမ်းရလိမ့်မည် ဟူ၍ ၎င်း၊ မြို့အုပ်ကြီး၊ ဝန်ထောက်ကြီး၊ အရေးပိုင်ကြီး၊ ခန့်ထားလိမ့်မည်ဟူ၍၎င်း၊ အမျှော်လင့်ကြီး မျှော်လင့်ခဲ့ကြ၏၊ သို့ရာတွင်၊ စစ်ပြီး၍ ပြန်လာသည့်အခါ၊ မျှော်လင့်ခဲ့သည့်အတိုင်း ဘာမျှ မဖြစ်သည့်သာမက၊ စစ် သားများအဖြစ်ဖြင့်ပင်လျှင် ဆက်လက် အမှုထမ်းခွင့်ကိုပင် မပေးတော့ဘဲ၊ စစ်တပ်ကို တခါတည်း ဖျက်သိမ်းလိုက်လေ သည်၊ ထိုအခါ စစ်သားများနှင့်တကွ ၎င်းတို့၏ ဆွေမျိုး သားချင်းများ၏စိတ်ထဲတွင်၊ “ရှိ–အညာခံရပါတဲ့” ဟူ၍၊

တတွတ်တွတ်ပြောဆိုကြပြီးလျှင်၊ စိတ်အပျော်ကြီး ပျော်၍ နေကြ၏။

၁၉၁၈-ခုနှစ်၊ နိုဝင်ဘာလ ၁၁-ရက်နေ့ တွင်(German's Surrender) ဂျာမဏီ လူ မျိုး တို့- လက် နက်ချပြီ ဟူသော ကြော်ငြာချက်ကို၊ မြန်မာပြည်က ကြားသိရသောအခါ၊ တတိုင်းတပြည်လုံးဝမ်းမြောက်ဝမ်းသာ ဖြစ်ကြ၏၊ တတိုင်းပြည်လုံး၏ ဆုတောင်းချက်နှင့်ပြည့်စုံ၏၊ ထိုစဉ်အခါက၊ မြန်မာမင်း၏ ရွှေလက်ထက်တော်ကို မှီလိုက်သည့် လူကြီးများမှာမူကား၊ သတင်းစာ ရောက်သည့်အချိန်မှစ၍၊ အစအဆုံးဖတ်၍ပြီးလျှင်၊ အကြောင်းသည်လို ရှိသည်ဆို၊ "သတင်းစာများ-ဆိုတော့၊ ဟုတ်ကဲ့မဟုတ်ပါဘူး၊ ရေးချင်တာ-ရေးတော့ဓါတဲ့" ဟူ၍-ညည်းညူပြီးလျှင်၊ ၎င်းတို့အဘိုးကြီးအချင်းချင်း စပ်သတင်းနှီးနှောကာ၊ သန်းခေါင်ကျော်သည့်တိုင်အောင်၊ အချိန်ကို ဖြုန်းကြပြီးနေကြသည်လည်း၊ နောက်တနေ့ထွက်မည့်သတင်းစာကိုသာ မျှော်၊ မြော်လင့်တောင်းတနေသည်ကိုသာ တွေ့ရှိရလေသည်။

ထိုစဉ်အခါက၊ အရေးတော်ပုံ မှီလိုက်သည့်အဘိုးအိုကြီးများဆန္ဒတွင်၊ အရှုံးအနိုင်စာရင်းကို၊ ထိထိရောက်ရောက် သိလိုကြ၏၊ ၎င်းတို့၏စိတ်တွင်း၌ ဂိုက်ရှာဘက်ကို အနိုင်ရစေလို၏၊ ဤကဲ့သို့စိတ်ဆန္ဒများရှိသည့်အချိန်တွင်၊ သတင်းစာများ၌ ထိထိရောက်ရောက် အသေအပျောက်စာရင်းနှင့်၊ အရှုံးအနိုင်စာရင်းကိုကြည့်လိုကြ၏၊ သို့ရာတွင်၊ ၁၈၅၄-ခု၊ စက်တင်ဘာလ ၂၀-ရက် နေ့တွင်၊ ရုရှားနှင့် အင်္ဂလိပ်တို့

တိုက် သည့် စစ်ပွဲ၌ ( Battle of Alma ) "အဲလ်မားမြစ် တိုက်ပွဲ"၌၊ အင်္ဂလိပ်ဘက်မှ စစ်သားပေါင်း–နှစ်ထောင်း ငါးထောင် သေဆုံးသည့်အနက်၊ တစ်သောင်းခြောက်ထောင် တို့မှာ၊ စစ်ရှင်းလျှပ်မှု နှောင့်နှေးသည်၍ သေဆုံး ရသည်ဟု၊ "ဖလောရင့်(စ) နိုက်တင်းဂေး (Florenle Nightingale) ခေါ်–သူနာပြု ဆရာမကြီးက၊ စစ်တပ် နောက်သို့ လိုက်ပြီ လျှင်၊သူနာပြုအလုပ် လုပ်ရာ၌၊ အဝေဖြင်း၊ အမျိုး ရောဂါ ဖြစ်ခြင်းတို့ကြောင့် သေဆုံးရကြောင်းတို့၊ ထုတ်ဖော် ပြောဆို ရာတွင်၊ သတင်းစာ၌ ထည့်သွင်း ကူးရေးခြင်း ကြောင့်၊တတိုင်းပြည်လုံးသိသဖြင့်၊ အစိုးရ၏အာဏာတွင်၊ လေးနက်စွာအပြစ်ဆိုကြလေသည့် ထိုအခါမှစ၍၊ စစ်သတင်း များကို၊ မှန်ကန်စွာ မထည့်ဘဲ တာ၍၊ သို့ဖြစ်ရကား၊ စစ် သတင်း အပြည့်အစုံ မကြည့်ရသဖြင့်၊မကြေမနပ် ဖြစ်ကြ ခြင်းကို၊ အပြစ်မဆိုနိုင် ချေ။

မြန်မာပြည်နည်းတူ အိန္ဒိယပြည်ကလည်း၊ ဂန္ဓာရကြီး မှူးခါ စစ်သားများ ရဆောင်းပြီးလျှင်၊ အင်္ဂလန်ဘက်မှ လူအား ငွေအားနှင့် ကူညီခဲ့လေသည်၊ ပထမစစ်အခါက၊ စစ်ကြီးပြီး ၍ အင်္ဂလိပ်တို့ နိုင်သည့်အခါ၊ အိန္ဒိယပြည်ကို ဟုမ်းရူး ပေး လိမ့်မည်ဟု၍ ရိုးသားစွာ ယုံကြည်ခဲ့လေသည်။ သို့ရာတွင် ဂန္ဓာတို့ကူညီမှုကြောင့်၊ဂန္ဓာတို့နေသည့် အိန္ဒိယပြည်နည်းတူ အခြား ပြည်သစ်များသည် အင်္ဂလန်ပြည်၏လက်အောက်သို့ ကျွန်အဖြစ်ဖြင့် ရောက်၍လာလေတော့သည်။ ထိုပြည်များ ကျွန်ဘဝသို့ ရောက်ရခြင်းအတွက်၊ ဂန္ဓာအမျိုးရှိသော နိုင်

ငံရေး ခေါင်းဆောင်ကြီးများသည်း အပြစ်မကင်းကြချေ။ ထို ဦးအခါက စစ်ကြီး ဖြစ်သည့်အခါ၊ အိန္ဒိယပြည်အား ဗြိတိသျှအစိုးရတို့က ဂတိ ပေးသည့်အတိုင်း၊ လွတ်လပ် ရေးမပေးဘဲ လွတ်လပ်ရေးကို ဆူဆူပူပူ တောင်းသည့် သူ များကို နှိပ်ကွပ်ရန် ‘ရောလက်အက်’ (Rowlet Act) ခေါ် ဥပဒေကို ထုတ်ပြန်ကြေငြာလေသည်။ ထိုအခါတွင်မှ ဂန္ဒီ အမှူးရှိသော ခေါင်း ဆောင်ကြီးများ မှာ၊ မိမိတို့ ဖြစ် သမျှကို နောင်တကြီးစွာ ရကြလေတော့သည်။

ထို့ကြောင့် ‘မဲမှန်ဘူးသည့် တသူငယ်’ တည်းဟူသော အိန္ဒိယပြည်သည်၊ ယခုစစ်ပွဲတွင် ဇရုံတရာ ထိထိရောက် ရောက် ကူညီမည်ဟူ၍ ကြွေးကြော်ခြင်းမပြုဘဲ၊ မိမိတို့အား လွတ်လပ်ရေး ပေးမှကူညီသာသျှင်၊ တောင်းဆိုချက် ရှိသည် ကို တွေ့ရှိရလေသည်၊ ၁၉၁၄–ခုနှစ်က အိန္ဒိယ ပြည်သူ ပြည်သားများမှာ၊ မြန်မာပြည်နည်းတူ ရက်ရက် ရောရော အင်္ဂလိပ်ကို ကူညီခြင်း၊ ဆုတောင်းခြင်း၊ မေတ္တာပို့ခြင်း၊ စသောအမှုများကို ပြုကြလေသည်။

ယခုစစ်ပွဲတွင်မူကား အိန္ဒိယပြည်ကလည်း လွတ်လပ် ရေး တောင်းလျှက်ရှိ၏၊ မြန်မာပြည်ကလည်း လွတ်လပ် ရေ တောင်းလျှက်ရှိ၏၊ ပစ်စရိတ်ပေးမည်၊ စစ်သား ရှာပေး မည် ဟု၊ ရှေးကကဲ့သို့ရက်ရက်ရောရော၊ ရှာသူ စုဆောင်း၍ ပေး မည့်သူများ ပေါ်ပေါက်၍ လာသည်ဟု မကြားရချေ၊ လက်အောက်ခံတိုင်းပြည်တိုင်းသို့ပင်၊ ယခုအခါသည်၊ အခါ ကောင်းဖြစ်၍ အင်္ဂလိပ်ပြည် ဒုက္ခရောက်သည့် အချိန်တွင်

နောက်ပိုင်းက 'မြေပြုရာကောင်းမှောက်' ထုပ်ချမည်ဟူ၍သာလျှင် စိတ်ထဲ၌ သဘောပိုက်ဟန်တူလေသည်။ ဤကဲ့သို့ သဘော-မျိုးပိုက်ကြသည့် တိုင်းသူပြည်သားများအားအပြစ်မဆိုသာချေ။ ယခုဆိုလျှင် အိုင်ယာလန်သည်၊ နှစ်ပေါင်းများစွာ ဗြိတိသျှ၏ လက်အောက်၌ ကျွန်အဖြစ်ဖြင့်နေရ၍၊ ၎င်းတို့အား ဟုန်းမွှေးပေးရန် အခါခါတောင်းဆိုသော်လည်း မရခဲ့ချေ၊ သို့ရာတွင်၊ ၁၉၁၄ ခုနှစ် ကမ္ဘာစစ်ကြီးဖြစ်သည့်အခါမှအကြပ်ကိုင်နိုင်သဖြင့်၊ လွတ်လပ်ရေး ကိုရခဲ့လေသည်၊ ဤသည်ကို ထောက်သဖြင့် လွတ်လပ်ရေးသည် ဆုအဖြစ်ဖြင့်၎င်း၊ လက်ဆောင်အဖြစ်ဖြင့်၎င်း ၊ ပေးရန် တောင်း ကောင်းသော အလုပ်မဟုတ်သည်ကို သိနိုင်ပေလိမ့်မည်၊ တောင်း၍လည်း ရိုး ထုံးစံမရှိခဲ့ဘူးချေ။

ဖိဖိနေသည့် တိုင်းပြည် လွတ်လပ်ရေးရရန် တိုင်းသူပြည်သားများ ဝတ္တရားသာဖြစ်၍၊ ထို ကျွန်နိုင်ငံရှိတိုင်းသူပြည်သားကများ သို့လိုချင်ချင်နှင့်၊ ထိပ်ထိပ်ရောက်ရောက် ကြိုးစားလုပ်ဆောင်မှသာလျှင်၊ လွတ်လပ်ရေးကို ရနိုင်ပေလိမ့်မည်၊ အမေရိကန်တို့သည် ဖိဖိတို့အပေါ်တွင် အင်္ဂလန်က အညွန့်ခူးလိုမှုများ လုပ်၍နေသည်ကို မခံမရပ်နိုင်သဖြင့်၊ ဗုန်ကာန်ခြ နေရာတွင်၊ ပြင်သစ်တို့၏ ထောက်ခံအင်အား၊ လူအင်အားနှင့်တကွ၊ အကူအညီများကို ရ-ရကား၊ အမေရိကန် တို့မှာ၊ လွတ်လပ်ရေးကိုရကြလေသည်၊ ဤကားအခွင့်အခါကောင်းကိုကြည့်၍ အမေရိကန်တို့လွတ်လပ်ရေး အရယူခြင်းဖြစ်၏၊ ကြေညာစာရေးသား အင်ပိုင်သာကြီးကို ဂျာမဏီတို့

စတင်တိုက်ခိုက်သောအခါ၊ ဟန်ဂေရီတို့သည်၊ ဩစတြီးယား အောက်မှ လွတ်လပ်ရေးကိုအရယူခဲ့ကြ၏၊ ထို့နည်းတူ ဆားဗ်တဗီတို့သည်လည်း လွတ်လပ်ရေးကို အရယူခဲ့ကြ၏၊ ( Ottoman Empire ) အော့တိုမန် အင်ပိုင်ယာခေါ် တူရကီ အင်ပိုင်ယာကြီးသည်၊ လက်အောက်ခံ ပြည်များကို၊ မနိုင်မနင်းနှင့် ချုပ်ချယ်နေသည့် အချိန်တွင်၊ ဘော်လကန်ပြည်နယ်များသည်၊ အသီးသီးလွတ်လပ်ရေးကို အရယူခဲ့ကြလေသည်။ ကမ္ဘာစစ်ကြီး အတွင်းက ဖင်လန်ပြည်က လေးပင်သျှင်မိခိလွတ်လပ်ရေးကိုဂျာမဏီ၏ အကူအညီနှင့် ရုရှားတို့ထံမှအရယူခဲ့၏၊ ဤကဲ့သို့အခွင့်အခါကောင်း ကြုံသည့်အခါ ခေတ္တဓိတ်ကောင်းများကိုသည်းရှာရန်လိုသဖြင့်၊ ပေါ်ဓိတ်ကောင်းရှာ၍မတွေ့သျှင်၊ လွတ်လပ်ရေးအောင်ပန်းကို ရ—ရန် အခွင့်ထသိပင်ခဲ့ပြီးသည်ကိုတွေ့ရှိရပေလိမ့်မည်၊ ထိုရာတွင် များသောအားဖြင့်၊ အကူအညီမှာ အလို အလျောက် ဆပ်ပေါက်၍သာတတ်သည်ကို တွေ့ရလေသည်။

ဥပမာ ဆိုလျှင် ၁၉၁၄-ခုနှစ် ကမ္ဘာစစ်ကြီးအတွင်းက အာရေဗျား ပင်လယ်တဝိုက်ရှိ ထိုအခါ အီရက်ခေါ်–မဆိုပိုတေးမီးယား၊ အေရှားမိုင်းနား၊ အာရေဗျ၊ ပါလက်စတိုင်း စသော ပြည်များကို အင်္ဂလိပ်တို့က တူရကီတို့၏ လက်အောက်မှ လွတ်မြောက်ရန် ထုတ်၍ပေးမည်ဟု ဆိုပြီးလျှင်၊ လက်နက်အင်အားနှင့် ငွေအင်အား ထောက် ပန့်ရန် ဝန်ခံလိုက်၏၊ ထိုပြည်ရှိတိုင်းသူပြည်သားများ၏တာဝန်မှာ ၄င်းတို့အပေါ်တွင် အုပ်စိုး၍နေသည့် တူရကီ အမိုးရအား

ရခဲ့ကြောင်းဖော်ပြထားကြလေသည်။ ထိုစဉ်အခါက ထိုအာရပ်တွင်နေကြသောလူမျိုး များ၏ကိုယ်စား ခေါင်းဆောင်ဖြစ်သူ ဟူစိန် ဂျာ၊ ဓာရှင်ကို လက်အောက်ခံအဖြစ် ထားရှိရာ အင်္ဂလိပ်တို့က ၎င်းတို့၏ လက်အောက်တွင် ကျွန်နိုင်ငံများအဖြစ်ဖြင့် ထားရှိခြင်းကို စိုးရိမ် သောကြောင့်၊ ရတိုင်ဖြတ် ထိုင်း လက်ကလွှတ်-ဖွန်ဖွန်လက် ကလွှတ် ဘိမ်းမဖြစ်သေအောင် အင်္ဂလိပ်တို့ထံမှ ဂတိခံ ဝန်ချုပ်ကို တောင်းသောအခါ၊ လွှတ်လပ်ရေးကို ရပါစေ မည်ဟူ၍၊ အင်္ဂလိပ်တို့၏ကိုယ်စား အီဂျစ်ပြည်မှ မဟာဝန် ရှင်တော် မင်းကြီး (Sir Mac Mahon) ဆာ-မက်မဟွန် တို့ သဘောတူညီချက် လက်မှတ် ထိုးလေသည်။

ဤကဲ့သို့ လက်မှတ် ထိုးပြီးသောအခါ၊ အာရပ် တို့မှာ အင်္ဂလိပ်တို့အပေါ်တွင် အထူးယုံကြည်ကိုးစားချက် ရှိကြ၏။ သို့ရာတွင် အာရပ်တို့နှင့် ချုပ်သည့်စာချုပ်မှာ မှင် မခြောက်မီ အင်္ဂလိပ်-ရုရှား-ပြင်သစ်၊ သုံးဦးလက်မှတ်ထိုးပြီး လျှင်၊ ထိုတူရကီ လက်အောက်မှ လွှတ်မြောက် လာသည့် ပြည်များကိုခွဲဝေယူကြရန်သဘောတူကြလေသည်။ ဤသည် ကို ထောက်သဖြင့်၊ နယ်ချဲ့နိုင်ငံကြီးသားများသည် စာချုပ် များကို စက္ကူစုတ်ဟူ၍ သဘောထားကြောင်းနှင့် ဂတိ စကားများကို ပြီးပြီးပြောက်ပြောက် အလျော်သင်း ပြော သည့် စကားသွားကဲ့သို့ ယူမှတ်ထားရှိသည်ကို သိနိုင်ပေ လိမ့်မည်။ စစ်မပြီးမီ ရုရှားတို့ထွက်ခွာသွားသဖြင့်၊ ထိုဝေစု ခွဲဝေမှု လုပ်ငန်းမှာ အထမမြောက်ဘဲ ရှိခဲ့လေသည်၊ ထို့ ကြောင့် ပါလက်(စ)တိုင်းပြည်မှသည်၍ အခြားပြည်နယ်များ

မှာ အသီးသီး အတိုက်အခံခြေဒွာဆိုပြီးမှ လွတ်လပ်ရေး ရကြ၍၊ ပါရစ်(စ)တိုင်းပြည်တိုမှုကား၊ အင်္ဂလန်အစိုးရ တို့က ကပ်ကပ်သတ်သတ် ဖဲ့၍ယူ ထားလိုက်သဖြင့် ယခုထက်တိုင် ဗြိတိသျှ၏ လက်အောက်တွင် ကျွန်အဖြစ်ဖြင့် နေကြရသည်ကို တွေ့ရပေလိမ့်မည်၊

ဤသည်ကိုထောက်သဖြင့်၊ လွတ်လပ်သော တိုင်းပြည်အနေနှင့်နေရမှု၊ ကျွန်နိုင်ငံအဖြစ်ဖြင့်၊ နေရမှုတို့မှာ၊ အချိန်ကာလ ရွေ့ခြင်းခေါ်နှင့်၊ တိုင်းသူပြည်သားများ၏ စိတ်ဆန္ဒများ အပေါ် တည်၍နေသည်ကို တွေ့ရှိရပေလိမ့်မည်၊

ဗြိတိသျှတို့ ဆိုလိုမှာမှုကား၊ မိမိတို့တိုက်ခဲ့ကြသည့် စစ်ပွဲများမှာ တိုင်းသူပြည်သားများ အကျိုးထက်၊ အထက်တန်းစား နယ်ရှင် ဓောဒ်ဓကျော့များအတွက် အကျိုးက ရှိမိ-များဖြစ်ခဲ့သည်။ ထိုမှတပါး နယ်ရှင်စနစ်နှင့် လက်အောက်ခံ နိုင်ငံများကိုဖွင့်ခါ၊ အုပ်စိုးမှုများကို ကမ္ဘာ တဝှမ်းလုံးတွင် လူကြိုက်ပါး၍ နေပြီဖြစ်ရကား ထံမျိုးတမည်ပြောင်းလဲရန်လိုပေလိမ့်မည်၊ အကောင်းဆုံးနည်းလမ်းမှာမိမိတို့ ပြည်တွင်းပစ္စည်းများကို အခွန်အကောက်မရှိဘဲ လွတ်လပ်စွာ ထင်ရ ရောင်းချပြီးလျှင်၊ထို ကုန်သန်းရောင်းဝယ်မှုကိုသာလျှင်၊ မိုးသားဖြောင့်မတ်စွာ အခြားတိုင်းပြည် များနှင့်၊ ဆက်ဆံရန်သင့်ပေသည်။ သို့မဟုတ်မူ၍သာရာအတိုင်းအတိုင်းတိုင်းအပြည်ပြည်ကာရနိုင်သည့်လက်အောက်ခံ နိုင်ငံများကိုဖွင့်ပြီးလျှင်၊ နိုင်ငံထက်စီးနင်းမှုများပြုခါ၊အညွန့်ချိုး၍နေကြမည်ဆိုလျှင်၊ ဤကဲ့သို့နယ်ရှင်စနစ်ပဲကြီးမှ မလွတ်နိုင်ကြတော့ဘဲ၊ အားလုံးသောပြည်များပျက်စီးမှုသာလျှင်၊ ငြိမ်

ချုပ်ရေးကို ရမည့်အခြေသို့ရောက်၍နေလေသည်။ ထင်ရှားသော သတင်းစာများ၊ အကယ်၍ အင်္ဂလန်နှင့် မဟာမိတ်တို့သည်၊ ဗာဆေးစာချုပ်အရ၊ တိုင်းပြည် နိုင်ငံသစ်များကို မိမိတို့လက်အောက်သို့ သွတ်သွင်းပြီးလျှင်၊ ရန်သူဖြစ်သော တန်ခိုးကြီးနိုင်ငံများကို ဖိနှိပ်ချုပ်ချယ်ကာ၊ မိမိတို့သာလျှင် နေရာတကာတွင် အညွန့်ခူးခြင်း၊ လုယူစားသောက်ခြင်း၊ စီးပွါးရှာခြင်းအမှုများကို မပြုမူဘဲ၊ လွှတ်လပ်စွာ ကူးသန်းရောင်းဝယ်မှု၊ လွှတ်လပ်စွာ ပင်လယ်များကို အသုံးပြုမှု၊ တိုင်းပြည်အသီးသီးအား မိမိတို့တိုင်းပြည်အရေးကို ကိုယ်တိုင် ပြဋ္ဌာန်းနိုင်ခွင့်များကိုပေး၍သွားမည်ဆိုလျှင်၊ ယခု အခါကဲ့သို့သော စစ်ပွဲကြီးမျိုး ပေါ်ပေါက်လာမည် မဟုတ်ချေ။

ထို့ကြောင့် အင်္ဂလန်တို့သည်၊ စစ်ကိုက်စဉ် အခါက၊ ယခုစစ်ပွဲမှာ တိုင်းပြည် အသီးသီး၏ လွှတ်လပ်ရေးနှင့်၊ ဒီမိုကရေစီခေါ် အများဆန္ဒအတွက် တိုက်၍နေရပါသည်၊ ဟူ၍ပြောဆိုခဲ့ရာ၊ မိမိတို့ပြောဆိုသည့်စကားနှင့်ညီညွတ်ရန် အလို့ငှာ၊ လက်အောက်ခံ တိုင်းပြည်များကို သဘောကြီးကြီး ထားပြီးလျှင်၊ လွှတ်လပ်ရေးကို ပေးမည်ဆိုက၊ ဗြိတိသျှတို့အပေါ်တွင်၊ လောကလူသုံးက အယုံအကြည်တိုး၍လာပြီးလျှင်၊ ယခုစစ်ပွဲကြီးနှင့် မိတ်ရောက်ကိုယ်ပါ ဗြိတိသျှတို့ဘက်မှ၊ ကူညီ တိုက်ခိုက်သွယ်ရာ ရှိလေသည်၊ သို့ မဟုတ်မူ၍ လက်အောက်ခံ တိုင်းပြည်များ အား ဖြေးကနည်းတွေ၊ ပရိယာယ်စကားများသုံးခါ၊ ဆက်လက်၍ ပြုမှုနေပါမူ၊ လက်အောက်ခံပြည်များမှာ၊အရေးကြုံသည့်အခါ၊ မရ-အရ၊ တနည်းနည်း လွှတ်မြောက်အောင် ကြိုးစား ရပ်

ဆောင်ကြဉ်ပေလိမ့်မည်။ ထိုသို့တွက်ရသည့်အခါ၌ မိတ်ဆွေ အဖြစ်ခံ၍ ၊ မတွက်ရဘဲ ရနိုင်သူအဖြစ်ဖြင့်၊ တွက်ကြရမည်ဖြစ် သဖြင့်၊ နောင်လက်အောက်ခံပြည်သူများ၏ အကျိုးအညီ လို သည့်အခါ မရဘဲရှိပေလိမ့်မည်။ ။ထို့ကြောင့်(Barrets of Wampole Street) ဝင်ပိုလ်မှ ဘားရက်ဇ်အိမ်သား များကဲ့သို့ ဘခင်ဖြစ်သူက သားသမီးများ အင်္ဂါတွင် နိုင် ထက်စီးနင်း ကြပ်တည်းစွာ ချုပ်ချယ်ထွန်းရကား၊ သား သမီးများမှာ၊ မခံနိုင်သည့်အဆုံး၌ တခေါက်ပြီးတခေါက် ဘခင်ကိုရွှန့်ပစ်ခဲ့၊ နေအိမ်မှ ထွက်သွားကြသဖြင့်၊ ဆင်းရဲ ဒုက္ခရောက်ရသည့် ဘားရက်ဇ်အိမ်သားတို့ ဘခင်၏ ပုံသွင် ကဲ့သို့ ဖြစ်မည်ကို သတိပြုသင့်ပေသည်။

---

## အမှာစကား။

ကျွန်ုပ်သည် ဤစာအုပ်ကိုရေးစဉ်အချိန်တွင် ကောင်းစွာ ကျန်းမာခြင်းမရှိပါ။ ထိုမှတပါး— အမှီသဟဲပြုရန် စာအုပ် များကိုသိုသေဝေတက်လက်လွှင့်ခဲ့ရသဖြင့်၊ တအုပ်မှာ ပြည့်စုံ သင့်သလောက် မပြည့်စုံနိုင်ချေ။ ဤစာအုပ်ရေးရခြင်း၏ရည် ရွယ်ချက်မှာ မြန်မာလူမျိုးများ မိမိတို့အခြေကို သိရန် အ တွက် ဖြစ်၍ လွတ်လပ်ရေးကို အခွင့်အခါ အားလျော်စွာ၊ ရယူနိုင်ရန်အလို့ငှါ၊ ရေးသားခြင်းဖြစ်ပေသည်။

ဤစာအုပ် ရေးရာတွင်၊ အောက်ပါ စာအုပ် များကို အမှီသဟဲပြု၍ ရေးသားရပေသည်။ "စတူးဝတ်ချေ့စ်" (Stuart Chase) ရေးသော (The Tragedy of Waste) ခေါ် 'အသုံးမဲ့သဘောဖြုန်းတီးခြင်း၏အဖြစ်ဆိုးကြီး' ခေါ် စာ

ခုရ်၊'ဂျီ-ဒီ-ဗအိပ်ချ်-ကိုးလ်' (G.D.H. Cole) ရေးသော (War Aims) 'စစ်ရည်ရွယ်ချက်'ခေါ် စာအုပ်၊ 'ဆိုင်းမွန်းဟက်ဇေး' ( Simon Haxey ) ရေးသော (Tory M.P.) "နေရှင်အစွဲဝင်ပါလီမန်အမတ်"ခေါ် စာအုပ်၊ "အေ-အယ်လ်-မော်တင်" ( A.L.Morton) ရေးသော ( A Peoples' History of England )'အင်္ဂလန်ပြည်ရာဇဝင်လက်ဆွဲ' ခေါ် စာအုပ်၊ 'ဗီ-ဂျီ-လင့်စ်' (Vigilantes) ရေးသော (Between 2 Wars)'စစ်နှစ်ခုစပ်ကြား'ခေါ် စာအုပ်နှင့်အခြားမှတ်ရ မှတ်ရာ စာအုပ်များမှ ကောက်နုတ်ချက်များဖြစ်၍၊ စာဘက်သူတို့၏ ဗဟုသုတအလို့ငှါ၊ ရေးသားခြင်း ဖြစ်ရာ၊ စာဘတ်သူတိုင်းသည်၊ဤစာအုပ်ကို ဘတ်ရင်း လွတ်လပ်ရေးကို အမှန်လိုချင်တပ်မက်သည့်၊ စိတ်များပေါ်ပေါက်လာရန်အတွက် ရေးသားခြင်း ဖြစ်ပေသည်၊

ဤစာအုပ်ရေးသားရာ၌၊ဖေဘီယံဆင်းရဲသားအကျိုးဆောင်အသင်း၊အလုပ်သမားသွေးနည်းရေးအကျိုးဆောင် ကိုအောင်သင်း၏ အကူအညီဖြင့်ရေးရသဖြင့်၊ မှတ်ရ-မှတ်ရာများ ရှာဖွေရဆောင်းပေးခြင်း၊ စာများကို ပွန်းမန့်ပြင်ဆင်ပေးခြင်း အတွက်၊ ကိုအောင်သင်းအား အထူးကျေးဇူးတင်ပါကြောင်း၊

ဤစာအုပ်သည် မြန်မာလူမျိုးများ မိမိတို့ ကျွန်ဘဝမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ရှာပ်ဆောင်ရာ လမ်းကြောင်းအတွက်၊ အထောက်အပံ့ ဖြစ်ပါစေသတည်း၊

ဘနိုင်

၁၃၀၁-ခုနှစ် တပို့တွဲလဆုတ် ၉-ရက်၊

---

# ကျွန်ုပ်တို့၏ ဇူ-လ ခရီး။

ကျွန်ုပ်တို့သည်၊ ဇူ-လ အတွင်း အောက်ပါစာအုပ်များ ကို ထုတ်ဝေခဲ့ပြီးဖြစ်ပါကြောင်း။

## လစဉ်ထုတ်။

၁။ စနေရှင်လောက (အဟိန်း) အဘိုး ၈ပဲ။ ရနိုင်သေးသည်။
၂။ ဥစ္စာမျက်းတမ်း (သာဓုန်း) ၈ပဲ။ ရနိုင်သေးသည်။
၃။ မမှုတောင်လွန်မှု (သခင်နိုး) ၈ပဲ။ အဘိုးရှိသိမ်းပြီး။
၄။ နိုင်ငံရေးရှင်တမ်း (ဦးထွန်းသန်း) ၈ပဲ။ ရနိုင်သေးသည်။
၅။ စစ်သူကျွန်များ (အရာဟိန်နှင့်ခင်မျိုးချစ်) ၈ပဲ။ ကုန်ပြီ။
၆။ စစ်အတွင်းရေး (သာဓုန်း) ၈ပဲ။ ရနိုင်သေးသည်။
၇။ မက်စစ်ပေါ်ပြ (အကလေး) ၈ပဲ။ ရနိုင်သေးသည်။
၈။ ဂျာမဏီအတွင်းရေး (ဦးအုန်) ၈ပဲ။ ရနိုင်သေးသည်။
၉။ အလုပ်သမားလောက (သခင်နိုး) ၈ပဲ။ ရနိုင်သေးသည်။

## အထူးထုတ်များ။

၁။ ကမ္ဘာ့စစ်နှင့်မြန်မာနောင်ရေး (အဟိန်း) အဘိုးရှိသိမ်းကြ။
၂။ နဂါးနီ (သာဓုန်း) နောက်ထင်အမိန့်မှာမဖြင်းမထုတ် နိုးရသာ အမိန့်ထုတ်ထားသည်။
၃။ ဂျာမန်နှင့်မြေလွမ်း (သိန်းဖိုက်) ၄ပဲ။ ရနိုင်သေးသည်။
၄။ မာတာဟာရီ (တက်တိုး) ၆ပဲ။ ကုန်ပြီ။
၅။ စစ်နောင်ကြီး (ခင်မျိုးချစ်) ၆ပဲ။ ရနိုင်သေးသည်။

မြန်မာပြည်စာအုပ်ဖြန့်ချိရေးဌာန၊
၁၇၇-၂၆၈၊ ဘိုးဆိုးထောင်း၊ ရန်ကုန်မြို့